# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုန္တြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ကုန္ဒြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

ယမကဝဂ် (ဓမ္မပဒ - ၈)



၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၃၃)


# မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Kai Mykkanen နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တွေ့ဆုံ**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဒီမိုကရေစီနည်းလမ်းတကျစီမံအုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေး၊ သဘာဝသယံဇာတများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ပညာရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Kai Mykkanen တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နွေရာသီကာလ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေး ဆောင်ရွက်နေသည်ဟု သိရ

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်အလိုက် တိုးတက်လာသောဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုကဏ္ဍသုံးရပ်အား ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နွေရာသီကာလ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"နွေရာသီမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေဖို့အတွက် လက်ရှိရှိနေတဲ့စက်တွေကို စက်စွမ်းအင်ပြည့် လည်ပတ်နိုင်ရေး စက်တွေပြင်ဆင်တာကို ဦးစားပေးဆောင်ရွက်နေပါတယ်။ နောက်ပြီး နွေရာသီကာလမှာ ဓာတ်အားအလုံအလောက်ပေးနိုင်ဖို့ မနှစ်ကလည်း ရာသီဥတုအခြေအနေပေးတဲ့အတွက် ရေကန် Level တွေ မျှော်မှန်းထားတဲ့အတိုင်း

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## မြန်မာနှင့် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ပူးပေါင်းရေး ဆွေးနွေး

စာမျက်နှာ-၃

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

စာမျက်နှာ-၄


ငွေစုချင်သူများအတွက်

အထူးအစီအစဉ်

FIXED DEPOSIT

FOR THREE MONTHS

10% p.a

INTEREST

AGDBANK

Asia Green Development Bank Limited.

(၃၁-၃-၂၀၁၇)ရက်အထိ ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှင့်အထက် (၃)လတိတိအပ်နှံသူများ ခံစားခွင့်ရှိပါသည်။

Tel: 01-23 99 333

မြန်မာ့အလင်း

# ဟန်ချက်ညီပြည့်စုံသော မူဝါဒ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် ခေတ်အဆက်ဆက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လုံလောက်သော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်ခဲ့သည်မှာ ထင်ရှားသော မူဝါဒအလွဲအမှားတစ်ခုဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်နိုင်စွမ်းသည် အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်နေခဲ့ပြီဖြစ်ပါသည်။ တစ်နေ့စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအပေါ် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံတချို့တို့ကို နှိုင်းယှဉ်ကြည့်ပါက ဤကွာဟချက်ကို ထင်ရှားစွာတွေ့ရှိရမည်ဖြစ်ပါသည်။ တစ်နေ့ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းချင်း နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံက ဆန်စပါး ၂၃ ကီလိုဂရမ်သာ ထုတ်လုပ်နိုင်သော်လည်း ကမ္ဘောဒီးယား နိုင်ငံက ၆၂ ကီလိုဂရမ်၊ ဗီယက်နမ်နိုင်ငံက ၄၂၉ ကီလိုဂရမ် ၊ထိုင်းနိုင်ငံက ၅၄၇ ကီလိုဂရမ် ထုတ်လုပ်နိုင်သည်ဖြစ်၍ ကြီးမားသောကွာဟချက်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဤသည်မှာ လူထုအစိုးရသစ်ဆက်ခံခဲ့ရသော သမိုင်းအမွေဖြစ်ပါသည်။

အဆိုပါ သမိုင်းအမွေမှ ရုန်းထွက်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရန် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ ရင်ဆိုင်ရလျက်ရှိသော ပြဿနာတို့သည် အခြေခံကျ၍ နက်ရှိုင်းသော သမိုင်းကြောင်းရင်းခံတို့ တည်ရှိနေပါသည်။ ပစ္စုပ္ပန်ကာလတွင် ကြုံတွေ့ရလျက်ရှိသော လယ်ယာလုပ်သားရှားပါးမှုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကပင် စတင်မြစ်ဖျားခံ တည်ရှိခဲ့ပါသည်။ မှောင်ခိုစီးပွားရေးဟု ခေါ်ဆိုခဲ့သော တရားမဝင်စီးပွားရေး ကျယ်ပြန့်လာသည်နှင့်အတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် စီးပွားရေးမူဝါဒဆိုင်ရာအလွဲအမှားတို့ကြောင့် စီးပွားရေးအကျိုးအမြတ်အရ ဆွဲဆောင်မှုမရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာလုပ်သားရှားပါးမှု စတင်ဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လယ်သိမ်းမြေသိမ်းကိစ္စရပ်များသည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပေါ်တည်ရှိခဲ့သည်သာမက စာရင်းဇယားစနစ်ကျ ပြည့်စုံမှုမရှိခဲ့ခြင်းကြောင့် ခက်ခဲသိမ်မွေ့စွာ ဖြေရှင်းရမည့် ပြဿနာများ ဖြစ်ပါသည်။ ခေတ်အဆက်ဆက်စိုက်ပျိုးရေးကဏ္ဍ၌ လုံလောက်သော ရင်းနှီးမြှုပ်နှံမှုတို့ မပြုလုပ်ခဲ့သောကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာစိုက်ပျိုးရေးစရိတ် မလုံလောက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းမလုံလောက်ခြင်း၊ စိုက်ပျိုးရေးနည်းပညာ ဗဟုသုတတို့ကို စဉ်ဆက်မပြတ်ပံ့ပိုး ဖြန့်ဝေနိုင်မှုမရှိခြင်း၊ ဈေးကွက်ဗဟုသုတ ခေါင်းပါးခြင်း အစရှိသော ပြဿနာမျိုးစုံကိုရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

တင်ပြလိုသည်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ရမည့် အနေအထားမျိုးရှိနေခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးပညာရှင်များနှင့် စီးပွားရေးပညာရှင်တို့၏ အကြံဉာဏ်များကိုသာမက တောင်သူလယ်သမားတို့၏ ခံစားချက် အမြင်သဘောထားများကိုပါ ရယူရန်လိုအပ်ပါသည်။ သို့မှသာ ဟန်ချက်ညီ ပြည့်စုံသော မူဝါဒတစ်ရပ်ရရှိမည်ဖြစ်ကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေလေ့လာစို့**

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




**စည်းလုံးမှု ပုံရိပ်၊**
**ညီညွတ်မှု စိတ်ထား**
**ပြည်ထောင်စု၏**
**နှလုံးသား။**

**ငြိမ်းချမ်း ချစ်ကြည်၊**
**တွဲလက်ညီ**
**ပြည်ထောင်စုသား**
**သွေးချင်းများ။**

## စာမူရှင်များသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့် ဓာတ်ပုံများအတွက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ်မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့်စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအတွက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန် ဖုန်းနံပါတ် ၀၁-၅၄၄၃၁၄၊ စာတည်းမှူး (သတင်းထောက်ချုပ်) ဖုန်း-၀၁-၅၄၁၂၇၁ သို့ ဆက်သွယ်ထုတ်ယူဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့်နည်းလမ်းများတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်(မြန်မာ့အလင်းသတင်းစာတိုက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်






**နေပြည်တော် ဖေဖော်ဝါရီ ၉**
ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူငယ်များ၏ "ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း" "Panglong Peace Talk" အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀မှ စတင်၍ MRTV ရုပ်သံလိုင်းနှင့် Myanmar State Counsellor Office Facebook Page တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံတက်ရောက်စဉ် စာဖတ်ခဲ့သော ညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူငယ်များ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနား(ပင်လုံ)တွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)






# မြန်မာနှင့် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ပူးပေါင်းရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ဒုတိယအကြိမ် (၂+၂)အဆင့်မြင့်ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ ဦးဆောင်၍ လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Liu Zhenmin နှင့် ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးချုပ်ရုံး၊ ဒုတိယစစ်ဦးစီးချုပ် Major General Shao Yuanming တို့ ဦးဆောင်၍ လည်းကောင်း တက်ရောက်ခဲ့ကြသည်။

### အလေးပေးဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံဘက်မှ အပြုသဘောကူညီပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသအခြေအနေ ပြန်လည်တည်ငြိမ်မှုရရှိရေး၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအကျိုး ဖော်ဆောင်ရေး အပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အလေးပေးဆွေးနွေးခဲ့ကြသည်။

### သဘောတူညီခဲ့ကြ

ထို့အပြင် နယ်စပ်ဒေသစီမံခန့်ခွဲရေး၊ တရားမဝင်လူဝင်/လူထွက်ကိစ္စ တားဆီးရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ တရားမဝင် ကုန်သွယ်မှုများတားဆီးရေးတို့တွင် ပိုမို ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အဆင့်အသီးသီးနှင့် ကဏ္ဍအသီးသီးရှိ ဆက်ဆံရေးယန္တရားများအရ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန်၊ နှစ်နိုင်ငံ နယ်နိမိတ် မြစ်/ချောင်းများ ထိန်းသိမ်းကာကွယ်ရေးတွင် ကမ်းပြိုမှု မဖြစ်ပေါ်ရန်၊ မြေထိန်းနံရံများ တည်ဆောက်ရာတွင် နယ်နိမိတ်စာချုပ်၌ ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် နှစ်ဖက်လိုက်နာရမည့် လုပ်ငန်းလမ်းညွှန်ချက် ရေးဆွဲရေးကိစ္စရပ်များကိုလည်း ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Hao အား Haigeng Garden ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Shun က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

### ကျင်းပ

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများ ဦးဆောင်သည့် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲသည် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်၍တည်ထောင်ထားသည့် ဗဟိုအစိုးရအဆင့် နှစ်နိုင်ငံဆွေးနွေးမှု ယန္တရားတစ်ခုဖြစ်ပြီး ပထမအကြိမ်ဖော်ပြပါအစည်းအဝေးကို နေပြည်တော်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)မှ ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်စုံစမ်း၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင်ထုတ်ပြန်ခဲ့သည့် Interviews with Rohingyas fleeing from Myanmar since 9 october 2016 အစီရင်ခံစာနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ယင်းစွပ်စွဲချက်များကို စစ်ဆေးလျက်ရှိကြောင်း ရခိုင်ပြည်နယ် အခြားကိစ္စများနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များကို တရားဥပဒေစိုးမိုးရေးဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် ညီညွတ်စွာဆောင်ရွက်ရန်နှင့် အင်အားအလွန်အကျွံ သုံးခြင်းမပြုရန် ညွှန်ကြားထားကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိပါက ဖောက်ဖျက်ကျူးလွန်သည့်မည်သူကိုမဆို အစိုးရက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့်လည်း အဆိုပါနယ်မြေရှင်းလင်းရေးနှင့် ပတ်သက်သည့် စွပ်စွဲမှုများအပါအဝင် စွပ်စွဲချက်အားလုံးကို မှန်ကန်မှုရှိ၊ မရှိ စိစစ်သွားမည်ဖြစ်သည်ဟု ပါရှိကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲစခန်းသုံးခုကို နိုင်ငံရပ်ခြားမှ ရန်ပုံငွေပံ့ပိုးလှုံ့ဆော်ပေးထားသော အကြမ်းဖက်အင်အားစုများက အင်အားသုံးအလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင် ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရကာ လက်နက် ၆၅ လက်နှင့် ခဲယမ်းများ ယူဆောင်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးသည်သာမက နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ခြင်း၊ အန္တရာယ်လွန်စွာရှိခြင်းတို့ကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများကို ဖော်ထုတ်၍ ယူဆောင်သွားသည့် လက်နက်ခဲယမ်းများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလွန်အကျွံ သုံးစွဲခြင်းမရှိစေရေး၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမရှိစေရေး၊ ဥပဒေနှင့်အညီသာ လိုက်နာလုပ်ဆောင်ရေးတို့အား တာဝန်ရှိသူအဆင့်ဆင့်တို့မှ ညွှန်ကြားကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ ညွှန်ကြားချက်များအပေါ် ဖောက်ဖျက်ကျူးလွန်မှုများရှိပါက မည်သူ့ကိုမဆို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုအပါအဝင် ဥပဒေနှင့်မညီသော ဖြစ်စဉ်ဖြစ်ရပ်များရှိ၊ မရှိအား စစ်ဆေးနိုင်ရန် တပ်မတော်အနေဖြင့်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ အဖွဲ့ဝင်များအဖြစ် စစ်ရေးချုပ်ရုံးမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် ခွန်သန့်ဇော်ထူး၊ အမှတ်(၉) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယလက်ထောက်စစ်ဥပဒေချုပ် ဗိုလ်မှူးလှမျိုးကျော်နှင့် အတွင်းရေးမှူးအဖြစ် စစ်ဥပဒေချုပ်ရုံးမှ လက်ထောက်စစ်ဥပဒေချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းအောင်တို့ပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရွှေလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးအုန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

# ဆီးဂိမ်းပြိုင်ပွဲ ခြင်းလုံးအားကစားနည်းထည့်သွင်းကျင်းပရေး ဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၉**

အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mrs. Karen Caballero ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ ၄၁ လမ်းရှိ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် ဖိလစ်ပိုင်နိုင်ငံ၌ အိမ်ရှင်အဖြစ် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပရေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မြန်မာနိုင်ငံစီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံစီမံကိန်း(Country Programme - ၂၀၁၅-၂၀၁၈) အကောင်အထည်ဖော်ရေး မြန်မာနိုင်ငံအမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဆက်စပ်ဝန်ကြီးဌာနရှစ်ခုနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jeremy Douglas၊ မြန်မာနိုင်ငံဆိုင်ရာ Country Manager Mr. Troels Vester နှင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစီမံကိန်း၏ လုပ်ငန်းနယ်ပယ်ငါးရပ်ဖြစ်သော နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုများနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းနှင့် ဖွံ့ဖြိုးရေးစသည့် လုပ်ငန်းနယ်ပယ်တို့နှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်နိုင်မှုများ၊ အားနည်းချက်/အားသာချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံစီမံကိန်း (Country Programme) သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာစိန်ခေါ်မှုများအတွက် အဓိကအကောင်အထည်ဖော်ရန် လိုအပ်သည့် စီမံကိန်းပါ နယ်ပယ်ငါးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဥပဒေမူဘောင်၊ နည်းပညာနှင့် စွမ်းရည်မြှင့်တင်ရေးတို့အတွက် အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီးဘဏ်ခွဲဖွင့်လှစ်

**တောင်ငူ ဖေဖော်ဝါရီ ၉**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီးဘဏ်ခွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့ အမှတ် (၂) ရပ်ကွက် အဆိုပါ ဘဏ်ခွဲရှေ့၌ ကျင်းပရာ အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဘုရင့်နောင်တပ်နယ်မှ အရာရှိကြီးများ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ သံတောင်ကြီးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘုရင့်နောင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးတို့က သံတောင်ကြီးဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ဘဏ်ခွဲဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပေးကြသည်။ ထို့နောက် ဘဏ်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီး ဘဏ်ခွဲသည် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား တစ်နိုင်ငံလုံးသို့ ယနေ့မှစတင်ပြီး ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သီပေါမြို့နယ် ကုန်းသာ-မိုင်းလင်း ကျောက်ချောလမ်းဖွင့်

**သီပေါ ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး သီပေါမြို့နယ် ကုန်းသာ-မိုင်းလင်း ကျောက်ချောလမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က အဆိုပါ ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**စိုင်း(သီပေါ)**

✲ *ကျောဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စီးပွားရေးပညာရှင်များ၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်နှင့် အများဆုံးဆက်စပ်နေပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသည့်နေရာတွင် ပါဝင်နေသည်ကိုလည်း ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာနှင့် အနုပညာပိုင်းဆိုင်ရာများ ဖွံ့ဖြိုးမှုရှိအောင် ဖော်ဆောင်ပေးရန်လည်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်း၍ ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အလုံအလောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရဘဲ ပြည်တွင်း ပြည်ပများနှင့်လည်း တိုးချဲ့ဆက်စပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ၏ အရေးကြီးသည့်အချက်မှာ နိုင်ငံတကာနှင့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားကုမ္ပဏီများ၏ အောင်မြင်မှုများနှင့် မြန်မာနိုင်ငံကို ကမ္ဘာကပါ ယုံကြည်မှုရရှိအောင် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ ယုံကြည်မှုရရှိမှသာ ပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေး တိုးတက်ရန် ကိုယ့်ကိုယ်ကိုယ် အားကိုးရမည်ဖြစ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရှိဘဲ လိုအပ်သော စီးပွားရေးတိုးတက်မှုများ မရနိုင်သည့်အတွက် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါပါကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် စီးပွားရေးသာမက နိုင်ငံရေးအရပါ သိမ်မွေ့စွာ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

အထူးသဖြင့် တာဝန်ယူဆောင်ရွက်ကြမည့် ကော်မတီဝင်များအနေဖြင့် မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာစွာနှင့် အဂတိတရားကင်းစွာ ဆောင်ရွက်ကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လမ်းညွှန်ထားပါကြောင်း၊ မိမိတို့အနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စေတနာသန့်သန့်နှင့် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေတို၊ ရေရှည်စီမံကိန်းရှိသည့်အတွက် အဆိုပါစီမံကိန်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်နေရန်လည်း လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်သည် ပြည်သူဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ဖြစ်ပါကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိအောင် ဦးတည်ပြီး သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်ထိန်းသိမ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်သွားရန် ရှိပါကြောင်း။

နိုင်ငံတော်၏ရည်မှန်းချက် ၄ ရပ်နှင့် စီးပွားရေးမူဝါဒ ၁၂ ချက်ပါ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အထူးစီးပွားရေးဇုန်များကို တည်ဆောက်လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများ စတင်လည်ပတ်နေပြီး ကုန်ပစ္စည်းများထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နေ၍ အောင်မြင်သည့်အထူးစီးပွားရေးဇုန်တစ်ခုလည်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းဖြင့် ဇုန်တည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး လူသားအရင်းအမြစ်များ၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များလည်းရရှိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးပါက မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည့်အပြင် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများလည်း အများအပြား တည်ဆောက်နိုင်၍ အခြေခံစီးပွားရေး အဆောက်အအုံများ လျင်လျင်မြန်မြန်ဖွံ့ဖြိုးပြီး ကုန်သွယ်မှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း သိမ်မွေ့ညင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီများအနေဖြင့် မိမိတို့တာဝန်ယူထားသည့်ဇုန်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အထူးအလေးထား ကြိုးပမ်းလုပ်ဆောင်သွားကြရန်၊ ယခုအစည်းအဝေးမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများတင်ပြကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

---

❖ *ကျောဖုံးမှ*

**ပြောကြား**

ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ မလေးရှားနိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသို့ ပေးအပ်သော ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မီဒီယာများအား ထိုသို့ပြောကြားခြင်းဖြစ်သည်။

"သံအမတ်ကိုယ်တိုင် လာပြီး ကြိုတင်ဆက်သွယ်လာတယ်။ ဒီအချိန်မှာ ရောက်မယ်၊ ပစ္စည်းတွေ လှူချင်တယ်။ လက်ခံပါဆိုတဲ့အတွက် ကျွန်တော်တို့ လက်ခံတယ်။ လက်ခံပြီးတဲ့အခါ ဒီပစ္စည်းတွေကို တပ်မတော်ရေယာဉ်တွေနဲ့ပဲ ပို့မယ်။ ပို့ပြီးရင် ရခိုင်ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီး သက်ရောက်မှုရှိတဲ့ဧရိယာမှာ ဖြန့်ဝေမှာဖြစ်ပါတယ်။ နှစ်ဖက်အဖွဲ့အစည်းတွေကို မျှမျှတတထောက်ပံ့သွားမယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.DATO SERI REEZAL MERICAN NAINAMERICAN က လှူဒါန်းထောက်ပံ့ရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

"နိုင်ငံတော်အစိုးရအနေနဲ့ အာဆီယံနိုင်ငံတွေရဲ့ ထောက်ပံ့မှုတွေကို ဘယ်လိုလက်ခံမလဲဆိုတာ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကို လက်ခံပေးတာဖြစ်ပါတယ်။ အရင် ထိုင်းနိုင်ငံက ငွေသားထောက်ပံ့တာရှိတယ်။ အင်ဒိုနီးရှားက ပစ္စည်းတွေထောက်ပံ့တာရှိတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးစိုးအောင်က ပြောကြားသည်။

မလေးရှားနိုင်ငံအစိုးရက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ရခိုင်ပြည်နယ်အတွက် ပေးအပ်သော လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများတွင် ဒေါ်လာ ၂၄၇၉၀၀ ကျော် တန်ဖိုးရှိသည့် ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဆန်နှင့်ပစ္စည်း ၁၂ မျိုးပါ ပုံးများ ပါဝင်ကြောင်း သိရသည်။

**ဆိုက်ကပ်**

ရခိုင်ပြည်နယ်အတွက် မလေးရှားအစိုးရက The Food Flotilla For Myanmar အစီစဉ်ဖြင့် ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် NAUTICAL ALIYA သင်္ဘောသည် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းပစ္စည်းများကို လက်ခံရယူပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်**



**ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မီဒီယာများအား ရှင်းလင်းပြောကြားစဉ်**

---

# ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းအသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ပြည်သူများ၏ အခက်အခဲများ ထိရောက်မြန်ဆန်စွာ အကူအညီပေးနိုင်ရေး တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖွင့်လှစ်သော ပြည်သူကိုဗဟိုပြုသည့် ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂/၂၀၁၇)မှ နည်းပြအရာရှိ ရဲအုပ် ရဲမြင့်၊ ရဲအုပ်ဇော်ဇော်ထွန်းတို့ ဦးဆောင်သော သင်တန်းသား ၁၅ ဦးသည် စက်ဘီးများဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ ကားမှတ်တိုင်များ၊ လမ်းများသို့ သွားရောက်ကာ ပြည်သူများနှင့်တွေ့ဆုံ၍ ကြုံတွေ့နေရသော အခက်အခဲများကို မေးမြန်းခြင်း၊ ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ ပြုပြင်ရမည့်အချက်များကို ဆွေးနွေးအကြံပြုချက်ရယူခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ရဲတပ်ဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဖုန်းနံပါတ်ပါလိပ်စာကတ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်ထွေး**

---

## မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

(၂) မီးစတင် လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P(Dry Chemical Powder Exting-ulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

# ပင်လုံမြေမှာ သက်သေတည်၊ သွေးစည်းညီညွတ်မည်

နီမော်

ကျွန်မတို့ ငယ်စဉ်ကတည်းက တစ်နှစ်တစ်ကြိမ် မှန်မှန် ကြုံရလေ့ရှိသော ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲနှင့် အခမ်းအနားကျင်းပခြင်းများပြီးပါက၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ အခမ်းအနားအတွက် ပြင်ဆင်လေ့ရှိကြပါသည်။

မည်သည့်ဒေသတွင်မဆို မြို့အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ပြည်သူလူထုတို့ပူးပေါင်းကာ ပြည်ထောင်စုနေ့ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြခြင်းမှာ တစ်နှစ်တစ်ခါ ပျော်စရာလည်းကောင်း၊ စိတ်လှုပ်ရှားစရာလည်းကောင်းပါသည်။ ရှေးယခင်နှစ်များတွင် ပင်လုံမြို့ကလေးရှိ ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့သို့တိုင် မြို့ရွာများကို အဆင့်ဆင့်ဖြတ်သန်းကာ သယ်ဆောင်သည့် အလံတော်သယ်ယူရေးကို နှစ်စဉ်လုပ်ဆောင်ခဲ့ကြ၏။ ရပ်ကွက်တွင်းနှင့် ကျောင်းတွင်းဟောပြောပွဲများမှတစ်ဆင့်၊ ဤနေ့ကြီးရက်ကြီးများဖြစ်ပေါ်လာပုံ၊ ထားရှိရမည့် စိတ်ဓာတ်၊ ဆောင်ရွက်ရမည့်တာဝန်တို့ကို သိရှိလာခဲ့ပါသည်။ ကျောင်းနေအရွယ်ကတည်းက နိုင်ငံသားကောင်း၏ စိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသလို ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် ထိန်းသိမ်းရမည့် တာဝန်တို့ကို အသည်းနှလုံးတွင် ကိန်းအောင်းသွားအောင် ရိုက်သွင်းပေးခဲ့သည်မှာ ခေတ်အဆက်ဆက်ပင်ဖြစ်ပါ၏။

ယခုပြောလိုသည်မှာ နေ့ကြီးရက်ကြီးများထဲက မကြာမီ ကျရောက်တော့မည့် ပြည်ထောင်စုနေ့အကြောင်းပင် ဖြစ်ပါသည်။ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံမှာ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် မြန်မာပြည် တစ်နံတစ်လျားခရီးဆန့်၍ ပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် လုံးပမ်းခဲ့သောကြောင့် ဤကြိုးပမ်းမှုကို ဂုဏ်ပြုသည့်အနေဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နှစ်စဉ်ကျင်းပနေကြခြင်းဖြစ်လေ့ရှိရာ ၁၉၄၇ ခုနှစ်မှသည် ယခုနှစ်ထိတိုင် နှစ်ပေါင်း ၇၀ ရှိပြီဖြစ်ပါသည်။ ပင်လုံညီလာခံကြီး ဖြစ်ပေါ်လာပုံသမိုင်းကြောင်းက ရှည်လျားပါသည်။ စိတ်ဝင်စားစရာလည်းကောင်းသလို သိရှိလာသောအခါ ဗိုလ်ချုပ်ကိုလည်း ပို၍လေးစားလာမိသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရှမ်း၊ ချင်း၊ ကချင်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးဆုံးဖြတ်သော ပင်လုံညီလာခံကြီးကို စတင်ကျင်းပခဲ့ရာ ကရင်နှင့်ကရင်နီ ကိုယ်စားလှယ်များကမူ လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များ၏ အစည်းအဝေးကို သီးသန့်ကျင်းပခဲ့သည်။ ဤအစည်းအဝေးမှပင်၊ တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ ဖွဲ့စည်း နိုင်ရေးကို စဉ်းစားဆုံးဖြတ်ခဲ့ကြသည်။ နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ်များ စတင်ဆွေးနွေးခဲ့ကြသည်။ ရှမ်း၊ ကချင်၊ ချင်း၊ ဗမာတို့ စုံညီတက်ရောက်ခဲ့ကြသော ဆွေးနွေးပွဲဖြစ်သည်။ ဤဆွေးနွေးပွဲတွင် တောင်တန်းဒေသများ၏တောင်းဆိုချက်များမှာ ကွဲလွဲချက်အချို့ ရှိသင့်သလောက် ရှိသော်လည်း ယေဘုယျတူညီချက်များလည်းရှိပါသည်။ ဤသည်တို့မှာ-

(၁) အောင်ဆန်းအက်တလီစာချုပ်သည် တောင်တန်းဒေသသားများနှင့် မသက်ဆိုင်ဟု မှတ်ယူရန်။
(၂) ကချင်ပြည်နယ်ထူထောင်ပေးရန်။
(၃) ဘုရင်ခံ၏ အမှုဆောင်ကောင်စီအစိုးရအဖွဲ့တွင် တောင်တန်းဒေသဆိုင်ရာ အမှုဆောင်ကောင်စီဝင်(ဝန်ကြီး)တစ်ဦး ခန့်ထားရန်။
(၄) တောင်တန်းဒေသသားများအနေနှင့် ပြည်မဗမာများနှင့် တန်းတူအခွင့်အရေးရရန်။
(၅) ပြည်နယ်များခွဲထွက်ခွင့်ပေးရန်။

(မှုကွဲ-ပြည်နယ်များသီးခြားမထူထောင်မီ၊ ခွဲထွက်ခွင့်ပေးရန်)တို့ဖြစ်သည်။ အမှန်စင်စစ် ဤသည်တို့မှာ ဖေဖော်ဝါရီလ ၆ ရက်နေ့ကကျင်းပခဲ့သော ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များ၏ သီးခြားအစည်းအဝေးတွင် သဘောတူညီခဲ့ကြသည့် အချက်များဖြစ်ပါသည်။

အဆိုပါတောင်းဆိုချက်များနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ယခုလို ပြန်လည်ရှင်းလင်းခဲ့သည်။

(၁) တောင်တန်းဒေသကိုယ်စားလှယ်များ မပါဝင်သည့် ဆွေးနွေးပွဲ သဘောတူညီချက်များမှာ ၎င်းတို့နှင့်မသက်ဆိုင်သဖြင့် ပြဿနာမဟုတ်ပါ။ (အောင်ဆန်းအက်တလီစာချုပ်ကိုဆိုလို)
(၂) ကချင်ပြည်နယ်ထူထောင်ရေးကို မူအရလက်ခံပါသည်။
(၃) ဘုရင်ခံအမှုဆောင်ကောင်စီ အစိုးရတွင်၊ တောင်တန်းဒေသ ကိုယ်စားလှယ်ပါဝင်နိုင်ရေးမှာ လန်ဒန်မှ ဘုရင့်အစိုးရနှင့် ဆွေးနွေးလျှင် ဖြစ်နိုင်ခြေရှိပါသည်။
(၄) တောင်တန်းဒေသအရေးတွင် မိမိတို့ဝင်ရောက်စွက်ဖက်မည်မဟုတ်ပါ။ တောင်တန်းဒေသနှင့် ပြည်မ တန်းတူအခွင့်အရေးရစေရပါမည်။
(၅) လွတ်လပ်ရေးရပြီးနောက်ပိုင်း ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ကို တောင်တန်းဒေသသားများကိုယ်တိုင်၊ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဆုံးဖြတ်ရန်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် တောင်းဆိုချက်များအားလုံး လိုက်လျောလိုက်သည့်သဘောပင်ဖြစ်သည်။ ချင်းကိုယ်စားလှယ်များကမူ ချင်းပြည်နယ်ရရှိရေးထက် ချင်းတောင်တန်း၏စီးပွားရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးတို့အတွက် အကူအညီရရှိစေရန် ဗြိတိသျှခေတ်ထက် ဘဏ္ဍာရေးအကူအညီ ပိုမိုရရှိစေရန်၊ ချင်းသေနတ်ကိုင်တပ်ရင်းများ ဆက်လက်တည်ရှိစေရန်တို့ကိုသာ အဓိကတောင်းဆိုခဲ့ကြသည်။ ဤတောင်းဆိုချက်အားလုံးကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက လိုက်လျောပေးခဲ့သည်။

နောက်တစ်နေ့(ဖေဖော်ဝါရီ ၁၁ ရက်နေ့) ညစာစားပွဲတွင် ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ တိုင်းရင်းသားများအရေးနှင့်ပတ်သက်သော သူ၏သဘောထားဟု ဆိုနိုင်ပါလိမ့်မည်။ ယခုလို တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအားငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်နှင့်အားနှင့်လုပ်နိုင်မှ အကျိုးခံစားခွင့်ရရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်နိုင်မှ အကျိုးရှိမယ်။

ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်သတ်မှတ်ရေးနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ အချို့ရှိခဲ့သော်လည်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် 'ပင်လုံ'စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ဗမာနိုင်ငံအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များစုစုပေါင်း ၂၃ ဦး လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ပင်လုံညီလာခံမှာ တိုတောင်းသည့်ကာလအတွင်း တက်သုတ်ရိုက်ဆောင်ရွက်ခဲ့ရသည်ဖြစ်ရာ လူမျိုးစုအားလုံး ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းပြင်ဆင်ချိန်မရခဲ့ဟု ဆိုရပါလိမ့်မည်။ သို့နှင့်အမျှ လူမျိုးစုအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်သည့်အဆင့်သို့ကား မရောက်ခဲ့ပါချေ။ သို့နှင့်တိုင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် တစ်နည်းပြောရလျှင် ပြည်ထောင်စုစိတ်ဓာတ်၊ ပြောရလျှင် ပင်လုံစိတ်ဓာတ်ကို ပီပီသသဖော်ထုတ်နိုင်ခဲ့သည်ဖြစ်၍ သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုရမည်သာဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်မအနေဖြင့် ဗိုလ်ချုပ်၏ ထက်မြက်သော စွမ်းဆောင်ချက်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ကို အလွန်ပင် လေးစားချီးကျူးမိသည်။ ဤပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် သတိတရားကြီးကြီး၊ ဖြတ်ထိုးဉာဏ်ကောင်းကောင်းဖြင့် ဗိုလ်ချုပ်ဆောင်ရွက်လိုက်သောကြောင့် တောင်တန်းနှင့် ပြည်မကိုခွဲခြား၍ လွတ်လပ်ရေးပေးလိုသော နယ်ချဲ့တို့၏ ပက်စက်သောမကောင်းအကြံတို့ ပျက်ပြယ်ခဲ့ရခြင်းဖြစ်ပါ၏။ အရေးကြီးသည်မှာ တိုင်းပြည်ကို တကယ်ချစ်လျှင် ပြည်သူလူထုအားလုံးချမ်းသာကြွယ်ဝ၍ ကမ္ဘာ့အလယ်တွင် ဝင့်ကြွားစေလိုလျှင် တိုင်းရင်းသားညီနောင်အချင်းချင်း သွေးစည်းညီညွတ်ကြရမည်သာဖြစ်ပါ၏။

## (၂၁)ရာစုပင်လုံစိတ်ဓာတ်

ဖခင်ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၂၀)ရာစု ပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထိုခေတ်ကာလက ကမ္ဘာ့အခြေအနေမှာ ယနေ့ကမ္ဘာကဲ့သို့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုမရှိသေးပါ။ သတင်းအဆက်အသွယ်၊ လမ်းပန်းဆက်သွယ်ရေး အလွန်အမင်း ခက်ခဲချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်ရှိ ပင်လုံမြို့ကလေးသို့ ဗိုလ်ချုပ်ကိုယ်တိုင်သွားရောက်ကြိုးပမ်းကာ တိုင်းရင်းသားဝတ်စုံကိုဝတ်၍ ရွှင်လန်းတက်ကြွစွာ လုပ်ဆောင်ခဲ့မှုကို ယခုအခါတွင် ဓာတ်ပုံများကိုသက်သေပြု၍ အသိအမှတ်ပြုရပါသည်။

ပင်လုံစိတ်ဓာတ်ဆိုတာ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးစိတ်ဓာတ်ဖြစ်သည်။ ပြည်နယ်ပြည်မ မခွဲခြား၊ တန်းတူအခွင့်အရေးရရှိစေသည့် စိတ်ဓာတ်ဖြစ်၍ တိုင်းရင်းသားတိုင်း လိုလားနှစ်သက်ကြသော်လည်း တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားနေကြလျှင် သူတလူ ငါတမင်း စိတ်ဓာတ်ဝင်နေကြလျှင်၊ အစွန်းရောက်အမျိုးသားရေး စိတ်ဓာတ်ရှိနေကြလျှင်၊ ကိုယ့်တစ်ပြည်ထောင်သားချင်း နှစ်ကာလရှည်ကြာစွာ လက်နက်ကိုင်စွဲ ချေမှုန်းနေကြလျှင်တော့ ဖက်ဒရယ်ဆိုတာလည်း အကောင်အထည်ဖော်ဖို့ အလှမ်းဝေးနေဦးမှာဖြစ်သည်။

ယခုလွန်ခဲ့သောနှစ်ပေါင်း (၇၀)က ဖခင်ဗိုလ်ချုပ် ချမှတ်အကောင်အထည်ဖော်ရေးထိုးခဲ့သော ပင်လုံစာချုပ်နှင့် ကတိကဝတ်များကို ဖခင်၏ခြေရာနင်းသော သမီးဖြစ်သူ ယခု လက်ရှိအစိုးရ၏ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဩဂုတ်လက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့ပြီး တက်ရောက်လာသူ ကိုယ်စားလှယ်များအားလုံး ပွင့်လင်းလွတ်လပ်မှုရှိစွာ ဆွေးနွေးတင်ပြခဲ့မှုကြောင့် နိုင်ငံရေးတွင် ဖုံးကွယ်စရာဘာမှ မရှိလောက်အောင် အမြတ်ထွက်သွားခဲ့ရသည်။ ဤကဲ့သို့ နှစ်ပေါင်း(၇၀)နီးပါး ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ကြီးကို အဆုံးသတ်နိုင်ရန်အတွက်ဆိုလျှင် ပြဿနာမှန်သမျှကို စားပွဲဝိုင်းပေါ်တင်လိုက်ခြင်းက အကောင်းဆုံးပင်ဖြစ်ပါ၏။

သို့ပါသောကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြဿနာရှိတာက ဖြေရှင်းလို့ရတယ်။ ရှိလျက်နဲ့ဖုံးကွယ်ထားတာက မဖြစ်သင့် မလုပ်သင့်တဲ့ကိစ္စဟု ပြောဆိုခဲ့ခြင်းဖြစ်ပါ၏။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နှစ်ဖက်ရင်ကြားစေ့ရေး၊ ပြဿနာမှန်သမျှကို စားပွဲဝိုင်းပေါ်တင်၍ အကျေအလည် ဆွေးနွေးရေးကို တစ်စိုက်မတ်မတ် အကောင်အထည်ဖော်နေသည်ဖြစ်ပါ၏။ တကယ်တော့ နှစ်ဖက်လက်နက်ကိုင်၍ အဖြေမတွေ့သည်မှာ သမိုင်းရှည်ကြာစွာ သက်သေပြုနေပြီဖြစ်၏။ တိုင်းပြည်လည်း ဤအခြေအနေထက် နိမ့်ဆင်းသွားဖို့ နေရာပင်မရှိလောက်အောင် အောက်ဆုံးနီးပါး ရောက်နေရသည်မှာ ပြည်တွင်းငြိမ်းချမ်းမှုမရှိခြင်းကြောင့်ပင် ဖြစ်ပါ၏။

တကယ်တော့ နှလုံးရည်စစ်ပွဲခေါ် ဉာဏ်ရည်ချင်းယှဉ်၍ စေ့စပ်ညှိနှိုင်းပြောဆိုသည့်အခါ ဉာဏ်ပညာရှိဖို့လည်း လိုပါ၏။ သတ္တိရှိဖို့လည်း အထူးပြောရန်မလိုပြီ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသကဲ့သို့ စေတနာ၊ ပညာ၊ သတ္တိရှိဖို့လိုပါသည်။ ရှိရန်လည်း နိုင်ငံနှင့်လူမျိုးကို ချစ်ကြသူတိုင်း ကြိုးပမ်းကြရပါမည်။ မကြာမီ ရက်ပိုင်းဖြစ်သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့ကလေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။ အရေးအကြီးဆုံးမှာ တောင်တန်းပြည်မ ပူးပေါင်းရေးအတွက် တိုင်းရင်းသားအားလုံးသွေးစည်းညီညွတ်ကြရန် ဖြစ်သည်ဟု ပြောလိုပါသည်။

**တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအားငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်နှင့်အားနှင့် လုပ်နိုင်မှ အကျိုးခံစားခွင့်ရရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်နိုင်မှ အကျိုးရှိမယ်**



## သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့်ဘုရားကြီးကျောင်း၌ မြန်မာ့ရိုးရာထမနဲထိုး

**ဇေယျာသီရိ ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာ သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့် ဘုရားကြီးကျောင်း၌ တပို့တွဲလ မြန်မာ့ရိုးရာထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

"အခုလို ထမနဲထိုးပွဲလေး နှစ်စဉ် မပျက်ပြုလုပ်လာတာ ဒီနှစ်ရောဆို ၁၃ နှစ် လောက်ရှိပါပြီ။ ဒီလိုပြုလုပ်တာက မြန်မာ့ရိုးရာထုံးတမ်းနဲ့လည်း ညီတယ်။ အမှတ်တရလည်းဖြစ်စေသလို နောင်လာနောက်သား လူငယ်တွေအတွက်လည်း အတွေ့အကြုံလေးရပြီး မြန်မာ့ရိုးရာဓလေ့ထုံးတမ်းကို လက်ဆင့်ကမ်းထိန်းသိမ်းသွားရမယ်ဆိုတဲ့ အသိလေးတွေလည်း ရစေချင်တာလည်းပါတယ်။ တပို့တွဲလပြည့် ထမနဲပွဲလို့ သတ်မှတ်ထားပေမယ့် လမပြည့်သေးခင် အခုလို တပို့တွဲလဆန်း ၁၃ ရက်မှာ ကြိုတင်ပြုလုပ်တာကလည်း လပြည့်နေ့ဆို ဒီကျောင်းကို လာရောက်ကြတဲ့ ရပ်ဝေးရပ်နီးက ရဟန်းသံဃာတွေ၊ ဧည့်ပရိသတ်တွေကို ကုသိုလ်ဒါနအနေနဲ့ အဆင်သင့် ကျွေးမွေးဧည့်ခံ သုံးဆောင်နိုင်ဖို့ အတွက်ပါ"ဟု သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့် ဘုရားကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဦးပညောဘာသက မိန့်ကြားသည်။

ယနေ့ပြုလုပ်သည့် ထမနဲအလှူတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့မှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့် ဇေယျာသီရိမြို့နယ် ထန်းတပင်ကျေးရွာတို့မှ စေတနာရှင်လုပ်အားပေးအဖွဲ့များက စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လုပ်အားပေးဒါနကုသိုလ်ပြုခဲ့ကြသည်။ တပို့တွဲလပြည့်နေ့တွင် အဆိုပါကျောင်း၌ ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် ဧည့်ပရိသတ်များအား နံနက်ပိုင်းတွင် ထမနဲဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် တရားစခန်းဝင်ကြမည့် ပုဂ္ဂိုလ်များအတွက် ခုနစ်ရက်တရားစခန်း အပ်ပွဲ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်မောင်လွင်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သာစည် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ **သာစည်မြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါသောကြောင့် ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် သီးသန့်ရန်ပုံငွေသုံးစွဲခြင်းနှင့် ပတ်သက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များမှာ ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ခြင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် သာစည်မြို့နယ်အတွင်းရှိ လမ်းတံတားလုပ်ငန်း (၁၉)ခုတို့အနက်မှ ချောင်းဆုံ-ကေရာဇ်ကုန်းလမ်းပေါ်ရှိ အရှည်ပေ ၆၀ တံတားအား ခွင့်ပြုငွေကျပ် (၃၅ ဒသမ ၀၀) သန်းဖြင့် ယူနီယံဒီဗိုင်းကုမ္ပဏီမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့်လည်းကောင်း၊ မိတ္ထီလာ-တောင်ကြီးကားလမ်းမှ အုတ်ဖိုကျေးရွာအဝင်ကျောက်ချောလမ်းအရှည်ပေ ၂၀၀ အားခွင့်ပြုငွေကျပ် (၂ ဒသမ ၂၄)သန်းဖြင့် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေတို့ဖြင့်လည်းကောင်း ပြုပြင်ပေးသွားမည်ဖြစ်ပြီး လမ်း ရှစ်လမ်းမှာ (၂၀၁၄-၂၀၁၅) ခုနှင့် (၂၀၁၅-၂၀၁၆) ခု ဘဏ္ဍာရေးနှစ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် တင်ဒါရကုမ္ပဏီများမှ ဆောင်ရွက်ခဲ့သော လမ်းများဖြစ်သဖြင့် စာချုပ်စည်းမျဉ်းစည်းကမ်းအရ အာမခံကာလအတွင်း ပျက်စီးခြင်းဖြစ်၍ ကုမ္ပဏီများမှ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ ကျန်တံတား (၇)စင်းနှင့် လမ်း (၂)လမ်းတို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိပါကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်

မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ **စက်မှုလယ်ယာသို့ အလုံးစုံမကူးပြောင်းမီတွင် ခိုင်းကျွဲ၊ ခိုင်းနွားသတ်ဖြတ်မှုကို ထိန်းချုပ်မည့် အစီအစဉ် ရှိ မရှိနှင့် ခိုင်းကျွဲ၊ ခိုင်းနွားများ လုံလောက်မှုရှိစေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းကို မေးမြန်းစဉ်တွင် ဘာသာရေးနှင့် ရောယှက်ဆက်နွယ်သည့် စကားရပ်များ ပါဝင်နေသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းမေးမြန်းမှုကို ရပ်ဆိုင်းခဲ့သည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၏ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကိုလည်း ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး တင်သွင်းသည့် **ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အပါအဝင် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးတို့က ဝိုင်းဝန်းဆွေးနွေးကြသည်။



သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး

အဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကို ဆန္ဒမဲပေးခြင်းဖြင့် ရယူရာ ထောက်ခံမဲ ၁၄၇ မဲ၊ ကန့်ကွက်မဲ ၂၂၀ မဲနှင့် ကြားနေမဲ ၄ မဲ ရရှိသည့်အတွက် ကန့်ကွက်သူဦးရေ များသောကြောင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိရန် ဆုံးဖြတ်သည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရာ ယင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအပေါ် ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တနိုင်းမြို့နယ် တရုံကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၂၄၀ ဖြင့် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တနိုင်းမြို့နယ် တရုံကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၂၄၀ ဖြင့် တံတား၏ အောက်ဘက် ကမ်းပြိုသည့်နေရာတွင် ကျောက်စီမြေထိန်းနံရံ အလျားပေ ၁၀၀၀ နှင့် တံတားအထက်ဘက်တွင် ကျောက်ကြီးဖြည့် ရေကာ အလျား ၁၃၅ ပေကို ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးနောင်နဂျာတန်၏ **"ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် စီးဆင်းနေသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ၁၀ ခုအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါခေါ်ယူပေးခဲ့ပါကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခုအနက် လုပ်ငန်း နှစ်ခုသည် တင်ဒါအောင်မြင်ခဲ့သော်လည်း နယ်မြေလုံခြုံရေး၊ တရုတ်နိုင်ငံဘက်မှ မြေထိန်းနံရံတည်ဆောက်ခြင်းအား ကန့်ကွက်ခြင်းစသည့် ဒေသအခြေအနေများအရ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်မျိုး

ဆောင်ရွက်နိုင်ခြင်း မရှိသည့် လုပ်ငန်း နှစ်ခုအတွက် လျာထားငွေကို ထပ်မံဆောင်ရွက်ပေးရန် လိုအပ်နေသည့် လုပ်ငန်း ကိုးခုသို့ လုပ်ငန်းခေါင်းစဉ် လွှဲပြောင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ ခေါင်းစဉ်လွှဲပြောင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ၉ ခု၏ စုစုပေါင်းတန်ဖိုးကျပ် ၂၄၁၉ ဒသမ ၄၆ သန်းတွင် တနိုင်းမြို့နယ် တရုံကျေးရွာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၂၄၀ ပါဝင်ခဲ့ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမြင့်ဆွေ၏ **"ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ၏ ဘီးခွန်သွင်းဆောင်ပြီး ချလန်ပြေစာပါရှိမှသာ ယာဉ်သက်တမ်းတိုးခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ ဘီးခွန်ပေးဆောင်ပြီးမှ မော်တော်ယာဉ်သက်တမ်းတိုးပေးရန်ကိစ္စသည် မော်တော်ယာဉ်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်းနှင့် အချို့သောဒေသများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ညှိနှိုင်းချက်အရ လည်းကောင်း၊ ၎င်းတို့ဌာန အစီအစဉ်ဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများသို့ လာရောက်၍ ဘီးခွန်ကောက်ခံရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမင်းဆွေနိုင်၏ **"အသုံးပြုခြင်းမရှိတော့သည့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဘေး တစ်လျှောက် ဆက်သွယ်တည်ဆောက်ထားခဲ့သည့် ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများကို အသုံးပြုထားရှိမှုနှင့် အသုံးမပြုတော့သည့် အခြေအနေများကို အဖွဲ့ဖွဲ့စည်း၍ စနစ်တကျစာရင်းကောက်ယူပြီး အသုံးပြုခြင်းမရှိတော့သည့် ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ဖြုတ်သိမ်းကာ သတ်မှတ်ထားသည့် ဆက်သွယ်ရေးစခန်းများတွင် ထားရှိသွားမည်ဖြစ်ကြောင်း။



မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်

ကြေးနန်းတိုင်များသည် မြန်မာ့မီးရထား၏ ခရီးအကွာအဝေးမိုင်ဖော်ပြသည့် သင်္ကေတအမှတ်အသားအဖြစ် အသုံးပြုထားပါသဖြင့် ဖြုတ်သိမ်းပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ဖြုတ်သိမ်းရရှိမည့် ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများအနက် ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများကို ပြန်လည်အသုံးပြုသွားမည်ဖြစ်ပြီး အသုံးပြု၍ မရတော့သည့် ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ လေလံတင်ထုခွဲရောင်းချခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **"မွန်ပြည်နယ် မုဒုံမြို့နယ် မှိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ ၈၉ ဒသမ ၆၉ ဧက အကျယ်မီးရထားမြေဧရိယာထဲမှ လက်ရှိ အငှားချထားသည့် ၁၉ ဧက ပမာဏချန်လှပ်၍ ကျန်မြေတွင် ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသော စည်းကြပ်ခွန် ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက တိုင်းအမှတ် (၈) နယ်မြေ၊ မုဒုံမြို့နယ်၊ မှိုန်ဂနိမ်းဘူတာအနီးရှိ မြေနေရာ ၈၉ ဒသမ ၆၉ ဧကသည် လယ်သမားများထံမှ သိမ်းယူခဲ့သောမြေနေရာ မဟုတ်ပါကြောင်း၊ မီးရထားစက်ခေါင်းရုံ ဆောက်လုပ်ရန်အတွက် မြန်မာ့မီးရထားမှ ဝယ်ယူခဲ့သော ဦးပိုင်အမည်ပေါက် မြေနေရာဖြစ်ပါကြောင်း။

ထိုနေရာတွင် စက်ရုံမဆောက်လုပ်မီကာလအတွင်း သက်သာချောင်ချိရေးအတွက် ဦးကြည်မြင့်ပါ သုံးဦးကို ရော်ဘာစိုက်ပျိုးရန်အတွက် စာချုပ်ချုပ်ဆို၍ ငှားရမ်းခဲ့ပါကြောင်း၊ မြေဧရိယာ (၈၉ ဒသမ ၆၉) ဧကရှိသော်လည်း စိုက်ပျိုးနိုင်သည့် ဧရိယာ (၅၇ ဒသမ ၆၉) ဧကသာရှိပါကြောင်း၊ မြေဧရိယာ (၅၇ ဒသမ ၀၆)ဧကသည် စာချုပ်ဖြင့်ငှားရမ်းထားပြီးဖြစ်သောကြောင့် စုစုပေါင်း (၂၈ ဒသမ ၄၀) ဧကသာ ကျန်ရှိပါကြောင်း၊ ကျန်ရှိသောမြေနေရာတွင် ဘူတာနှင့် ဘူတာယာဒ်ဝန်းမြေနေရာသည် (၂၅ ဒသမ ၄၅)ဧကပါဝင်ပြီး (၂ ဒသမ ၉၅) ဧက ကျန်ရှိပါကြောင်း။

ကျန်ရှိသည့် မြေနေရာအား ငှားရမ်းမည်ဆိုပါက မြန်မာ့မီးရထားမှ သတ်မှတ်ထားသော မြေငှားရမ်းခကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံများဆောက်လုပ်နေထိုင်ခွင့်ပြုမည် မဟုတ်ပါကြောင်း၊ ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများကို သက်သာသော နှစ်အလိုက် စည်းကြပ်ခွန်ကောက်ခံသည့် ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီးက **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**ကို လွှတ်တော်က ဆွေးနွေးအတည်ပြုပေးပါရန် တင်သွင်းသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မော်စီ(သတင်းစဉ်)**

## ဆေးမားအူလ်အွန်ဒုန် စီမံကိန်းလမ်းသစ်ဖွင့်

**ပဲခူး ဖေဖော်ဝါရီ ၉** - ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆေးမားအူလ်အွန်ဒုန်စီမံကိန်း လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါလမ်းဖွင့်ပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က ဖွင့်လှစ်ပေးသည်။ ယခုဖွင့်လှစ်သော လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မနှင့် ဂဝံလမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိသော လမ်းဖြစ်ပြီး အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

# မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲ ကျင်းပ

**ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ရီရီသန့်**

**မြန်မာစာပေချစ်မြတ်နိုးသူများအသင်းနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတို့ ပူးပေါင်းကျင်းပသည့် "မြန်မာစာပေချစ်မြတ်နိုးရေး"ခေါင်းစဉ်ဖြင့် တရားပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းအတွင်းရေးမှူး ဦးအောင်စိုးဦးက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုယ်စား ဦးမင်းကိုနိုင်နှင့် မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းနာယက ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့က လည်းကောင်း မုဒိတာစကားများကို ပြောကြားကြသည်။**

ထို့နောက် အသင်းဥက္ကဋ္ဌ ဂုဏ်ထူး ဦးသိန်းနိုင်က "တို့စာကို ချီးမြှင့်ပါ" ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ကိုယ်စား ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒက "မြန်မာစာပေ ချစ်မြတ်နိုးရေး" တရားတော်ကို ဟောကြားတော်မူသည်။

ယင်းနောက် အခမ်းအနားကို "မြန်မာစာပေ ချစ်မြတ်နိုးအောင် ကြိုးပမ်းကြပါစို့" ဟု ကြွေးကြော်ပြီး ရုပ်သိမ်းလိုက်သည်။

မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲနှင့်စပ်လျဉ်း၍ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက "စာပေဆိုတာ စကားနဲ့လည်းဆိုင်တာပေါ့။ မြန်မာစာပေမှ မဟုတ်ဘူး။ တစ်ကမ္ဘာလုံး ဘယ်စာပေဖြစ်ဖြစ်၊ ဘယ်စကားဖြစ်ဖြစ် သူ့ဟာသူ တန်ဖိုးရှိကြတယ်။ စာတစ်ခုကောင်းဖို့ အများကြီးရင်းနှီးခဲ့ရတာလေ။ အကြံဉာဏ်အားတွေရော၊ လုပ်အားတွေရော၊ အချိန်တွေရော ရင်းနှီးခဲ့ရတာပါ။ ကျန်တဲ့စာတွေလည်း သူ့ဟာသူ တန်ဖိုးရှိတယ်။ ထိန်းသိမ်းရမယ်။ မြန်မာစာလည်း တန်ဖိုးရှိတယ်။ ထိန်းသိမ်းရမယ်။ မြန်မာစာချစ်သူများဆိုတာ မြန်မာစာ ချစ်တတ်ဖို့ဆိုတာ စိတ်ဝင်စားမှု၊ စိတ်ဝင်စားရာကနေ ချစ်တတ်တဲ့အဆင့် ရောက်လာတာ။ ချစ်မှုလည်း မြတ်မြတ်နိုးနိုး ထိန်းသိမ်းမှာ၊ မြန်မာစာကို တန်ဖိုးမထားတဲ့သူအတွက် နိမ့်ကျမှာပေါ့။ တန်ဖိုးထားတဲ့သူအတွက်ကျတော့ မနိမ့်ကျဘူးပေါ့။ မချစ်တဲ့သူကတော့ တန်ဖိုးမရှိဘူး။ ချစ်တဲ့သူက တန်ဖိုးရှိတယ်လို့ တွက်တာပေါ့။ ဝေါဟာရဆိုတာ ပြောတတ် ဆိုတတ်တာကို ခေါ်တယ်။ ခေတ်အဆက်ဆက်က ဗန်းစကားဆိုတာ ပေါ်တာပဲလေ။ ပျောက်သွားတာပဲလေ။ အဲဒီလိုမြင်တယ်။ မြန်မာစာကိုချစ်တာပဲ၊ ဒါပေမယ့် ပညာရှင်မဟုတ်တော့ ပညာရှင်လိုတော့ မပြောတတ်ဘူး။ ကိုယ်ကသာ အရည်အချင်းရှိရှိနေလာ ထိုင်လာရင် အရည်အချင်းရှိတဲ့၊ တန်ဖိုးရှိတဲ့ မြန်မာစကားကို ပြောနေဆိုနေကြမှာပဲလေ။ မြန်မာစကားနဲ့ မြန်မာစကားတန်ဖိုးရှိမှုကို တန်ဖိုးရှိသူတွေ ထိန်းသိမ်းရမှာ၊ တန်ဖိုးရှိသူတွေကလည်း မြန်မာစကား သုံးရမှာပဲလေ။ မြန်မာစကားတစ်လုံးရဲ့ အဓိပ္ပာယ်တွေက တန်ဖိုးကြီးလွန်းပါတယ်။ လူငယ်တွေ အသိပေးရုံ သက်သက်ပါ။ လူငယ်တွေကို မြန်မာစာနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ပါ၊ ဘယ်လိုမလုပ်ပါနဲ့လို့ မပြောလိုပါဘူး။ လူငယ်ဆိုတာ အမျိုးမျိုး ရှိတာလေ" ဟု မိန့်ကြားတော်မူသည်။

ပိုလ်ကလေးတင့်အောင်က အခမ်းအနားသို့ မတက်ရောက်နိုင်သော်လည်း "မြန်မာ့စာပေသည်၊ မြန်မာ့စကားသည် နက်နဲကျယ်ဝန်းလှ၏။ အဘယ်ကြောင့်နည်း၊ မြန်မာတို့၏ ဘိုးဘွားဘီဘင်မှ လိုက်နာကျင့်သုံးကြသည့် ဓလေ့စရိုက်



ပိုလ်ကလေးတင့်အောင်

မှာ ပေါင်းသင်းဆက်ဆံမှုများတွင် တစ်ဖက်သားအား၊ လူကြီးသူမများအား လေးစားကြည်ညိုခြင်း၊ ရိုသေကိုင်းရှိုင်းခြင်း၊ အားနာခွင့်လွှတ်သည်းခံခြင်း၊ အလေးအမြတ်ပြုတတ်ခြင်းများကြောင့်၊ အရာရာတွင် တန်ဆာဆင်တတ်ခြင်းများကြောင့် စာပေစကားများတိုးပွားကျယ်ဝန်းလာရခြင်းဖြစ်သည်။ ထိုများပြားကျယ်ဝန်းလှသော စာပေစကားများကို ကျွန်ုပ်တို့ စာပေချစ်သူများက ရှာဖွေမှတ်သား ဖော်ထုတ်သင့်ပါသည်" ဟု စာလွှာပါးရေးပို့ခဲ့သည်။

မြန်မာစာပေ ချစ်မြတ်နိုးသူများ အသင်းအတွင်းရေးမှူး ဦးအောင်စိုးဦးက "မြန်မာစာအဓိကနဲ့ ကျောင်းပြီးတဲ့အတွက် မြန်မာစာပေက ကျွန်တော်နဲ့ မကင်းပါဘူး၊ မြန်မာစာပေနဲ့ပတ်သက်ပြီး ကျေးဇူးပြန်ဆပ်ချင်တယ်၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း ပေါ်ပေါက်လာရင် ကောင်းမယ်လို့ မြန်မာစာ ဆရာကြီးတွေနဲ့ တိုင်ပင်ပြီး ဒီအသင်းကို ရည်ရွယ်ချက် ၆ ချက်၊ ရည်မှန်းချက် ၄ ချက်နဲ့ ဖွဲ့ခဲ့ပါတယ်။ ဒီအသင်းမှာ မြန်မာစာ အငြိမ်းစားပါမောက္ခတွေ၊ ဆရာ ဆရာမတွေ၊ စာရေးဆရာတွေ၊ မြန်မာစာပေ ချစ်မြတ်နိုးသူတွေနဲ့ ဖွဲ့ခဲ့ပါတယ်။ စာအုပ်တွေလည်းထုတ်တယ်။ ဟောပြောပွဲတွေလည်း လုပ်တယ်။ သင်တန်းတွေလည်းပေးတယ်။ အဓိက ဒီအသင်းမှာ လူငယ်တွေပါ ပါစေချင်တယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ မြန်မာစာနှီးနှောဖလှယ်ပွဲကြီးတစ်ရပ် လုပ်ချင်ပါတယ်။ အသင်းကို ဆက်လက် တာဝန်ထမ်းဆောင်ဖို့ လူငယ်တွေလာကြပါ။ မြန်မာဖြစ်တဲ့အတွက် မြန်မာစာကိုချစ်ကြပါ၊ မြန်မာစာကို တန်ဖိုးထားကြပါ၊ လူငယ်တွေကို အားကိုးပါရစေ၊ ဒီပွဲက ဆရာကြီးတွေရဲ့ မြန်မာစာအမွေကိုတောင်းပြီး လူငယ်တွေ



မောင်ခင်မင်(ဓနုဖြူ)

ကိုပေးတာပါ၊ မြန်မာစာပေရဲ့ အမွေကို ထိုက်ထိုက်တန်တန် ဆက်ခံကြပါလို့ လူငယ်တွေကို ပြောချင်ပါတယ်။ ဒီအသင်းကိုဝင်ရင် အချက်တစ်ချက်ပဲလိုတယ်။ မြန်မာစာကို ချစ်ဖို့ပါပဲ" ဟု ပြောကြားသည်။

ထို့နောက် အသင်းနာယက ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "မြန်မာစာချစ်မြတ်နိုးသူများအသင်းက နှစ်တိုင်း နှစ်တိုင်း မြန်မာစာနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ လုပ်နေတယ်။ ဒီနေ့မှာတော့ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒကို ပင့်ပြီးတော့ ဆရာတော်က မြန်မာစာပေချစ်မြတ်နိုးဖို့နဲ့ပတ်သက်တဲ့ တရားဟောမယ်။ အသင်းနဲ့ ပတ်သက်တဲ့သူတွေက မြန်မာစာရဲ့ အခန်းကဏ္ဍကို ပြောပါမယ်။ မြန်မာစာက မိခင်ဘာသာစကား၊ မိခင်စာပေဖြစ်တယ်။ ရုံးသုံးကျောင်းသုံးဘာသာစကား ဖြစ်တယ်။ အားလုံးလည်းသိတယ်။ ဆရာတော်ရဲ့စကားနဲ့အညီ ဗုဒ္ဓဘာသာကို မြန်မာတွေရဲ့ ရင်ထဲ နှလုံးထဲရောက်အောင် ဟိုးယခင်ကတည်းက ပို့ဆောင်ခဲ့တဲ့ ဘာသာစကားဖြစ်တယ်။ ရုံးသုံးကျောင်းသုံးအတွက် အသုံးပြုတဲ့ ကြားခံပညာ သင်ကြားရေးအတွက် ကြားခံလို့ ပြောတာအပြင် ဘာသာတရားကို လူတွေရဲ့ရင်ထဲရောက်အောင်ပို့ပေးတဲ့ ကြားခံပစ္စည်းလို့ ပြောရတယ်။ မြန်မာစာက ဗုဒ္ဓဘာသာနဲ့ တစ်သားတည်း ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာတာ၊ ဗုဒ္ဓဘာသာအကြောင်းပြုလို့ မြန်မာစာဖွံ့ဖြိုးတာပဲ၊ ဗုဒ္ဓဩဝါဒတွေ၊ လူတွေရဲ့ ကိုယ်ကျင့်တရားတွေ၊ လူတွေရဲ့ စိတ်ကောင်းစေတနာကောင်းတွေ နိုးကြားဖို့ မြန်မာစာက အများကြီး အထောက်အကူပြုတယ်။ မြန်မာစာနဲ့ ဗုဒ္ဓဘာသာဆက်စပ်ပြီးတော့ မြန်မာစာဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာစာကို လူတွေအလေးထားဖို့၊ ချစ်မြတ်နိုးဖို့၊ ဒီပွဲလုပ်တာဖြစ်ပါတယ်။ အခု



ဦးအောင်စိုးဦး

နောက်ပိုင်း လူငယ်တွေ မြန်မာစာနဲ့ ပတ်သက်ပြီး အတိမ်းအချော်လေးတွေ ဖြစ်လာတာ များလာတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာစာက မိခင်ဘာသာစကားဖြစ်တယ်။ မြန်မာနိုင်ငံမှာမွေးပြီး ကြီးပြင်းလာတဲ့ လူမျိုးတစ်ယောက်အနေနဲ့ ကိုယ့်မိခင်ဘာသာစကားအနေနဲ့ မြန်မာစာ မြန်မာစကားကို အလေးထားပြီး လေ့လာစောင့်ရှောက်ဖို့ ထိန်းသိမ်းဖို့ဆိုတာ အရေးကြီးတဲ့ တာဝန်တစ်ရပ်အနေနဲ့ လိုအပ်တဲ့အတွက် ယနေ့ လူငယ်တွေ အတိမ်းအချော်ဖြစ်နေတဲ့ ကိစ္စတွေကို တတ်နိုင်သလောက်ဝိုင်းဝန်းပြီး မြန်မာစာကို အလေးထားလာအောင် မြန်မာစာ တန်ဖိုးသိလာအောင် အသင်းကလည်း အဲဒီအတိုင်း ဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

အသင်းဥက္ကဋ္ဌ ဂုဏ်ထူးဦးသိန်းနိုင်က "ဒီနေ့ဟောပြောမယ့် အကြောင်းအရာက တို့စာကို ချစ်မြတ်နိုးပါ။ တို့ဗမာ အစည်းအရုံးရဲ့ ကြွေးကြော်သံရှိတယ်။ မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ။ တို့စာကို ချီးမြှင့်ပါ။ တို့စကားကိုလေးစားပါ။ အဲဒီကနေ သူ့ကျွန်ဘဝကနေ လွတ်အောင် ကြိုးစားခဲ့ကြတာ။ မြန်မာစာပေက အမျိုးသားရေးပါ။ အမျိုးသားရေးဖြစ်တဲ့ မြန်မာစာကို မေ့မေ့လျော့လျော့ ပေါ့ပေါ့



ဒေါက်တာ အရှင်ဆေကိန္ဒ

တန်တန်မထားဘဲ မြန်မာစာကို ချီးမြှင့်ကြပါ။ မြန်မာစာကို အလေးအနက်ထားပြီး မပျက်စီးကြဖို့ ပြောချင်ပါတယ်။ ဂျာနယ်တွေ သတင်းစာတွေမှာ သတ်ပုံတွေ စကားအသုံးအနှုန်းတွေ၊ ဝါကျအသုံးအနှုန်းတွေကို သတိထားစေချင်တယ်" ဟု ပြောသည်။

တရားပွဲသို့ တက်ရောက်လာသည့် ဦးမင်းကိုနိုင်က "အခုဆိုရင် ပုံနှိပ်ခေတ်ကနေ Online ခေတ်ကို ပြောင်းသွား



ဂုဏ်ထူးဦးသိန်းနိုင်

တယ်။ ပုံနှိပ်မကျန်ဘူးလားဆိုတော့ ကျန်ပါတယ်။ အမှန်အတိုင်းပြောတော့ နည်းသွားတယ်။ ဘာကွာသွားလဲဆိုတော့ ပုံနှိပ်တုန်းက စာပြင်ဆရာတွေရှိတယ်။ အကြောင်းအရာတစ်ခုက ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ ဘာသာစကား ပျက်သွားတာမျိုး မရှိပါဘူး။ စာပြင်ဆရာရှိတယ်၊ စာတည်းတွေရှိတယ်။ အခု Online ကျတော့ သူ့ဟာသူ ခလုတ်နှိပ်ပြီးတင်လိုက်ကြတဲ့အခါကျတော့ ကြားထဲမှာ စာမူကို တည်းဖြတ်ပေးမယ့်သူမရှိဘူး။ နောက်တစ်ခါ စာပြင်ဆရာဆိုတာမရှိဘူး။ သတ်ပုံကအစ အဲဒါက မြန်မာစာပေကို ကြီးစွာသော သက်ရောက်မှုဖြစ်ပါတယ်။ စာမူကောင်းခြင်း မကောင်းခြင်း ပြောတာ မဟုတ်ဘူး။ စာပေတစ်ခုမှာရှိတဲ့ သူ့စည်းကမ်းကို ကျော်သွားတာရှိတယ်။

အထူးသဖြင့် စာလုံးပေါင်းတွေ အသစ်တင်ထားတဲ့ ဗန်းစကားတွေက မူရင်းမြန်မာစာပေကို ထိခိုက်တာရှိတယ်။ အဲဒါတွေအတွက် ဒီဆရာကြီးတွေရယ်၊ ဆရာတော်တွေရယ် ပူးပေါင်းပြီး ဆောင်ရွက်တာ သက်ရောက်မှုတစ်စုံတစ်ရာတော့ ရှိမယ်လို့ထင်ပါတယ်။ ထိန်းသိမ်းသင့်တာကို ထိန်းရပါမယ်။ အသစ်တီထွင်တာကို သဘောတူတယ်။ ကြိုဆိုပေမယ့် ထိန်းသိမ်းသင့်တာကို ထိန်းရမယ်လို့ ယုံကြည်တယ်။ အများစုက လိုက်မလုပ်ရင် ဘယ်အရာမဆို ပျောက်သွားမှာပဲ။ အတွေးအခေါ် အယူအဆကောင်းတယ်လို့ ပြောလို့ရတယ်။ နောက်တင်ပြပုံလည်းကောင်းတယ်။ ဒါပေမယ့် ဗန်းစကားများများသုံးမှ အများကြိုက်မယ်လို့ထင်တာ ဝမ်းနည်းတယ်။ တကယ်စာကောင်းပေကောင်းက ဗန်းစကားမပါလည်း ရတယ်။ အခုခေတ်စား စကားလုံးကို သိပါတယ်လို့ ပြောချင်ပုံရတယ်။ သူလည်း သုံးတတ်ပါတယ်လို့ ပြောချင်ပုံရတယ်။ ဂန္ထဝင် စာပေတွေ ပြန်ကြည့်လိုက်ပါ။ စာကောင်းတစ်ပုဒ်က ဗန်းစကားပါမှ မဟုတ်ဘူး။

အများစုက ရေးချင်တဲ့သူတွေ ရေးချင်စိတ်ရှိအောင် မက်လုံးတစ်ခုရှိဖို့ လိုတယ်။ စာကောင်းတစ်ပုဒ်ရေးမယ်၊ ရေးပြီးရင် ဘာမှမကြာသေးဘူး၊ စာအုပ်ထုတ်ပြီး Online ပေါ်တင်လိုက်ပြီးတော့ အခမဲ့ဖြစ်သွားရင် အဲဒီလူတွေ အားထုတ်ချင်စိတ်နည်းသွားမယ်။ စာပေနဲ့ ပတ်သက်ရင် မူပိုင်ခွင့်တွေဆိုတာလည်း



ဦးမင်းကိုနိုင်

တန်ဖိုးရှိတယ်။ ဉာဏပစ္စည်း မူပိုင်ခွင့်ကလည်း အရေးကြီးတယ်၊ စာရေးသူအတွက် မက်လုံးလိုလာတယ်။ စာကောင်းတစ်ပုဒ်ရေးပြီးရင် စိတ်အေးလက်အေး နားနိုင်မယ့် ထောက်ပံ့မှုမျိုး ဘယ်လောက်ပေးနိုင်မလဲ၊ မက်လောက်အောင် မက်လုံးတွေရှိရင် စာကောင်းတွေ ထွက်လာမယ်။ အဲဒါတွေ ဖတ်မယ့်သူတွေ အဆင်သင့်ဖြစ်ပြီလားပေါ့။ စာမဖတ်ဘူးလို့တော့ မပြောဘူး။ လူငယ်တွေစာဖတ်နေတယ်။ ဒါပေမယ့် ဖတ်တဲ့အမျိုးအစားက ဘာလဲပေါ့။ ဖုန်းကို ပွတ်နေတာ အပြစ်မပြောဘူး။ အနာဂတ်အတွေးအခေါ်မဲ့တာမျိုး တစ်ယောက်ယောက် နှုတ်ဆက်တာလောက်နဲ့ မဖြစ်စေချင်ဘူး၊ အားလုံးဝိုင်းစဉ်းစားရမှာပေါ့"ဟု ဆိုသည်။

မြန်မာစာပေ ချစ်မြတ်နိုးသူများ အသင်းကို မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေ ပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ ဂုဏ်ကိုမြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်နှင့် မြန်မာစာပေ စွမ်းအားဖြင့် ကျွန်ုပ်တို့၏ နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

---

❍ ရှေ့ဖုံးမှ

ကျန်ရှိနေပါတယ်။ ဒီနှစ်မှာ ကြိုတင်ပြင်ဆင်ထားတဲ့စက်တွေရဲ့ အခြေအနေအရ ဓာတ်အားကို စက်ရုံအလိုက်ထုတ်လုပ်နိုင်မှု အပြည့်အဝထုတ်လုပ်ပေးပြီးတော့ လာမယ့်နွေရာသီမှာ ဓာတ်အားလုံလောက်အောင် ပံ့ပိုးပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်" ဟု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ပြောပြသည်။ ၂၀၁၆ ခုနှစ်အတွင်း ရေအားလျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် ဒီဇယ်စက်အမျိုးအစားတို့မှ စုစုပေါင်းတပ်ဆင်စက်အင်အား ၅၄၀၃ ဒသမ ၀၃၈ မဂ္ဂါဝပ်၊ အမြင့်ဆုံးဝန်အား ၂၈၀၁ ဒသမ ၆ မဂ္ဂါဝပ်သို့ ရောက်ရှိခဲ့ပြီး လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၇၄၅၁ ဒသမ ၀၁ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ခေတ်မီလာသည့် လူမှုပတ်ဝန်းကျင်အနေအထားအရသော်လည်းကောင်း၊ ဖွံ့ဖြိုးလာသည့် စက်မှုစီးပွားရေးလုပ်ငန်းများအရသော်လည်းကောင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျင်မြန်စွာတိုးမြင့်ခဲ့ရာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ယူနစ်သန်းပေါင်း ၁၄၉၄၉ ဒသမ ၀၇ သုံးစွဲမှုရှိခဲ့ရာ ၂၀၁၅ ခုနှစ်နှင့် သုံးစွဲမှုပမာဏ နှိုင်းယှဉ်ပါက သန်းပေါင်း ၂၀၁၈ ဒသမ ၅၆၊ ရာခိုင်နှုန်းအားဖြင့် ၁၆ ရာခိုင်နှုန်းခန့်အထိ တိုးတက်သုံးစွဲခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် အမြင့်ဆုံးဝန်အား ၁၄၃၆ မဂ္ဂါဝပ်နှင့် တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၀၈ ယူနစ်ရှိရာမှ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဝန်အား ၂၈၀၁ ဒသမ ၆ မဂ္ဂါဝပ်နှင့် တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၂၆၃ ယူနစ်အထိ တိုးတက်သုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

**တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့ပင်မဓာတ်အားခွဲရုံကို တွေ့ရစဉ်** (ဓာတ်ပုံ-သိန်း)



# မောင်တောမြို့၌ ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပ



**မောင်တော ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့၏ (၂၄)ကြိမ်မြောက် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို ယနေ့ ည ၇ နာရီက မောင်တောမြို့ မင်းဘာကြီးလမ်း၌ ကျင်းပသည်။

အစီအစဉ်အရ ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို မောင်တောမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမဏိသာရ၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် သူရစန်းလွင်၊ အမှတ်(၁၅)စစ်ဆင်ရေးကွပ်ကဲရေး ဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ကျော်စိုးမင်း၊ မောင်တောခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် မြို့မိ မြို့ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရခိုင်မင်္ဂလာစည်တော်တီးခတ် ဖွင့်လှစ်သည်။ **(ယာပုံ)**

ထို့နောက် (၂၄)ကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပရေး နာယက မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွဋ်က ယနေ့ ကျင်းပသည့် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်သည် တိုင်းရင်းသားရခိုင်လူမျိုးတို့၏ ရှေးပဝေသဏီကတည်းက ဆင်းသက်လာသည့် အစဉ်အလာဖြစ်ကြောင်း၊ ရခိုင်လူမျိုးများအနေဖြင့် အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များစောင့်ထိန်းရာတွင် အတိမ်းအစောင်းများရှိလာပါက ပုဂ္ဂိုလ်ရေးထိခိုက်မှုမရှိစေဘဲ ပြုပြင်ထိန်းသိမ်းနိုင်ရန်နှင့် အချိန်မီကာကွယ်နိုင်ရန် သံချပ်များထိုး၍ ထောက်ပြလေ့ရှိကြကြောင်း၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုများသည် ဓလေ့စရိုက်အခြေခံစံနှုန်းချင်းမတူသည့် ပြည်ပ အမူအကျင့်များ ထိုးဖောက်ဝင်ရောက်ခြင်းမခံရရန် တားဆီးကာကွယ်ပေးသည့် စိတ်ဓာတ်ရေးရာတံတိုင်းကြီးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး စုစည်းညီညွတ်စွာလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မောင်တောမြို့သူမြို့သားများအနေဖြင့် အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ထုတ်ပြသသည့် ယဉ်ကျေးမှု အစဉ်အလာရိုးရာပွဲတော်များကို ဆက်လက်ကျင်းပဖော်ထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့မိမြို့ဖ ဦးလှဖြူသန့်က ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ဗုဒ္ဓပူဇနိယယိမ်းအက၊ ရထားပန်းယိုင်ယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရခိုင်ရိုးရာရထားဆွဲပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တောမြို့၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-မောင်ဖိုးဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-နေဝင်းထွန်း**

# မှိုအဆိပ် Aflatoxin ပါဝင်မှု ထိန်းချုပ်တားဆီးရေးနည်းလမ်းများဆိုင်ရာ ပညာပေးဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၉**

သီးနှံများနှင့် လူ၊ တိရစ္ဆာန်အစားအစာများတွင်ပါဝင်နိုင်ပြီး အစာကွင်းဆက်ဖြစ်စဉ် (Food Chain Process) အထိပါ ပါဝင်သွားနိုင်သော၊ အသည်းကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်မားသော Aflatoxin မှိုအဆိပ်ကို ထိန်းချုပ်တားဆီးနိုင်ရန် မှိုအဆိပ်ပါဝင်နိုင်သော သီးနှံများ(မြေပဲ၊ ငရုတ်၊ ပြောင်း၊ အစေ့အဆန်များစသည်) တို့ကို စိုက်ပျိုးစဉ်၊ ရိတ်သိမ်းစဉ်၊ သိုလှောင်စဉ်၊ သယ်ပို့စဉ်၊ ကြိတ်ခွဲစဉ် လုပ်ငန်းစဉ်အဆင့်ဆင့်များတွင် ဆောင်ရွက်ရန် နည်းလမ်းများနှင့် Aflatoxin မှိုအဆိပ်၏ အန္တရာယ်များအကြောင်း ပညာပေးဆွေးနွေးပွဲကို သံတွဲမြို့နယ် ငပလီ၌ ဖေဖော်ဝါရီလ ပထမပတ်က ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ရှိ ခရိုင်ငါးခု၊ မြို့နယ် ၁၇ ခု၊ မြို့နယ်ခွဲ သုံးခုတို့မှ စိုက်ပျိုးရေးဝန်ထမ်း ၈၉ ဦး တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သော စိုက်ပျိုးနည်းပညာပေး အလုပ်ရုံဆွေးနွေးပွဲတွင် ယင်းအစီအစဉ်ကို ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်နုသွင် **(ဝဲပုံ)** က Aflatoxin မှိုအဆိပ်ထုတ်လုပ်နိုင်သော မှိုအမျိုးအစားများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ယင်းမှိုများ ကျရောက်မှုကို ကြိုတင်ကာကွယ်တားဆီးရန် ဆောင်ရွက်သင့်သော နည်းလမ်းများ၊ မှိုအဆိပ်အမျိုးအစားများနှင့် အန္တရာယ်ရှိမှု၊ အာဆီယံနိုင်ငံများ၌ သတ်မှတ်ထားသော နိုင်ငံအလိုက် သီးနှံအလိုက် လက်ခံနိုင်သည့် မှိုအဆိပ်ပမာဏများအကြောင်းကို ဆွေးနွေးပြီး သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းမှ ဒု-ဦးစီးမှူး ဦးကိုကိုလတ်က နိုင်ငံခြားပို့ကုန်များတွင် Aflatoxin ပါဝင်မှုကို ပိုးသတ်ဆေးဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေးပြီး ထောက်ခံချက်ထုတ်ပေးနေမှုများ၊ မှိုအဆိပ်ထိန်းချုပ်မှုနှင့် မှိုအဆိပ်ဖယ်ရှားနည်းများ၊ မြန်မာနိုင်ငံ မှိုအဆိပ်ပြဿနာများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ - ၁၄၄၊ ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ်(၁/၂၀၁၇)ဖြင့် ပြင်ဆင်ထုတ်ပြန်

**မောင်တော ဖေဖော်ဝါရီ ၉**

မောင်တောခရိုင်အတွင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက် (၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၆ ရက်)တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ - ၁၄၄ အရ ထုတ်ပြန်ခဲ့သည့် ညမထွက်ရအမိန့် ပြစ်မှုဆိုင်ရာအထွေထွေအမှု အမှတ် (၂/၂၀၁၆) ကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ -၁၄၄၊ ပြစ်မှုဆိုင်ရာ အထွေထွေအမှု အမှတ်(၁/၂၀၁၇)ဖြင့် ယနေ့တွင် ပြင်ဆင်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါပြင်ဆင်ထုတ်ပြန်သည့် အမိန့်တွင် မောင်တောခရိုင်အတွင်း ပြည်သူတို့ သွားလာရာ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ်(သို့မဟုတ်) အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ၅ ဦး(သို့မဟုတ်) ၅ ဦးထက်ပိုသော လူများစုဝေးခြင်း မပြုလုပ်ရန်နှင့် ယခင်က ထုတ်ပြန်ခဲ့သည့် ည ၇ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီကာလအတွင်း ညမထွက်ရအမိန့်အစား ယခု ည ၉ နာရီမှ နံနက် ၅ နာရီထိ ကာလအတွင်း ညမထွက်ရအမိန့်ကို ထပ်မံပြင်ဆင်ထုတ်ပြန်လိုက်ကြောင်း၊ ထပ်မံထုတ်ပြန်သည့်အမိန့်သည် ယနေ့မှစ၍ ၂ လပြည့်မြောက်သည်အထိ အတည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်း ၂၀၁၂ ခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် အများပြည်သူတို့၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်များ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက မောင်တောခရိုင်၏ နယ်စပ်ဒေသလုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေသည့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး (ဌာနချုပ်) နှင့် နယ်မြေရဲကင်းစခန်း ၂ ခုတို့အား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်သည့် ဖြစ်စဉ်များကြောင့် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။

"ဒေသတည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ညမထွက်ရအမိန့်ကို အချိန်လျှော့ပြီး ထုတ်ပြန်တာဖြစ်ပါတယ်။ အရင်က ည ၇ နာရီကနေ နောက်နေ့ နံနက် ၆ နာရီအထိ ညမထွက်ရဘူး၊ အခု ည ၉ နာရီ ကနေ နောက်နေ့ နံနက် ၅ နာရီအထိဆိုပြီး ညမထွက်ရတဲ့အချိန်ကို လျှော့ချလိုက်တာဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့ သတ်မှတ်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ဖို့နဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်" ဟု မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပြောကြားသည်။

မောင်တောဒေသခံ အဗ္ဗဒူအာမင်က "အခုလို ညမထွက်ရအမိန့်ကို ပြင်ဆင်ထုတ်ပြန်ပေးတာ ဝမ်းသာတယ်၊ ကျွန်တော်တို့ အရင်ကဆိုရင် ည ၇ နာရီမထိုးခင်ကို အလုပ်တွေ မြန်မြန်ပြီးအောင်လုပ်ရတယ်၊ အခုတော့ အလုပ်ပြီးဖို့ သိပ်ဆန္ဒစောဖို့ မလိုတော့ဘူး၊ ဒီအမိန့်ကို ကြိုဆိုပါတယ်" ဟု ပြောသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

# မောင်တောမြို့၌ မူခင်းအသိပညာပေး ဟောပြော

**မောင်တော ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့မင်းဘာကြီးလမ်း နာရီစင်လမ်းဆုံ ၌ ယနေ့ နံနက်ပိုင်းတွင် မောင်တောရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူး ကျော်အေးလှိုင်နှင့် တာဝန်ရှိသူများက မူခင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ ဒုစရိုက်မှုများ လျှော့နည်းရေး၊ လူသတ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းဆိုင်ရာများကို ပြည်သူလူထုထံ အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

"သက်ငယ်မုဒိမ်းနဲ့ ပတ်သက်တဲ့ပြစ်မှုပြစ်ဒဏ်တွေနဲ့ မူခင်းဆိုင်ရာအသိပညာတွေ၊ မူခင်းနဲ့ပတ်သက်တဲ့ ပြစ်ဒဏ်တွေကို အများပြည်သူတွေသိအောင် ဟောပြောရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့က ဒီလိုလမ်းဆုံမှာတင်မကပါဘူး၊ မောင်တော ဒေသမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ကျေးရွာတွေနဲ့ ရပ်ကွက်တွေ ကိုပါ လှည့်လည်ဟောပြောပါတယ်၊ ပြည်သူတွေ မူခင်းနဲ့ ပတ်သက်တဲ့အသိပညာတွေ တိုးပွားစေလိုလို့ ဖြစ်ပါတယ်"ဟု ဒုရဲမှူး ကျော်အေးလှိုင်က ပြောကြားသည်။

မောင်တောဒေသခံ အာရိုကူမားက "ဒီလို အသိပညာပေးဟောပြောတာ ကောင်းပါတယ်၊ ကျွန်တော်တို့လည်း ဗဟုသုတရတယ်၊ များများဟောပြောစေချင်ပါတယ်"ဟု ပြောကြားသည်။

**မောင်ဖိုးဇော်(ကလေး)**

# မသင်္ကာသူ နှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-ကဇူးကိုင်း-စစ်တွေ ကားလမ်း၌ ဖေဖော်ဝါရီ ၇ ရက် ည ၉ နာရီက မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် အမ်း-ကဇူးကိုင်း-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ် ၂၀/၁ နှင့် ၂၀/၂ ကြား၌ မသင်္ကာသူ နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ကျောက်တော်မြို့နယ် ပေါက်တော ပလောင်ကျေးရွာနေ ဇက်တူးနှင့် ဘော်ရှီရာမွတ်တို့ဖြစ်ပြီး တစ်ရွာတည်းနေ ကော်မော် က အခကြေးငွေဖြင့် ရန်ကုန်သို့ ပို့ဆောင်ပေးမည်ဟုဆိုကာ ဖေဖော်ဝါရီ ၃ ရက် ညနေတွင် ၎င်းတို့ရွာမှ ဆိုင်ကယ်ဖြင့် စတင်ထွက်ခွာခဲ့ကာ ဖေဖော်ဝါရီ ၄ ရက် နံနက်တွင် ကဇူးကိုင်းကျေးရွာအနီးရှိ တောစပ်တစ်နေရာသို့ ရောက်ရှိခဲ့ကြောင်း၊ အဆိုပါနေရာ၌ ၎င်းတို့ နှစ်ဦးကို ထားခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ကားလမ်းအတိုင်း လမ်းလျှောက်လာစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများကို အမ်းမြို့နယ်ရဲစခန်း၌ တရားဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ ယနေ့ နံနက် ၁ နာရီခန့်က ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် နမ့်အွန်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၂၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် KIA ပြောက်ကျား ယူနီဖောင်းဝတ် အလောင်း နှစ်လောင်း၊ M-22 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် သုံးခုနှင့် ၎င်းကျည် ၃၃၁ တောင့်၊ ၄၀ မမဗုံးသီးငါးလုံး၊ လောလောင်ချာပို့ကျည် နှစ်တောင့်၊ TNT ယမ်းပြင်း နှစ်တုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုမာလီဝန်ကြီးချုပ်ဟောင်း သမ္မတအဖြစ် ရွေးချယ်ခံရ




**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၉**
ဆိုမာလီနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မိုဟာမက်အဗ္ဗဒူလာဟီဖာမာဂျိုသည် မဲခွဲမှုတွင် လက်ရှိသမ္မတ ဟက်ဆန်ရှိတ်မိုဟာမက်အား အနိုင်ရရှိခဲ့ပြီး ဆိုမာလီသမ္မတအဖြစ် ရွေးချယ်ခြင်းခံခဲ့ရကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

လက်ရှိသမ္မတ ဟက်ဆန်ရှိတ်မိုဟာမက်သည် မဲခွဲမှုတွင် နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ပြီး ဝန်ကြီးဟောင်းဖြစ်သူ မိုဟာမက်အဗ္ဗဒူလာဟီဖာမာဂျိုက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ်မဲခွဲမှုတွင် ဖာမာဂျိုက ၁၈၄ မဲရရှိကာ ရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် လက်ရှိသမ္မတမိုဟာမက်က ၉၇ မဲ၊ တတိယပြိုင်ဘက်ဖြစ်သူ သမ္မတဟောင်း ရှာရစ်ဖ်ရှိတ်အာမက်က ၄၅ မဲအသီးသီးရရှိခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် ဖာမာဂျိုသည် နိုင်ငံရေးသိပ္ပံမဟာဘွဲ့ကို ဘက်ဖ်လိုရှိ နယူးယောက် တက္ကသိုလ်မှ ရရှိခဲ့ပြီးနောက် နယူးယောက်ပြည်နယ်တွင် ဘက်ဖ်လိုစည်ပင်အာဏာပိုင်အဖြစ်လည်းကောင်း၊ အဲရီနယ်မြေ လုပ်သားအခွင့်အလမ်း မျှတရေးတွင်လည်းကောင်း၊ နယူးယောက်ပြည်နယ် သယ်ယူပို့ဆောင်ရေး ဌာနတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

ဖာမာဂျိုသည် သမ္မတအာမက်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့ကြား စိတ်ဝမ်းကွဲမှုဖြစ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ရာထူးမှ ဖြုတ်ချခြင်းခံရသည်။ ၂၀၁၁ ခုနှစ်တွင် တာရိုဟု လူသိများသော တရားမျှတမှုနှင့် ညီညွတ်ရေးပါတီအား တည်ထောင်ခဲ့ကာ အထွေထွေအတွင်းရေးမှူးတာဝန်ယူခဲ့ကြောင်း သိရသည်။

အနိုင်ရရှိခဲ့သူ ဝန်ကြီးချုပ်ဟောင်းဖြစ်သူ တက္ကသိုလ်ပါမောက္ခ ဖာမာဂျိုက ရွေးကောက်ပွဲကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ရွေးကောက်ပွဲအဖွဲ့များနှင့် စီစဉ်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အစ္စရေးနိုင်ငံ အီလတ်မြို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၉**
အစ္စရေးနိုင်ငံ တောင်ဘက်ဆုံးမြို့ဖြစ်သည့် အီလတ်မြို့ကို ယမန်နေ့က ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သုံးစင်းအား အိုင်းယွန်း ဒုံးကျည်ကာကွယ်ရေးစနစ်ဖြင့် ပစ်ခတ်တားဆီးနိုင်ခဲ့သော်လည်း တစ်စင်းမှာ တားဆီးနိုင်ခြင်းမရှိဘဲ လူသူကင်းမဲ့သည့်နေရာသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။



ဒုံးကျည်များကို အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်မှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ အစ္စရေးမီဒီယာများ၏ဖော်ပြချက်အရ ဒုံးကျည်ပစ်ခတ်မှုကြောင့် ဒေသတွင်းပြည်သူများကို စိုးရိမ်ကြောက်လန့်မှု ဖြစ်ပွားစေခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်ကလည်း အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသမှ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က အီလတ်မြို့အား ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့သေးကြောင်း သိရသည်။

အီလတ်မြို့တိုက်ခိုက်မခံရမီ အစ္စရေးနိုင်ငံမြောက်ပိုင်း ဂိုလန်ကုန်းမြင့်လည်း လက်နက်ကြီးဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း၊ အစ္စရေးစစ်ဘက်မှ တုံ့ပြန်မှုအနေဖြင့် ဂိုလန်ကုန်းမြင့်တစ်ဖက်ခြမ်းရှိ ဆီးရီးယားအစိုးရတပ်စခန်းကို လက်နက်ကြီးဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားပြည်တွင်းစစ် စတင်ချိန်မှစကာ ဆီးရီးယားနိုင်ငံအတွင်းမှ လက်နက်ကြီးများသည် အစ္စရေးနိုင်ငံမှ ထိန်းချုပ်ထားသည့် ဂိုလန်ကုန်းမြင့် တစ်ဖက်ခြမ်းသို့ မကြာခဏ ကျရောက်လေ့ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဒီမိုကရက်တစ်ပါတီဝင်များနှင့် အတိုက်အခံဖြစ်ပြီးနောက် ကန်ရှေ့နေချုပ်အဖြစ် ဂျက်ဖ်ဆက်ရှင်အားအတည်ပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**
အပြင်းအထန် သဘောထားကွဲလွဲမှုများ ဖြစ်ပွားခဲ့သည့် အမေရိကန် ဆီးနိတ်လွှတ်တော်သည် ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော်အမတ် ဂျက်ဖ်ဆက်ရှင်အား ဗုဒ္ဓဟူးနေ့တွင် အမေရိကန်၏ ရှေ့နေချုပ်အဖြစ် ရွေးချယ်အတည်ပြုလိုက်ကြောင်း သိရသည်။

ဒီမိုကရက်တစ်ပါတီဝင်များ၊ ပြည်တွင်း လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့များနှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့များက ၎င်း၏ လှုပ်ရှားဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းနှင့်ပတ်သက်၍ အပြင်းအထန်ကန့်ကွက်ဆန့်ကျင်ခဲ့ကြပြီးနောက်တွင် မဲခွဲဆုံးဖြတ်မှုများ ပြုလုပ်ကာ ၎င်းအားရှေ့နေချုပ်အဖြစ်အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၇၀ ရှိပြီဖြစ်သည့် လွှတ်တော်အမတ်ဆက်ရှင်သည် ဆယ်စုနှစ်နှစ်ခုကြာသည်အထိ ဆီးနိတ်လွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်ရှင်အား အတည်ပြုခန့်အပ်ရေးတွင် ဒီမိုကရက်တစ်ပါတီဝင်များက ၎င်းအား ပြည်သူလူထု ထောက်ခံမှုကျဆင်းအောင် ပြုလုပ်ခဲ့ပြီးသည့်နောက်တွင် ၅၂ မဲ- ၄၇ မဲဖြင့် အတည်ပြုခန့်အပ်နိုင်ခဲ့သည်။

၎င်းအား အမေရိကန်၏ ရှေ့နေချုပ်အသစ်အဖြစ် အတည်ပြုနိုင်ရန် လုံလောက်သော မဲအရေအတွက်ဖြင့် ကူညီထောက်ခံပေးခဲ့ကြသူများအား များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ဆက်ရှင်သည် ရာထူးရရှိရေးအတွက် ယှဉ်ပြိုင်မှု၊ ပြည်တွင်းအခြေချနေထိုင်ရေးဆောင်ရွက်မှုနှင့် ရာဇဝတ်မှုဆိုင်ရာ တရားမျှတရေး ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များနှင့်ပတ်သက်၍ အငြင်းပွားဖွယ်မှတ်တမ်းများ ရှိခဲ့သူအဖြစ် အဖွဲ့အစည်းအချို့၏ ဝေဖန်သတိပေးမှုများကို ခံခဲ့ရသည်။ **(ရိုက်တာ)**



# ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေး အောက်လွှတ်တော်က အစိုးရအားလုပ်ပိုင်ခွင့်ပေး

**လန်ဒန် ဖေဖော်ဝါရီ ၉**
ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေး လုပ်ငန်းဆောင်ရွက်ရန် အစိုးရအား လုပ်ပိုင်ခွင့်အပ်နှင်းမည့် ဥပဒေကြမ်းကို အောက်လွှတ်တော်တွင် ယမန်နေ့က အပြီးသတ်ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ အရေးပါသော အခက်အခဲကို ကျော်ဖြတ်ရန် ဝန်ကြီးချုပ် ထရီစာမေအစိုးရက ထောက်ခံမဲ ၄၉၄ မဲ၊ ကန့်ကွက်မဲ ၁၂၂ မဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယမန်နေ့ညပိုင်း မဲခွဲဆုံးဖြတ်ရာတွင် ဆိုင်းငံ့မှုတချို့ရှိခဲ့သော်လည်း ခွင့်ပြုချက်အားလုံးနီးပါး ရရှိခဲ့ကြောင်း၊ အီးယူမှ ထွက်ခွာမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ဝန်ကြီးချုပ်မေက လာမည့်ရက်အနည်းငယ်အတွင်း ဘရပ်ဆဲလ်ရှိ အီးယူရုံးချုပ်သို့ ဆက်လက်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်ပြီး ထရီစာမေအစိုးရက လွှတ်တော်သို့ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တင်ပြခဲ့ခြင်းဖြစ်သည်။ လွှတ်တော်အဖွဲ့ဝင်များက အချေအတင်ဆွေးနွေးမှုများကို ညသန်းခေါင်အချိန်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တောင်ဆူဒန်သို့ ဂျပန်နိုင်ငံမှ ငြိမ်းချမ်းရေးထိန်းသိမ်းသူများ မစေလွှတ်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးပြောကြား

**တိုကျို ဖေဖော်ဝါရီ ၉**
ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါသည် တောင်ဆူဒန်၌ ဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ပွဲများမှာ နိုင်ငံတကာဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခအနေအထားမျိုးမဟုတ်သည့်အတွက် ဂျပန်နိုင်ငံမှငြိမ်းချမ်းရေး ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်သူများကို တောင်ဆူဒန်သို့ အခြေချနေထိုင် ရန်အတွက် စေလွှတ်ခြင်းမပြုနိုင်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကြာသပတေးနေ့က ပြုလုပ်သည့်အစည်းအဝေးတွင် အတိုက်အခံ ဥပဒေပြုအမတ်တစ်ဦးက အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် အကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးရန် ခက်ခဲနိုင်သည့်အတွက် တိုက်ပွဲဖြစ်ပွားသည်ဟူသောစကားလုံးကို သုံးနှုန်းရန် ရှောင်လွှဲနေခြင်း ဟုတ်မဟုတ် မေးခွန်းထုတ်ခဲ့သည်။

အီနာဒါက ၎င်းအနေဖြင့် တိုက်ပွဲဖြစ်ပွားသည်ဟူသော အသုံးကို တိုက်ပွဲဖြစ်ပွားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ရောထွေးမသွားစေလိုကြောင်း ပြောကြားခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအား စေလွှတ်ရန် ဂျပန်က ချမှတ်ထားသည့်ဆုံးဖြတ်ရန်မှုများသည် အပစ်အခတ်ရပ်စဲရေးထူထောင်ထားသည့် နယ်မြေများတွင် ကာကွယ်ရေးအင်အားစုများ၏ လှုပ်ရှားဆောင်ရွက်မှုကိုလည်း ကန့်သတ်ထားသည်။

တောင်ဆူဒန်၌ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုများ၊ သတ်ဖြတ်မှုများ၊ ကျူးကျော်တိုက်ခိုက်ရန်စမှုများ ဖြစ်ပွားနေသည်မှန်သော်လည်း အဆိုပါအခြေအနေများသည် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ၏ အစိတ်အပိုင်းများ မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ပြည်သူ့ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   ဖေဖော်ဝါရီ   ၉

**ပြည်သူ့ဒီမိုကရေစီပါတီပူးတွဲတည်ထောင်သူ ဒေါက်တာ သန်းထိုက်ဦးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြော တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ချစ်ခင်လေးစားရပါသော မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေ။ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံကြပါစေ။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံရေးလမ်းပေါ်တွင် လျှောက်လှမ်းနေကြသော နိုင်ငံရေးပါတီများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများ၊ ပြည်သူတို့ဘဝလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ဥပဒေအရာရှိတွေ၊ တရားသူကြီးတွေနဲ့ ပြည်သူတစ်ရပ်လုံးကလည်း **"တရားဥပဒေနှင့်အညီ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့"** ပူးပေါင်းပါဝင်လက်တွဲ လျှောက်လှမ်းကြပါစေလို့ကြောင်း မေတ္တာတရားဖြင့် ဆုတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့ဒီမိုကရေစီပါတီကို စတင်တည်ထောင်ခဲ့သူ၊ ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူ့ဒီမိုကရေစီပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တွေကို မိမိတစ်ယောက်တည်းရေးသားချမှတ်ခဲ့ပြီး ပူးပေါင်းပါဝင်လိုတဲ့ ပါတီတည်ထောင်လိုသူတွေနဲ့ ပြည်သူ့ဒီမိုကရေစီပါတီတည်ထောင်ခဲ့သူ ဒေါက်တာသန်းထိုက်ဦး ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ဦးစွာ ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံရေးအနှစ်သာရရှိရှိ ကျွန်တော်ရေးသားချမှတ်ခဲ့သော ပါတီ၏အလံ၊ logo၊ မူဝါဒ သဘောထားများကို မိဘပြည်သူများထံ တင်ပြအပ်နှံလိုပါတယ်။ ပါတီ၏အလံမှာ ---- အောက်ခံအနီရောင်ဟာ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ အပြာရောင်ဟာ တည်ကြည်ခြင်း၊ အေးချမ်းခြင်းတို့၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ ကြယ်ဖြူကြီးတစ်လုံးကို ကြယ်ဖြူသေးငါးလုံးက ဝန်းရံထားခြင်းမှာ ကြယ်ဖြူကြီးတစ်လုံးနှင့်တူသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ကြယ်ဖြူသေးငါးလုံးဖြစ်သော အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များက ဝန်းရံထားသည့်သဘောကို ဖော်ဆောင်ပါတယ်။ ကြယ်တို့၏ ဝိသေသအထူးဖြစ်သော ကိုယ်ပိုင်အလင်းရောင်ရှိခြင်း၊ ခရီးလမ်းကိုဖြောင့်ဖြူးစွာသွားရခြင်းဟူသော သဘောကိုခံယူပါတယ်။

ပါတီ၏တံဆိပ်မှာ ---- ပြည်သူ့ဒီမိုကရေစီပါတီဟာ "အရွယ်တူကြယ်ဖြူ ၁၄လုံး၏ အလယ်တွင် တူ၊ တံစဉ်၊ စက်သွားတို့ပါရှိခြင်းမှာ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုအတွင်းရှိ လယ်သမား၊ အလုပ်သမား၊ စက်မှုလုပ်ငန်းလုပ်ကိုင်နေသူများကို အခြေခံ၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်ဟူသော" အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။

တင်ပြခဲ့သော ပြည်သူ့ဒီမိုကရေစီပါတီ၏တံဆိပ် "logo" ဖြင့် ယခု ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲမှာ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေမှ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်အတွင်း ရောက်ရှိ ရေးအတွက် ပြည်သူ့ဆန္ဒကို ခံယူသွားမှာဖြစ်ပါတယ်။

ပါတီ၏မူဝါဒများမှာ **"အမျိုးသားရေးမူဝါဒ"** နဲ့ပတ်သက်၍ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သော စည်းလုံးညီညွတ်မှုကိုဖော်ဆောင်သည့် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကြိုးစားမယ်။

**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ် ရပ်ကွက်မှာရှိတဲ့ ဧရာဝတီမြစ်ဘေးက **"ပြည်သူ့အားကစားကွင်း"** ကို ၂၀၁၂ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်မှာ **"ရာသက်ပန် ပြည်သူ့အားကစားကွင်း (ဂရန် ရရှိအောင်) လွှတ်တော်ပြင်ပနိုင်ငံအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"** သို့အတွက် လည်း ယခုအချိန်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့က ပြည်သူအပေါင်းသည် ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပြည်သူ့အားကစားကွင်းကို ဥပဒေ၏အကာအကွယ်ဖြင့် သစ်လွင်တက်ကြွရောင်စုံမီးတွေနဲ့ သာယာလျက်ရှိသော ပြည်သူ့အားကစားကွင်းအသွင်ဖြစ်ပေါ်အောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝတွင် ဆောင်ရွက်ခဲ့တဲ့ ကျွန်တော်ရဲ့သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်ပါတယ်။

**"နိုင်ငံရေးမူဝါဒ"** နဲ့ ပတ်သက်လို့ စစ်မှန်သော စည်းလုံးညီညွတ်မှုရှိသည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးမယ်။

သတင်းမီဒီယာသမားတွေအတွက် အကာအကွယ်ပေးသော ဥပဒေများရှိခဲ့သော်လည်း နိုင်ငံရေးပါတီတွေဟာ ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ရင်း ဥပဒေ၏ အကာအကွယ်ကိုရရှိစေရန် **"နိုင်ငံရေးပါတီများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေ"** ပေါ်ပေါက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**"စီးပွားရေးမူဝါဒ"** နဲ့ပတ်သက်လို့ လွတ်လပ်မျှတသော ဈေးကွက်စီးပွားရေးစနစ် (Social Market Economy) ကို ကျင့်သုံးခြင်းဖြင့် အရင်းရှင်ဝါဒထွန်းကားမယ့် အန္တရာယ်မှကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

ကျွန်တော်ဟာ ပြည်သူ့ဒီမိုကရေစီ ပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်တွေနဲ့ နဲ့အညီ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဘဝအဖြစ် လွှတ်တော်ပြင်ပနိုင်ငံရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်၏ ဆောင်ရွက်ပေးမှုကြောင့် ပြည်သူ့အကျိုးစီးပွားလည်း ဖြစ်ထွန်းခဲ့ပါတယ်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ **"ပုဂ္ဂလိကမော်တော်ယာဉ်အသင်းများ စနစ်တကျပြေးဆွဲစေရေးဥပဒေ"** ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ယနေ့တိုင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များဟာ **"ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဥပဒေ၏ အကာအကွယ်ကို ရရှိခဲ့ကြပါတယ်"**

**"နိုင်ငံခြားရေးမူဝါဒ"** နဲ့ပတ်သက်လို့လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမယ်။ ဘန်ဒေါင်းမူကြီး (၅)ချက်နှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**"ကာကွယ်ရေးမူဝါဒ"** နဲ့ပတ်သက်လို့ တပ်မတော်ဟာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်တွင်းပြည်ပရန်သူများ၏ အန္တရာယ်မှကာကွယ်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ရမယ့်ကာကွယ်ရေးအတွက် အဓိကကျသော ခေတ်မီတပ်မတော်ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်မယ်။ တပ်မတော်အတွင်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး စည်းကမ်းဥပဒေများနဲ့အညီ ဝင်ရောက်လိုပါက ဝင်ရောက်နိုင်အောင် စီမံဆောင်ရွက်သွားမယ်။ အမှန်တကယ် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတိုးတက်သော တပ်မတော်ဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမယ်။

**"တောင်သူလယ်သမားရေးဆိုင်ရာမူဝါဒ"** နဲ့ပတ်သက်လို့ တောင်သူလယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်မှုကို အခြေခံထားပြီး လယ်သမားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမယ်။

**လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်ဟာ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝနှင့် လွှတ်တော်ပြင်ပနိုင်ငံရေးအဖြစ် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်မှ တောင်သူလယ်သမားတွေရဲ့ သိမ်းဆည်းခံလယ်ယာမြေတွေကို ပြန်လည်လုပ်ပိုင်ခွင့်ရရှိသည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်နိုင်ငံရေးအကျဉ်သားဘဝမှ ၂၀၁၆ ခုနှစ်ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လွတ်မြောက်လာကာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်က တောင်သူလယ်သမားများ၏ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးကို ဆောင်ရွက်ပေးနေပါတယ်။ ထို့ပြင် တောင်သူလယ်သမားတို့အတွက် အမှန်တကယ် တောင်သူလုပ်ကိုင်သော တောင်သူလယ်သမားတွေ ပုံစံ(၇) ရရှိရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေပါတယ်။

**"အလုပ်သမားရေးရာမူဝါဒ"** နဲ့ ပတ်သက်လို့ ပြည်တွင်းအလုပ်သမားတွေရဲ့ အခွင့်အရေးကို အခြေအနေပေးလာပါက ကမ္ဘာ့အလုပ်သမားတွေရဲ့အခွင့်အရေးတွေနဲ့ တန်းတူရရှိအောင် ဆောင်ရွက်သွားမယ်။

**"ဘာသာရေးဆိုင်ရာမူဝါဒ"** နဲ့ ပတ်သက်လို့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုရှိခြင်းသည် နိုင်ငံသားအခွင့်အရေးဖြစ်သည်ဟူသော သဘောထားကိုကျင့်သုံးဆောင်ရွက်သွားမယ်။

**"ပညာရေးဆိုင်ရာမူဝါဒ"** နဲ့ ပတ်သက်လို့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်သော ပညာရေးစနစ်အဖြစ် တိုးတက်အောင်ဆောင်ရွက်သွားမယ်။

**"ကျန်းမာရေးဆိုင်ရာမူဝါဒ"** နဲ့ပတ်သက်လို့ တစ်မျိုးသားလုံး၏ သက်ရှည်ကျန်းမာရေးအတွက် လူသားမျိုးနွယ်စုတွေကို ကောင်းကျိုးပေးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးတက်ထွန်းကားနေသော အနောက်တိုင်းဆေးပညာ၊ ဟိုမီယိုပက်သစ်ဆေးပညာ၊ အာယုဗေဒဆေးပညာ၊ အော်တာနေးတစ်ဆေးပညာရပ်တွေအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းဆေးကောင်စီ၊ အနောက်တိုင်းဆေးကောင်စီ၊ ဥပဒေတွေနဲ့အညီ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမယ်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထွန်းကားနေသော ဟိုမီယိုပက်သစ်ဆေးပညာ၊ အာယုဗေဒဆေးပညာ၊ အော်တာနေးတစ်ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ လူမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုမီယိုပက်သစ်ဆေးပညာနှင့် အော်တာနေးတစ်ဆေးပညာရှင်တွေရဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (ပြည်ထောင်စုအဆင့် NGO)ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ကာ ဆောင်ရွက်နေပါတယ်။

**"ယဉ်ကျေးမှုဆိုင်ရာမူဝါဒ"** နဲ့ပတ်သက်လို့ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေ ပျက်ပြားစေမယ့် ယဉ်ကျေးမှုတွေကို တိုက်ဖျက်သွားမယ်။



ပါတီ၏မူဝါဒသဘောထားများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစဉ်သုံးရပ်အား ချမှတ်ထားပါတယ်။ အမျိုးသားရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တို့ဖြစ်ပါတယ်။ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် **"တန်းတူ အခွင့်အရေး"** ရရှိရေးအတွက် **"ဥပဒေနှင့်အညီ"** (According to the law) ဆောင်ရွက်ပေးသွားပါမယ်။ လယ်ယာမြေများ၊ စီးပွားရေးလုပ်ငန်းများကို **"နိုင်ငံပိုင်သိမ်းခြင်းမှ"** ကာကွယ်ပေးသွားပါမယ်။ တိုင်းရင်းသားမျိုးနွယ်စု အသီးသီးနေထိုင်ရာဒေသမှ ထွက်ရှိသော **"သယံဇာတ"** ပစ္စည်းမှရရှိသည့် ဝင်ငွေများဖြင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး နေထိုင်ရာဒေသများ တိုးတက်ရေးအတွက် တန်းတူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် **"အာဏာသည် ပြည်သူမှဆင်းသက်ရမည်ဟူသော"** ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူတို့ကပေးခဲ့သော ဆန္ဒမဲများအမှန်ဖြစ်စေရေးကို ဆောင်ရွက်သွားမယ်။ တိုင်းရင်းသားမျိုးနွယ်စုအားလုံးကလည်း တိုင်းပြည်နှင့်လူမျိုးအတွက် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ နိုင်ငံရေးဆောင်ရွက်နိုင်စေရန် ပါတီအသီးသီးတည်ထောင်ပြီး ပါတီတွေကိုလည်း ငြိမ်းချမ်းစေရေးအတွက် **"လက်နက်စွဲကိုင်တော်လှန်ခြင်းမပြုရန်"** နိုင်ငံရေးစားပွဲဝိုင်းများအဖြစ် ဆွေးနွေးဆောင်ရွက်ခြင်းကို ပြုလုပ်သွားမယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်း မိမိတို့ ဝင်ရောက်အရွေးခံကိုယ်စားပြုခဲ့တဲ့ ပါတီအရေးထက် မိမိတို့မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့၏လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမယ်။ လွှတ်တော်အသီးသီးသို့ ပြည်သူ့အကျိုးပြုဥပဒေများပေါ်ပေါက်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမယ်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် **"အမှန်တရားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး"** အတွက် အပြန်အလှန်ထိန်းကျောင်းခြင်းများသာ ရှိရမယ်ဖြစ်ပြီး **"ဥပဒေမဲ့ဖိအားပေး ဆောင်ရွက်ခြင်း"** တွေကို ရှောင်ရှားနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

**"နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းစဉ်"** အဖြစ် တပ်မတော်သည် တိုင်းပြည်ရဲ့ တစ်ခုတည်းသော **"ကာကွယ်ရေးဌာန"** ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရပ်တည်ကာ မည်သည့်နိုင်ငံရေးပါတီကိုမျှ **"ကျောထောက်နောက်ခံမပြုရေး"** ကို ဆောင်ရွက်သွားမယ်။

**လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား**

ပြည်သူ့ဒီမိုကရေစီပါတီ၏ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သဘောထားမှာ နိုင်ငံ့ဝန်ထမ်းတွေဟာ ယခုအခါ ပြည်သူ့ဝန်ထမ်းတွေ ဖြစ်လာတဲ့အတွက် နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွားကိုသာ ဦးစားပေးရမယ့် စည်းကမ်းဥပဒေနှင့်ပြည့်စုံသော ပြည်သူ့ဝန်ထမ်းတွေအဖြစ် ရပ်တည်သင့်ပါတယ်။

**လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ကျွန်တော်နဲ့ ကျွန်တော်တည်ထောင်ထားတဲ့ ပြည်သူ့ဒီမိုကရေစီပါတီရဲ့ ရိုးရှင်းလှတဲ့ မဲဆွယ်စည်းရုံးရေး မူဝါဒကတော့------**"ပြည်သူ့ဆန္ဒအများစုဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်ခဲ့သော် လွှတ်တော်တွင်းနိုင်ငံရေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော လွှတ်တော်ပြင်ပနိုင်ငံရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"**။

ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီးပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိသော **"တရားဥပဒေစိုးမိုးရေးအတွက်"** ကျွန်တော်သာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်ခဲ့သော် လွှတ်တော်အတွင်း၌လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော် လွှတ်တော်ပြင်ပနိုင်ငံရေးအဖြစ်လည်းကောင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မိဘပြည်သူတွေထံ လေးလေးနက်နက် ကတိပြုလိုသည်မှာ-----**"ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သော် လွှတ်တော်တွင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော် လွှတ်တော်ပြင်ပနိုင်ငံရေးကို ပြည်သူ့အကျိုးစီးပွားအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"**။ သို့ပါ၍ မုံရွာမြို့နယ် မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင်ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကျွန်တော့်အား ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွင်းသို့ ပို့ဆောင်ပေးပါရန် တိုက်တွန်းရင်း မိဘပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။

# ဟင်းမွှေးမဆလာကုန်တင်ယာဉ် တိမ်းမှောက်



**ကျောက်တံခါး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၁၀/၂ နှင့် ၃)အကြား ရမ်းမကျန်းကျေးရွာအနီး၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီခွဲက ဘုတ်ဆုံမဟင်းမွှေးမဆလာများ တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း လှမျိုးသူ(၂၇နှစ်) မောင်းနှင်သည့်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ယာဘက်ခြမ်းလမ်းမပေါ်သို့လဲကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်း လှမျိုးသူအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဘိန်းစိမ်းများသိမ်းဆည်းရမိ၊ သယ်ဆောင်လာသူထွက်ပြေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၉**

ကျိုင်းတုံ-တာချီလိတ်သွားကားလမ်း မိုင်တိုင်အမှတ်(၂၈) မိုင်းပတ်ကျေးရွာသွားလမ်းခွဲ၌ ဖေဖော်ဝါရီ ၈ ရက်က မော်တော်ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသော ဘိန်းစိမ်း ၇၅ ကီလိုဂရမ် သိမ်းဆည်းရမိပြီး သယ်ဆောင်လာသူသည် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းပတ်ကျေးရွာဘက်မှ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးကို ပူးပေါင်းအဖွဲ့က ရပ်တန့်စေ၍ စစ်ဆေးနေစဉ် မိုင်းပတ်ကျေးရွာဘက်မှပင် မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် ပူးပေါင်းအဖွဲ့ စစ်ဆေးနေသည့်နေရာနှင့် ခပ်လှမ်းလှမ်းအရောက်တွင် ဆိုင်ကယ်ရပ်တန့်သွားပြီး ဆိုင်ကယ်မောင်းနှင်သူသည် လမ်းဘေးရေချောင်းအတွင်း ခုန်ချထွက်ပြေးသွားခဲ့သည်။ ပူးပေါင်းအဖွဲ့က လမ်းပေါ်၌ ကျန်ရစ်သည့် ဆိုင်ကယ်အားစစ်ဆေး၍ ဘိန်းစိမ်းများသိမ်းဆည်းရမိခြင်း ဖြစ်သည်။

ကျန်ရှိဆိုင်ကယ်၏ ရှေ့ခွကြားတွင်ညှပ်ထားသည့် အိတ်အတွင်းမှ ၁ ဒသမ ၅ ကီလိုဂရမ်ပါ ဘိန်းစိမ်းတစ်ထုပ်၊ ၁ ကီလိုဂရမ်စီပါ ဘိန်းစိမ်းခြောက်ထုပ်ကို သိမ်းဆည်းရမိပြီး ဘိန်းစိမ်းများ သယ်ဆောင်လာသူဟု ယူဆရသူ ကျမူး(၄၀နှစ်)ကို ဖမ်းဆီးရမိရေး သက်ဆိုင်ရာနယ်မြေရဲစခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်မောင်နိုင်(ကျိုင်းတုံ)**

# မူးယစ်ဆေးဝါးရောင်းချနေကြောင်းသတင်းအရ ဖမ်းဆီး



**ရေး ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ရာဇဓိရာဇ်လမ်း တိုးချဲ့ကွက်သစ် အုံ့မင်းညို (ခ) ဘုတ်ပြဲ၏ နေအိမ်၌ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၈ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာ အုံ့မင်းညို (ခ) ဘုတ်ပြဲမှာ တိမ်းရှောင်ထွက်ပြေးနေပြီး နေအိမ်နောက်ခန်း၌ သက်ပိုင်ဦး၊ ခိုင်ဝင်းအောင်၊ ဝေလျှံကို၊ ရဲမိုးကျော်နှင့် အောင်ငြိမ်းချမ်းတို့ ငါးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈ ပြားနှင့်အတူ ဖမ်းဆီးရမိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူကို ရှာဖွေဖော်ထုတ်ရာ ခန့်ဟိန်းကိုအား စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ပိုင်ရှင် အုံ့မင်းညိုနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိပြီး သက်ပိုင်ဦး၊ ခိုင်ဝင်းအောင်၊ ဝေလျှံကို၊ ရဲမိုးကျော်၊ အောင်ငြိမ်းချမ်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူ ခန့်ဟိန်းကိုတို့အား ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ကလောမြို့နယ်တွင် ဘိန်းစိမ်း ၁၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်က ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်း၌ တန်ခန်းမောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်းအလေးချိန် ၁၂ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျော်စိုးဝင်းမောင်းနှင်ပြီး ဘိုဘိုဇင်လိုက်ပါလာသော နမ့်စန်-တောင်ကြီး- ရန်ကုန် ပြေးဆွဲသည့် စွမ်း Group ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများပါသော ဆာလာအိတ်အား တင်ဆောင်ပေးသူ အောင်ပန်းမြို့ မိုးကောင်းရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနံဘေးရှိ ငွေစင်ကြယ်ကားဂိတ်မှ ဂိတ်မှူးဉာဏ်မြင့်အား ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## အထည်စက်ရုံခွဲ၌ လုပ်ငန်းလည်ပတ်စဉ် မီးလောင်

**မုံရွာ ဖေဖော်ဝါရီ ၉**

ဂွမ်းမှုန်မှုတ်စက်လည်ပတ်စဉ် သံစ(သို့) ကျောက်ခဲကြိတ်မိ၍ မီးပွားထွက်ရာမှ လေမှုတ်ပိုက်ခေါင်းတိုင်မှတစ်ဆင့် မျက်နှာကြက်ကို မီးကူးစက်လောင်ကျွမ်းမှု မုံရွာမြို့ ကျောက်ကာလမ်းရွှေဇလုပ်ရပ်ကွက် အမှတ်(၆)အထည်စက်ရုံခွဲ၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးထံမှ သိရသည်။

အဆိုပါမီးလောင်မှုကို စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ မုံရွာမြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

အမှတ်(၆) အထည်စက်ရုံခွဲ၏ သွပ်မိုး၊ အုတ်ကာ သမံတလင်းခင်း အဆောက်အအုံမှ မီးစတင်လောင်ပြီး စွန့်ပစ်ဂွမ်းဖတ် ပေါင် ၁၈၀ မီးကူးဆက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အမှတ်(၆) အထည် စက်ရုံခွဲချည်မျှင်ဌာနတာဝန်ခံ ဦးထွန်းနိုင်ဝင်းကို မုံရွာမြို့ အမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ရေနွေးအိုးတည်ရာမှ အပူရှိန်လွန်ကဲပြီး မီးလောင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်၌ ဖေဖော်ဝါရီ ၈ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက သွားရောက်ငြိမ်းသတ်ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ယင်းရပ်ကွက်နေ တင်ထွန်းအောင်သည် နေအိမ်၌ ရေနွေးအိုးတည်ထားစဉ် အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွားကြောင်း သိရပြီး မီးလောင်မှုကြောင့် ၎င်းအား စစ်ကိုင်း မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/9937 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/3104 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**(ဒဂုံမြို့သစ်)**
တောင်ပိုင်း ဆိပ်ကမ်း
မြေကွက်ဝယ်လိုသည်။
ဖုန်း-၀၉ ၄၃၁၇၃၉၇၂

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် AA/2809, Toyota Caldina AT211, S/W ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းကြွယ်ဝင်း (ခ) ချမ်းငြိမ်းကို ၁၄/ညတန(နိုင်)၀၉၇၄၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၁ယ/ ၇၅၃၉၂ New Anbo 125 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးရွှန်မှုန် ၄/ဟခန(နိုင်) ၀၁၁၄၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

ကြက်နှစ်သည် လူတိုင်း၏ဘဝကို
တိုးတက်ပြောင်းလဲစေပါသည်
ဝံ-ဂဏ်တို
၂၀၁၇-၂၀၁၈ ကြက်နှစ် ဖူးမ်းရွှေဟောကိန်း
ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်၊ ခွေး၊ ဝက်
မိမိတို့၏နှစ်ပွားအကောင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ် လမ်း- ၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆


**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဘုတလင်မြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းဝယ်ယူခြင်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

| စဉ် | မြစ်ရေတင်အမည် | ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | ရေဘုတလင်+(မြသိန်းတန်) | ဘိလပ်မြေ | ၃၇၇၄ အိတ် |
| (ခ) | ရွှေလှေ+(ဗန္ဓုလ) | ဘိလပ်မြေ | ၈၈၅ အိတ် |
| (ဂ) | ရေဘုတလင်+(မြသိန်းတန်) | အုတ် | ၂၇၀၈၁၁ ချပ် |
| (ဃ) | ရေဘုတလင်(မြသိန်းတန်) | မြစ်ကျောက် | ၁၀၈ ကျင်း |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၁၇ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၀-၂-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၃-၂-၂၀၁၇ ရက် ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄၊ ၀၉-၇၉၁၁၉၉၃၇၉တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**အများသိစေရန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်၊ ကွင်းအမှတ် ၁၅၄၊ ရိုးကြီးကွင်း၊ အကွက်အမှတ် ၅၃၅၊ မြို့မြေဧရိယာ၊ ၀ ဒသမ ၄ ဧကရှိ (မျက်နှာစာ ပေ၉၀၊ အရှည်ပေ ၂၂၀ခန့်ရှိ) မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ထက်ကုဋေစက်သုံးဆီအရောင်းဆိုင်အား ပိုင်ရှင်အမည်ပေါက် ဦးကိုကိုမောင် ၁၄/ဘကလ(နိုင်)၂၀၁၃၃၆ ထံမှ ၆-၂-၂၀၁၇ ရက်တွင် ကျွန်တော်ဦးနေထက်လင်း ၁၃/ကလန(နိုင်)၀၅၀၄၉၆ က စရန်ငွေပေးချေပြီး ဝယ်ယူခဲ့ရာ အဆိုပါမြေနှင့်အဆောက်အအုံများ ပိုင်ဆိုင်မှု၊ ရောင်းချဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးနေထက်လင်း ၁၃/ကလန(နိုင်)၀၅၀၄၉၆**
**တိုက် ၁၆၊ အခန်း ၉၊ စပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ခေတ္တရာမြို့သစ် ၂/၄ လမ်းနေ ဦးစံကြည် ၇/ပမန(နိုင်)၀၁၂၇၇၆ နှင့် ဒေါ်ခင်ဝင်းမြင့် ၇/ပမန(နိုင်)၀၁၂၇၆၉တို့၏သား မောင်သက်နိုင်စိုး (ခ) မောင်ဟံမင်းဖြိုး (ခ) ဖြိုးကြီး ၇/ပမန(နိုင်)၁၀၈၁၂၁ သည် မိဘများကို စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ဆိုဆုံးမမှုများကို နာခံမှုမရှိသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစံကြည်-ဒေါ်ခင်ဝင်းမြင့်**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ် ၅၂ စက်မှုဇုန်၊ မြေကွက်အမှတ် L-၁၄၇၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကို ဒေါ်အေးအေးညွန့်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၁၁၀)၊ ရွှေဘိုတပ်တောင်အကွက်၊ ဦးပိုင်အမှတ် (၂၄၆)၊ ဧရိယာ ၀ဒသမ ၀၈၀ ဧကရှိ မြေကို ဒေါ်နွယ်နွယ်ယဉ်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

## နေပြည်တော် ဖေဖော်ဝါရီ ၉

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ခုနှစ် ဧပြီ ၁ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းအား ၁-၂-၂၀၁၇ရက်မှစ၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး (မပျက်မကွက်) လာရောက်ကြည့်ရှု၍ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် မြန်မာ့ရုပ်မြင်သံကြား၊ သတင်းစာနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ဖော်ပြ မေတ္တာရပ်ခံခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်းပူးပေါင်း၍ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းကြည့်ရှုရန် နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။

၂။ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားသည့် ၁-၂-၂၀၁၇ရက်မှ ၇-၂-၂၀၁၇ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူအရေအတွက်မှာ မဲဆန္ဒရှင်များ၏ ၆ဒသမ၀၁ရာခိုင်နှုန်းခန့်သာလာရောက်ကြည့်ရှုပြီး မိမိအမည်မပါဝင်သဖြင့် မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၂ ဒသမ ၇ရာခိုင်နှုန်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများပါဝင်နေသဖြင့် ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၀ ဒသမ ၅ရာခိုင်နှုန်း၊ မဲစာရင်းတွင် အချက်အလက်များမှားယွင်းနေသဖြင့် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ရန် တင်သွင်းသူ ၁ဒသမ ၆ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်စေရန် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး မပျက်မကွက် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် ထပ်မံအသိပေး နှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# Global New Light of Myanmar

## လစ်လပ်နေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

Global New Light of Myanmar သတင်းစာထုတ်လုပ်ဖြန့်ချိရေးဌာန၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး၊ နေရာများအတွက် ၂၁-၂-၂၀၁၇ရက်တွင် နောက်ဆုံးလျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၁။ စာတည်းမှူးချုပ်(၁)ဦး(ကျား)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) ပညာအရည်အချင်း-တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး M.A(English) ဘွဲ့တစ်ခုရရှိပြီး အင်္ဂလိပ်သတင်းစာ အရေးအသားကျွမ်းကျင်၊ တည်းဖြတ်၊ စိစစ်ပေးနိုင်သူ။
- (ခ) သတင်းစာအတွေ့အကြုံရှိပြီး အယ်ဒီတာလုပ်သက်အနည်းဆုံး(၁၅)နှစ်ရှိပြီး Computer ကျွမ်းကျင်၍ စာတည်းဌာနကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူ။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
- (ဃ) မြန်မာလူမျိုးဖြစ်ရမည်။
- (င) အသက် ၄၀နှစ်မှ ၆၀နှစ်ကြားရှိသူ။ ၆၀နှစ်ကျော်သော်လည်း ကျန်းမာရေးကောင်းမွန်သူ။
- (စ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၂။ Expatriate အယ်ဒီတာ (၂)ဦး (ကျား)။အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) ပညာအရည်အချင်း-သတင်းစာပညာအထူးပြုဘွဲ့ရရှိပြီးသူ အင်္ဂလိပ်စကားပြောနိုင်ငံများမှ နိုင်ငံခြားသား။
- (ခ) သတင်းတည်းဖြတ်အတွေ့အကြုံရှိသူ။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
- (ဃ) အသက် ၄၀နှစ် အထက်ရှိပြီး အသက်ကြီးသော်လည်း လုပ်ငန်းဆောင်ရွက်နိုင်သူ။
- (င) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၃။ ဝါရင့်ဘာသာပြန် (၂)ဦး (ကျား)။ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
- (ခ) မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လျင်မြန်စွာ ဘာသာပြန်ဆိုနိုင်ပြီး ဘာသာပြန်အတွေ့အကြုံ(၁၀)နှစ်ရှိသူ။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
- (ဃ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၄။ ဘာသာပြန် (၃)ဦး (ကျား/မ)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
- (ခ) မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ပြီး ဘာသာပြန်အတွေ့အကြုံ (၅)နှစ်ရှိသူ။
- (ဂ) ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
- (ဃ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၅။ အကြီးတန်းသတင်းထောက် (၃)ဦး (ကျား/မ)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
- (ခ) သတင်းများကို မြန်မာဘာသာဖြင့် ရှင်းလင်းတိကျစွာ ရေးသားနိုင်သူ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူကို ဦးစားပေးမည်။
- (ဂ) သတင်းစာအတွက် လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- (ဃ) သတင်းထောက်အတွေ့အကြုံ (၃)နှစ်ရှိသူ။
- (င) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၆။ အငယ်တန်းသတင်းထောက် (၂)ဦး (ကျား/မ) အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
- (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
- (ခ) သတင်းများကို မြန်မာဘာသာဖြင့် ရှင်းလင်းတိကျစွာရေးသားနိုင်သူ။
- (ဂ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၇။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါရန်နှင့် လျှောက်လွှာများကို ကိုယ်ရေးအကျဉ်းပုံစံ၊ လိုင်စင်ဓာတ်ပုံကပ်လျက် အချိန်မီပေးပို့နိုင်ပါရန်။

**ဆက်သွယ်ရန်လိပ်စာ ။ ။ အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန် ။ ။ ဖုန်း-၀၁-၈၆၀၄၅၂၉ (Editorial Section), 09-428120086, 09-49445545**
**E-mail: gnlmdaily @ gmail.com, dce @ globalnewlightofmyanmar.com**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ယနေ့စတင်ကျင်းပမည်



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ကို ဖေဖော်ဝါရီ ၁၀ ရက်(**ယနေ့**)တွင် စတင်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ပိုင်းမှ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၅)အဖြစ် ဖေဖော်ဝါရီ ၁၀ ရက် (**ယနေ့**)တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရော်ဝတီအသင်း၊ သုဝဏ္ဏ၌ ချင်းယူနိုက်တက်အသင်းနှင့် GFAအသင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ရတနာပုံအသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲမှာ ရှမ်းယူနိုက်တက်၏ အိမ်ကွင်း တောင်ကြီးမြို့၌ ကစားရမည်ဖြစ်သော်လည်း ကွင်းမအားသောကြောင့် ကြားကွင်း၌ ကစားရမည်ဖြစ်သည်။ ပွဲစဉ်(၄) အပြီးတွင် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့က ၁၀ မှတ်စီ၊ ရှမ်းယူနိုက်တက် အသင်းက ကိုးမှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းတို့က ခြောက်မှတ်စီ၊ နေပြည်တော်၊ ချင်းယူနိုက်တက်၊ ရော်ဝတီနှင့် မကွေးအသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ GFA နှင့် Southern အသင်းတို့က နှစ်မှတ်စီရရှိထားသည်။

ဒုတိယနေရာမှ ရတနာပုံနှင့် တတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံမှုကို ထိပ်ဆုံးမှ ရန်ကုန်အသင်း အခွင့်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး အဝေးကွင်းတွင် တန်းတက်နေပြည်တော်အသင်းကို အနိုင်ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်နှင့် အဝေးကွင်းပွဲကို ကြားကွင်း၌ ကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးရရှိလာခဲ့ပြီး နိုင်ပွဲဆက်နေခဲ့မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

ချင်းပြည်နယ် ကိုယ်စားပြုနှစ်သင်းဖြစ်သည့် GFA နှင့် ချင်းယူနိုက်တက်တို့ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်သလို သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ရော်ဝတီအသင်းမှာ ဇွဲကပင်နှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။ နိုင်ပွဲမရသေးသည့် Southernနှင့် ဟံသာဝတီတို့ပွဲမှာလည်း ပထမဆုံးနိုင်ပွဲအတွက် အကြိတ်အနယ်ရှိလာမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ပျောက်ဆုံး**

ကျွန်တော်ဦးနေလင်း ၁၂/မရက(နိုင်) ၁၀၈၈၁၀ ၏ CDC အမှတ် ၄၃၈၂၈ ကိုင်ဆောင်သော Ship Security Officer လက်မှတ် (Certificate No. Cop 02676) သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၂၅၅၈၆၊ ၀၉-၄၂၁၀၀၁၄၃

ထာဝရ
Ph: 09 260360006, 09 260360066, 09 250570004

# ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များအား ကနဦးယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် One Stop Service (OSS) ဖြင့် ကြိုတင်ဝင်ငွေခွန်ကောက်ခံမည့်အစီအစဉ်အား

## အသိပေးကြေညာချက်

- ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များအား ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းအစီအစဉ်ကို ၁-၆-၂၀၁၆ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။
- သို့ရာတွင် အောက်ဖော်ပြပါယာဉ်အမျိုးအစားများအတွက် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ကနဦး ယာဉ်မှတ်ပုံတင်ခြင်း ဆောင်ရွက်စေခဲ့ပါသည်-
  - (က) ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များ
  - (ခ) ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခွင့်ပြုရန်ပုံငွေဖြင့် တင်သွင်းမည့် မော်တော်ယာဉ်များ
  - (ဂ) နာရေးယာဉ်များ၊ မီးသတ်ယာဉ်များ
  - (ဃ) ဘာသာရေး၊ ကုသိုလ်ရေးသက်သက်ဆောင်ရွက်သည့် အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များ
  - (င) နိုင်ငံတော်၏ လုပ်ငန်းဌာန၊ အဖွဲ့အစည်းများ၊ စီမံကိန်းများတွင် အသုံးပြုရန်လှူဒါန်းသည့် သို့မဟုတ် ထောက်ပံ့သည့်ယာဉ်များ
  - (စ) လှူဒါန်းရန်အတွက် တင်သွင်းလာသည့်ယာဉ်များ
  - (ဆ) သံတမန်များ၊ သံရုံးများက တင်သွင်းသည့်မော်တော်ယာဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက တင်သွင်းသည့် မော်တော်ယာဉ်များ
  - (ဇ) ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသောကာလအတွင်း တင်သွင်းသည့်ယာဉ်များ။
- ယခုအခါ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ ၃၀-၁၁-၂၀၁၆ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)အရ ၂၀၁၇ ခုနှစ်အတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များအနေနှင့် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်မြင့်သော မော်တော်ယာဉ်များဖြစ်လာခြင်း၊ တန်ဖိုးကြီးမော်ဒယ်မြင့် Luxury မော်တော်ယာဉ်များလည်း တင်သွင်းလာနိုင်ခြင်းတို့ကြောင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များကိုလည်း ကြိုတင်ဝင်ငွေခွန်ကောက်ခံပြီးမှသာ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့်မော်တော်ယာဉ်များအား ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းကို ၁-၄-၂၀၁၇ရက်မှစတင်၍ ကောက်ခံသွားမည်ဖြစ်ပါသည်။
- ကြိုတင်ဝင်ငွေခွန်ပေးဆောင်ခြင်းကို အောက်ဖော်ပြပါ ပြည်ပမှတင်သွင်းသော မော်တော်ယာဉ်များအား ကြိုတင်ဝင်ငွေခွန်ကောက်ခံရေးအဖွဲ့ရုံးများတွင် ဆောင်ရွက်နိုင်သည်-
  - အမှတ်(၆၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  - အကွက်အမှတ်(၄၁၇)၊ (၆၅)လမ်း၊ ၂၂×၂၃ လမ်းကြား၊ အနိုပ်တော်ရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။
- မရှင်းလင်းသည့်ကိစ္စရပ်များ၊ အကြံပြုရန်ကိစ္စရပ်များရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၅**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမက(၂၁) ကျောင်းဝင်အမှတ်(၁၆၂၈) စတုတ္ထတန်းမှ မဖူးပွင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးဆွေ ၇/သဝတ(နိုင်) ၁၀၃၀၉၈ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လေးမျက်နှာမြို့၊ (၁)ရပ်ကွက်နေ ဦးပျော့၏သား ဦးထွန်းမောင် ၁၄/ဇလန(နိုင်)၀၀၇၇၅၆ နှင့် ဦးတင်မြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းမောင်(ခ)ဦးတင်မြင့်**

**ဖခင်အမည်မှန်**

ဗန်းမော်မြို့၊ အထက(၅)၊ ပဥ္စမတန်း(A)မှ မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးနန်းဦး ၉/ပကခ(နိုင်)၀၂၂၃၁၈ ဖြစ်ပါကြောင်း။

**ဦးနန်းဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဗန်းမော်မြို့၊အလက(၃)ထ-ခွဲကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသောင်းမာထ (ကျောင်းဝင်အမှတ်- ၀၁၀၁)၏ ဖခင် ဦးသောင်းတား(ခ)ဦးမိတုံဂမ် ၁/မမန(နိုင်)၀၁၇၄၉၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသောင်းတား(ခ)ဦးမိတုံဂမ်**

**မိဘအမည်မှန်**

ဒီမောဆိုမြို့နယ်၊ ဒေါ်တော်ကူးအုပ်စု၊ ဒေါ်ဆိုကလောကျေးရွာနေ ဘောလခဲမြို့နယ်၊ နန်းဖဲအထက(ခွဲ) နဝမတန်းမှ နော် အယ်ကလူမူး၏ မိဘအမည်မှန်မှာ ဦးမေးလာထူးနှင့် ဒေါ်နေမူးဖြစ်ပါကြောင်း။

**ဦးမေးလာထူး**
**ဒေါ်နေမူး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၄) ကြော်ငြာအမှတ် ၀၁/၂၀၁၇ ဖြင့် ခေါ်ယူခဲ့သည့် မြန်မာ့သစ်လုပ်ငန်း၊ သစ်အုပ်ကြီး စီမံ/စီးပွား (အဆင့်-၂) လစာနှုန်း (ကျပ် ၁၈၀၀၀၀- ၂၀၀၀ - ၁၉၀၀၀၀) ရာထူး အခေါ်ဝေါ်အစား သစ်အုပ်ကြီး ကျွမ်းကျင်သူအဆင့် (၄)ရာထူး အခေါ်အဝေါ်ဖြစ်ကြောင်း ပြင်ဆင်ကြော်ငြာအပ်ပါသည်။

# မန္တလေးမှ သယ်ဆောင်လာသော ဗိုလ်ချုပ်ကြေးရုပ် စလင်းတွင်ကြိုဆို

**စလင်း ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၇ ရက်က မန္တလေးမြို့မှ ဗိုလ်ချုပ်ကြေးရုပ်ကို စလင်းမြို့သို့ သယ်ဆောင်ရာတွင် စလင်းမြို့မှကြိုဆိုရေးအဖွဲ့များသည် တညောင်ကျေးရွာတွင် သွားရောက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်သည် အရပ် အမြင့် ကိုးပေ၊ ကြေးပိဿာချိန် ၃၀၀ ရှိပြီး သွန်းလောင်းခ ငွေကျပ် ၁၅၅ သိန်းကျသင့်ကာ စလင်းမြို့ပြည်သူ့ပန်းခြံတွင်ထားရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်ကြေးရုပ် သယ်ဆောင်လာရာ လမ်းတစ်လျှောက်တွင် ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသူကျောင်းသားများကကြိုဆိုပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်မွေးနေ့တွင် ပျော်ပွဲရွှင်ပွဲများ



နှင့် ခမ်းနားစွာ ဖွင့်ပွဲကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးဆောင်ရွက်



**မတ္တရာ ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ၁၁ ကေဗွီ စကျင်လိုင်းမှ ဓာတ်အားရယူသုံးစွဲလျက်ရှိသော မီးသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လိုင်းအပြစ်ကြောင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ကျောက်စရစ်မြောက်ကျေးရွာ စကျင်လမ်းခွဲရှိ (၁၁)ကေဗွီ စကျင်လိုင်းတွင် 11 KV Outdoor type high votage vacuum cicuit breaker တပ်ဆင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလ ပထမအပတ်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ၁၁ ကေဗွီ စကျင်ဓာတ်အားလိုင်းသည် (၃၃/၁၁)ကေဗွီအေ မတ္တရာဓာတ်အားခွဲရုံမှ ဓာတ်အားရယူသော ဓာတ်အားလိုင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာရှိ ဌာနပိုင် ထရန်စဖော်မာခြောက်လုံး၊ အခြားဌာနပိုင် ထရန်စဖော်မာရှစ်လုံး၊ ကျေးရွာမီးလင်းရေးပိုင် ထရန်စဖော်မာ ၁၆ လုံး၊ ထရန်စဖော်မာရှစ်လုံး စုစုပေါင်း ၃၈ လုံးသို့ ဓာတ်အားဖြန့်ဖြူးနေသော ဓာတ်အားလိုင်းဖြစ်ပြီး လိုင်းမိုင်အရှည် ၁၅ ဒသမ ၆ မိုင်ရှိသည်။ ဓာတ်အားခွဲရုံမှ ခုနစ်မိုင်ခန့် အကွာတွင် ယင်းဓာတ်အားလိုင်းတပ်ဆင်ပြီး အဆိုပါနေရာမှ စကျင်ကျေးရွာနှင့် ရေနံ့သာကျေးရွာသို့ ဓာတ်အားလိုင်းသွယ်တန်း ထားရှိရာ လိုင်းအပြစ်ကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားပါက လိုင်းအပြစ် ရှာဖွေရန်လွယ်ကူခြင်းကြောင့် အမြန်ပြန်လည်ပြုပြင်နိုင်မည်ဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်း တပ်ဆင်ခဲ့ခြင်းကြောင့် မီးသုံးသူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းခြင်းနှင့် လိုင်းအပြစ်ကြောင့် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၉**

မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းနှင့် ပတ်သက်၍ အသိပညာပြန့်ပွားရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရွှေညောင် မြို့အမှတ်၄ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (တောင်လေးလုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း၊ ရှမ်းပြည်နယ်ရုံး တောင်ကြီးမှ ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံနှင့် ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းမှူးနှင့် တာဝန်ရှိသူများ သင်တန်းသား ၄၀၀ တက်ရောက်ခဲ့ပြီး တက်ရောက်သူများ၏ သိလိုသည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မာန်အောင် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့်နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မာန်အောင်မြို့ ဈေးတန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်ထောင်စုနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူများဝင်ရောက်ယှဉ်ပြိုင်ကြပြီး အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့တွင် ဆုများပေးအပ်ချီးမြှင့် သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# တောင်ငူ၌ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**တောင်ငူ ဖေဖော်ဝါရီ ၉**

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာနှင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီသိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆင့်ပွား သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပ လျက်ရှိသည်။

သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်အတွင်းမှ ဝန်ထမ်းများတက်ရောက်လျက်ရှိပြီး ရုံးလုပ်ငန်းဆိုင်ရာ၊ ငွေစာရင်းလုပ်ငန်းဆိုင်ရာ၊ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ စသည်တို့ကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# တောင်သမန်သစ္စာစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများအား စစ်ဆေးညှိနှိုင်းပြီးဖြစ်၍ အကြံပြုချက်များအတိုင်း လိုက်နာမည်ဟုဆို

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန် ဦးပိန်တံတားအနီးရှိ တောင်သမန်သစ္စာကုမ္ပဏီ၏ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းကို လိုအပ်သည့် စစ်ဆေးညှိနှိုင်းမှုများ ဆောင်ရွက်ပြီး၍ အကြံပြုချက်များအတိုင်း လိုက်နာလုပ်ဆောင်ရန် ကုမ္ပဏီဘက်မှ သဘောတူပြီး MIC နှင့် ပတ်သက်သည့် လုပ်ငန်းကျန်ရှိနေသေးကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုမထိခိုက်ရန်နှင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီနှင့် အင်ဂျင်နီယာအသင်း၏ စစ်ဆေးအကြံပြုချက်များနှင့် ကြီးကြပ်မှုအတိုင်း ကုမ္ပဏီဘက်မှ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းစတင်နိုင်ရန်



အဆင်ပြေ သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

“အဆင့် ကန့်သတ်ချက်တွေရှိတယ်။ အဆောက်အအုံမှာ အိမ်ရာအဆောက်အအုံတွေပါဝင်လို့ မြန်မာ့ရိုးရာနဲ့ လိုက်ဖက်တဲ့ ဒီဇိုင်းဖြစ်ဖို့လိုပါတယ်။ စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် အမြန်ဆုံးနဲ့ အတတ်နိုင်ဆုံးလုပ်ပေးနေပါတယ်။ လုပ်ငန်းဆောင်ရွက်ဖို့ညှိနှိုင်းမှုတွေ အဆင်ပြေပြီဖြစ်ပေမယ့် MIC လုပ်ငန်းတွေ ကျန်နေသေးတယ်” ဟု ၎င်းက ပြောသည်။

စီမံကိန်း ဆောင်ရွက်ရာတွင် ကုမ္ပဏီဘက်မှ လိုက်နာရမည့်အချက်များမှာ ရေဆိုးစွန့်ပစ်မှုကို သီးသန့်ပိုက်လိုင်းဖြင့် တံတားဖြူဘက်သို့ စွန့်ထုတ်ရန်၊ မြေပြုပြင်ခြင်းလုပ်ရာတွင် မြေစာများ အင်းထဲသို့မကျစေရန်အတွက် မြေထိန်းနံရံကို သဘာဝအတိုင်း ပြုလုပ်ရန်၊ ယခင်ဆောက်လုပ်ထားသည့် ပေ ၄၀ ကျော် အမြင့်ရှိသော အဆောက်အအုံများကို ပေ ၄၀ သို့ လျှော့ချတည်ဆောက်ရန်၊ မြေစာရင်း မြေပုံအရ ကန်နယ်နိမိတ်မှ ပေ ၁၂၀ အကွာတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စသည်တို့ပါဝင်ကြောင်း သိရသည်။

ထို့အပြင် တောင်သမန်အင်းပတ်ဝန်းကျင် အမှိုက်သိမ်းစနစ်ကို ကုမ္ပဏီဘက်မှ အမြဲတမ်း စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်သွားရန်၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးရာတွင် ဒေသမျိုးရင်းအပင်များကို အဓိကထား စိုက်ပျိုးသွားရန်နှင့် HIA အကြံပြုချက်အရ အမှန်တကယ်လိုက်နာရမည့် ဆောင်ရန် ရှောင်ရန် အကြံပြုချက် ၁၁ ချက်နှင့် သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများ၏ ညွှန်ကြားချက်အတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်သွားရန်တို့လည်း ပါဝင်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တန့်ယန်းမြို့နယ်တွင် ကလေးစာဖတ်ခန်းဖွင့်ပွဲကျင်းပ

**တန့်ယန်း ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးစာဖတ်ခန်းဖွင့်ပွဲနှင့် ပန်းချီဆေးရောင်စုံ ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်ရုံး၌ ကျင်းပသည်။

ယင်းနောက် မူလတန်းအဆင့် ပန်းချီ ဆေးရောင်စုံခြယ်ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာအောင်နှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှု အသိပေးရှင်းလင်း

**ဂန့်ဂေါ ဖေဖော်ဝါရီ ၉**

ဂန့်ဂေါခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်နံနက်က ဂန့်ဂေါခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေလင်းဆွေက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာမိုးမိုးစံက ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၀၁)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၅)

# ဥပဒေအတွေး ဘာကြောင့်ရေး



ဦးဟန်ညွန့်(ဥပဒေ)

**ဥပဒေအတွေး**

"ဥပဒေအတွေး ရေးပါရစေကဏ္ဍ ဘာကြောင့် ဖွင့်လှစ်ရပါသလဲ။ ဥပဒေရေးရာ ဆောင်းပါးများ ဘာ့ကြောင့်ရေးရပါသလဲ" ဟု မိတ်ဆွေတစ်ဦးက မေးသည်။ အလွန်ကောင်းသော မေးခွန်း ဖြစ်ပါပေသည်။ ကျွန်တော် ဖြေချင်လွန်းသော မေးခွန်းဖြစ်ပါ၍ ကျိုးကြောင်းပြ ဖြေပါရစေ။

**ဥပဒေပညာပေးရေး**

"ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး" ဟူသောမူသည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃ ပါ တရားစီရင်ရေးဆိုင်ရာ မူများထဲမှ မူဝါဒတစ်ရပ်ဖြစ်သည်။ ထိုမူဝါဒသည် အဓိက ကျသည်။ ဥပဒေပညာပေးရေးသည် အဓိက ကျကြောင်း ဖော်ညွှန်းသည်။ ဥပဒေကို ပြည်သူများ နားလည်ဖို့ လိုသည်။ လိုက်နာကျင့်သုံးဖို့ လိုသည်။ ပညာပေးဖို့ လိုသည်။ ထို့ကြောင့် ဥပဒေပညာပေးရေး ဆောင်ရွက်ကြရမည်။ တတ်စွမ်းသမျှ ကူညီကြရမည်။ အားဖြည့်ကြရမည်။ တင်ပြကြရမည်။ ဤစေတနာဖြင့် ဤစာတွေ ရေးပါသည်။

**မြန်မာ့ဥပဒေရေးရာ**

ကျွန်တော်တို့သည် မြန်မာများ ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်သည်။ မြန်မာနိုင်ငံတော်တွင် မြန်မာဥပဒေများ ရှိသည်။ မြန်မာစာပေ ရှိသည်။ မြန်မာ့ယဉ်ကျေးမှု ရှိသည်။ မြန်မာ့ယဉ်ကျေးမှု၏ အရင်းအမြစ်များ ရှိသည်။ မြန်မာ့ စည်းမျဉ်းများရှိသည်။ မြန်မာ့တရားစီရင်ရေး စနစ်ရှိသည်။ မြန်မာ့တရားစီရင်ရေး စနစ်၏ သမိုင်းနောက်ခံရှိသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ခိုင်မာသည်။ သမိုင်းနောက်ခံသည် တောက်ပြောင်သည်။

**ကျေအေးစေ့စပ်**

တရားစစ်ဆေး၊ ကျေအေးစေ့စပ်၊ ဖျန်ဖြေအပ်သော တရားကို အခြေခံသည်။ ဘာသာအယူဝါဒ၊ ဓလေ့ထုံးတမ်းစွဲလမ်းယုံကြည်မှုများ ပေါက်ဖွားသည်။ မေတ္တာဓာတ် ထုံမွမ်းသည်။ ခွင့်လွှတ်တတ်သည်။ ကြီးသောအမှု ငယ်စေ၊ ငယ်သောအမှု ပပျောက်စေဖို့ ဦးတည်သည်။ အချင်းချင်း ချစ်ကြည်စေသည်။ ဤအခြေခံမှုများမှာ ယနေ့တိုင် တရားစီရင်ရေး၏ အင်အားများအဖြစ် တည်ရှိနေဆဲ ဖြစ်ပေသည်။

**ဓလေ့ ထုံးတမ်း**

မြန်မာ့ဓလေ့ထုံးတမ်းများသည် သမိုင်းအမွေဖြစ်သည်။ ဥပဒေကဲ့သို့ အာဏာ၊ ဥပဒေကဲ့သို့ အာနိသင်၊ ဥပဒေကဲ့သို့ အားအင်ဖြစ်လာသည်။ လူ့ဘောင်အဖွဲ့အစည်း တည်မြဲရေး ၊ကာကွယ်ရေးများအတွက် ဓလေ့ထုံးတမ်းများက စုစည်းနေကြသည်။

(၁) ဓလေ့ထုံတမ်းများသည် လျော်ကန်သင့်မြတ်မှုရှိခြင်း၊

(၂) ဓလေ့ထုံးတမ်းများသည် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိခြင်း၊

(၃) ဓလေ့ထုံးတမ်းများအား အခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုခြင်း ဆက်လက်လိုက်နာကျင့်သုံးနေခြင်း၊

(၄) ဓလေ့ထုံးတမ်းသည် ရှေးကျခြင်း၊

(၅) အားပျော့သော ဓလေ့ထုံးတမ်းကို ပစ်ပယ်၍ ညီညွတ်သော၊ တည်ငြိမ်သော၊ အေးချမ်းသော ဓလေ့ထုံးတမ်းကို လက်ခံကျင့်သုံးခြင်းတို့သည် ဥပဒေကဲ့သို့ အာနိသင်ရှိသော ဓလေ့ထုံးတမ်းများ ဖြစ်လေသည်။

ဤသို့သော ဓလေ့ထုံးတမ်းများ၏ အနှစ်သာရများမှာ ဘယ်သော အခါမျှ ပပျောက်မည်မဟုတ်။ ပြည်ထောင်စု၏ အနှစ်သာရ၊ ပြည်ထောင်စု၏ ဂုဏ်အင်ဟု စာရေးသူကျွန်တော်က စွဲမြဲစွာခံယူသည်။

**ခေတ်အဆက်ဆက်**

မြန်မာဘုရင်များ လက်ထက်မှသည် ခေတ်အဆက်ဆက်အထိ ဖြတ်သန်းခဲ့သော သမိုင်းအမွေရှိသည်။ အဆိုပါ သမိုင်းအမွေသည် မြင့်မြတ်သည်။ မြန်မာ့အမျိုးသားစိတ်ဓာတ် ကိန်းဝပ်သည်။ တရားဥပဒေသဘော စောကြောသည်။ တရားဥပဒေ၏ အာနိသင်များ စွမ်းအားကြီးလှပေသည်။ တရားဥပဒေ၏ စွမ်းအားများအကြောင်း သမိုင်းသက်သေ တည်ပါပေသည်။ အဆိုပါသမိုင်းသက်သေများကို မျိုးဆက်သစ်တို့အား အမွေပေးခဲ့ပေသည်။ မျှဝေပေးကြရပေဦးမည်။ ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံးများမှတစ်ဆင့် ဥပဒေ၏ ပင်ရင်းအခြေအမြစ်များ ဆင့်ပွားထွန်းကားပေသည်။

**မြန်မာဘုရင်များ လက်ထက်မှသည် ခေတ်အဆက်ဆက်အထိ ဖြတ်သန်းခဲ့သော သမိုင်းအမွေရှိသည်။ အဆိုပါ သမိုင်းအမွေသည် မြင့်မြတ်သည်။ မြန်မာ့အမျိုးသားစိတ်ဓာတ် ကိန်းဝပ်သည်။ တရားဥပဒေသဘော စောကြောသည်။ တရားဥပဒေ၏ အာနိသင်များ စွမ်းအားကြီးလှပေသည်။ တရားဥပဒေ၏ စွမ်းအားများအကြောင်း သမိုင်းသက်သေတည်ပါပေသည်**

**ဥပဒေပြုခြင်း**

ဥပဒေပြုခြင်းဖြင့် ဥပဒေ၊ နည်းဥပဒေများပေါ်ပေါက်သည်။ ဖြန့်ဝေသည်။ အခြေခံဥပဒေ၊ အမိန့်ကြေညာချက်၊ တစ်ချက်လွှတ်ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ ဆုံးဖြတ်ချက်၊ ဆင့်ဆိုချက်၊ ညွှန်ကြားလွှာ၊ ဆာကျူလာ၊ အမိန့်ကြော်ငြာစာ၊ အမိန့်စာ၊ လက်စွဲဥပဒေများ အစားစားပေါ်သည်။ သုံးသပ်ဆုံးဖြတ်သည်။ သက်ဦးဆံပိုင်မဟုတ်။ ပြည်သူ့သဘောထားခံယူသည်။ ပြည်သူ့အမြင်ကြားနာသည်။ လေ့လာသည်။ ပြည်သူ့အသံနာခံသည်။

**ဥပဒေကိုမသိ၍**

ဥပဒေကိုမသိ၍ဟု ထုချေခြင်းကို လက်မခံ။ ခွင့်မလွှတ်။ ထိုအခါ ဥပဒေကို သိမှ ဖြစ်မည်။ သိအောင်လုပ်ရမည်။ သိအောင်လေ့လာရမည်။ ဥပဒေပညာရှင်များ၏ တာဝန်အရေးကြီးသည်။ တာဝန်ကျေရမည်။ သို့ဖြစ်၍ ဥပဒေပညာ ဖြန့်ဝေရေး လုပ်ရမည်။ ဥပဒေအတွေး တွေးကြပါ။ ဥပဒေအရေး ရေးကြပါ။ ဖတ်ကြပါ။ ဆွေးနွေးကြပါ။ ဖလှယ်ကြပါ။ နည်းလမ်းမျိုးစုံဖြင့် ဥပဒေပညာဖြန့်ဝေပါ။ ပညာပေးပါ။ ဗဟုသုတ ဝေငှပါ။ စေတနာမှန်ပါစေ။ ဥပဒေသည် လူတိုင်းအတွက်။ လူတိုင်းဥပဒေသိမှ ဥပဒေလိုက်နာမည်။ တရားဥပဒေထွန်းကားမည်။ သစ္စာတရား မေတ္တာထားနိုင်ကြပေမည်။ ဥပဒေသည် လူထဲကဥပဒေ။ ဥပဒေထဲမှာလူ။ လူထဲမှာဥပဒေ။ အစဉ်အမြဲ ဒွန်တွဲ၍နေလေသည်။ ဤသို့ ကျွန်တော် တွေးသည်။ ရေးသည်။

**အတုံးလိုက်အတစ်လိုက်**

အတုံးလိုက်၊ အတစ်လိုက်၊ အစိုင်အခဲကြီးအတိုင်းပေးမည်လား။ မူရင်းအတိုင်း ဝေငှမည်လား။ စာသံပေသံတွေနှင့်၊ ပညာရှင်ဆန်ဆန်၊ ပညာရှိ ဆန်ဆန်၊ စာအုပ်ကြီးထဲကအသံတွေနှင့် ပြောမည်လား။ ဟောမည်လား။ မည်သည့် နည်းလမ်းကျင့်သုံးမည်လဲ။ ဥပဒေသည် ကြောက်စရာမဟုတ်။ လူထုနှင့်ကင်းဝေးသည်မဟုတ်။ လူထုကြားမှာ အဖြေရှာ။ လူထုအသံနားထောင်။ လူထု၏ဝေဖန်ချက်ခံယူ။ လူထုအမေးဖြေရှင်းပေး။ ဥပဒေပြဿနာ အဖြေရှာ၊ မူခင်းတွေအကြောင်း ထုံးဟောင်းသက်သေများ ရှင်းလင်းပေး။ မျိုးဆက်သစ်လူငယ် ရှေ့နေများအား လက်ဆင့်ကမ်း အမွေပေး။ ရှေ့နေလူငယ်များကလည်း သက်ကြီးရွယ်အို ရှေ့နေအိုကြီးများထံမှ ပညာအမွေခံယူ။ ကောင်းသောအလေ့အကျင့် ဆက်လက်ပွားများ။ သဒ္ဒါစကား၊ သစ္စာတရားတည်တံ့စေ။ အမှားရှိလျှင် အမှန်ပြင်။ ချွတ်ယွင်းအားနည်းချက်များ ဖော်ထုတ်။ အားသာချက်များ သယ်ဆောင်။ ဤသို့သောအတွေး တွေးသည်။ ဤသို့သောအရေး ကျွန်တော်ရေးသည်။

**မသိမတတ်တာတွေမေး**

ကျွန်တော်တို့ မသိ မတတ်တာတွေ အများကြီးကျန်သေးသည်။ ဆောင်းပါး တစ်ပုဒ် (စာတစ်ပုဒ်) ရေးဖို့ဆိုသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ အကိုးအကားမှားမည်လား။ အရေးအသားမှားမည်လား။ အတွေးစကားမှားမည်လား။ အမှားများစွာ ရှိမည်သာ။ စေတနာနှင့်ဝိုင်းကူမှ၊ ဝိုင်းထောက်ပြမှ၊ ဝိုင်းအကြံပေးမှ သိကြရမည်။ ပြင်နိုင်ကြမည်။ အမှားကိုသာထောက်ပြပြီး အမှန်မပြနိုင်လျှင် တာဝန်မကျေ။ သူတစ်ပါး မနာလို၊ ကိုယ်အကျိုးမရှိ။ သတိစေတနာ ဝေဖြာပါမှ တန်ကာကျမည်မဟုတ်ပါလား။ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းမည်ဟု လူကြီးတွေက ဆုံးမဩဝါဒပေးစမြဲ။ ကျမ်းစုံအောင်ဖတ်၊ စီရင်ထုံးအဆောင်ဆောင်ဖတ်၊ အမြင်မတူသော စီရင်ချက်၊ စီရင်ထုံးတွေ များလှပေသည်။ လေ့လာ၍ မကုန်နိုင်သေး။ ဖတ်မှတ်၍ မကုန်နိုင်သေး။

**ခေတ်သစ်ကမ္ဘာ**

ခေတ်သစ်ကမ္ဘာမှာ ကွန်ပျူတာပညာတွေက တိုးတက်လွန်းလှသည်။ နိုင်ငံတကာ တရားဥပဒေတွေ၊ ကုလသမဂ္ဂဆုံးဖြတ်ချက်တွေ၊ ကွန်ဗင်းရှင်းတွေကလည်း တိုးတက်ပြောင်းလဲနေသည်။ ကမ္ဘာ့ခုံရုံးက စီရင်ဆုံးဖြတ်ချက်တွေကိုလည်း သတိပြု။

**စေတနာ**

(၁) ဥပဒေအတွေး ဘာကြောင့်ရေးသလဲ မေးခွန်း၏ အဖြေမှာ ဤသို့ပါဟု ဖြေရပါမည်။

(၂) စာနှင့်ရေးမပြနိုင်လောက်သော စေတနာတွေရှိပေသေးသည်ဟု တွေးမိသော ကျွန်တော်၏ရင်ထဲက ဥပဒေအတွေးမျှသာပါ ...။

## သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် ကုန်စည်ဒိုင်ပွဲရုံ သုံးထပ်ဈေးသစ်ကြီး အမရပူရမြို့နယ်တွင် တည်ဆောက်မည်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့တော်အား ခေတ်မီသာယာလှပသော မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြို့တော်အတွင်း နေရာအနှံ့အပြား ပြန့်ကျဲရောင်းချနေကြသော သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် ဈေးသည်များကြောင့် လူသွားလမ်း၊ ယာဉ်သွားလမ်းများ ပိတ်ဆို့ကျပ်တည်းခြင်း၊ ယာဉ်ကြော ပိတ်ခြင်း၊ ဈေးနှုန်းများအား ထိန်းညှိခြင်းစသည့် ကောင်းကျိုးများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရွှေမိုးကုမ္ပဏီ (SHWE MOE GROUP) နှင့် မန္တလေး သစ်သီးဝလံ ကုန်စည်ဒိုင်တို့ အကျိုးတူပူးပေါင်း၍ အမရပူရမြို့နယ် ငယ်တိုးကျေးရွာ ကွင်းအမှတ် (၆၁၆)၊ စစ်ကိုင်း-မန္တလေးကားလမ်းဘေးရှိနေရာတွင် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် ကုန်စည်ဒိုင်(ပွဲရုံ) ဈေးသစ်ကြီး ကို ပထမအဆင့် (၁၄ ဒသမ ၅၉) ဧကနှင့် ဒုတိယအဆင့်အနေဖြင့် ဧက ၃၀ တွင် ထပ်မံတိုးချဲ့ဆောင်ရွက်ပြီး ခေတ်မီ သုံးထပ်တိုက်ကြီးကို ၂၀၁၈ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုံးထပ်ဈေးကြီးအား ငယ်တိုးကျေးရွာ တွင် တည်ဆောက်ရန်အတွက် ရွှေမိုးကုမ္ပဏီက ကွင်းအမှတ် (၆၁၆)နေရာတွင် မြေ စမ်းသပ်ခြင်း၊ မြေတိုင်းခြင်း၊ ပုံစံထုတ် ခြင်းလုပ်ငန်းများကို ဇန်နဝါရီလမှစ၍ ကွင်းဆင်းဆောင်ရွက်နေသည်။ ဈေးကြီးကို အလျားပေ ၂၀၊ အနံပေ ၄၀၊ အမြင့် ကိုးပေရှိ ခြောက်ခန်းတွဲ တိုက်ခန်းပေါင်း ၁၀၀ ကို ခေတ်မီ သုံးထပ်တိုက် ဈေးကြီးအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ငွေကျပ် သိန်းပေါင်း ၄၅၀၀၀၀ အကုန်အကျခံ၍ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။



သစ်သီးဝလံပန်းမန်းကုန်စည်ဒိုင်နှင့်ပွဲရုံစီမံကိန်း အဆောက်အအုံတည်ဆောက်မည့် မြင်ကွင်းပုံများ

အဆောက်အအုံများကို ရေဘေးမှ ကြိုတင်ကာကွယ်ရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပြီး ဟင်းသီးဟင်းရွက်ဆေးကြောရာမှ ထွက်ရှိလာသော ရေဆိုးများအား အနယ်ကျကန်၊ ရေစီးနှုန်းထိန်းညှိကန်၊ ဇက်တီးရီးယားနည်းဖြင့် သန့်စင်သောကန်၊ အမှုန်သေးများစစ်ဆေးသော ရေစစ်တိုင်အိုးနှင့် ပိုးသတ်ဆေးများ ဖယ်ရှားသော ရေစစ်တိုင်အိုးတို့ဖြင့် နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ရေဆိုးများကို စနစ်တကျစွန့်ထုတ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းဈေးကြီး ဖွင့်လှစ်ခြင်းအားဖြင့် သယ်ယူစရိတ်သက်သာခြင်း၊ သစ်သီးဝလံများ လတ်လတ်ဆတ်ဆတ် စားသုံး နိုင်ခြင်း၊ ကုန်စည်ဒိုင်မှ တရုတ်ပြည်သို့ တိုက်ရိုက် တင်ပို့နိုင်သော စနစ်များဖြစ်ပေါ်လာသဖြင့် သစ်သီးကုန်သည်များအတွက် များစွာအကျိုးကျေးဇူး အမြတ်အစွန်းများ ပိုမိုရရှိလာနိုင်ကြောင်း၊ ဈေးမှာ ဈေးသက်သက်ဖြစ်ပြီး ညအိပ်လူနေခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား မကြာမီတည်ဆောက်တော့မည်

**ဒလ ဖေဖော်ဝါရီ ၉**

မကြာမီဆောက်လုပ်တော့မည်ဖြစ်သည့်ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတားသည် ဒလမြို့နယ်နှင့် ဒလမြို့နယ်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက ဒလမြို့နယ်နှင့်ဆက်စပ်မြို့နယ်များဖြစ်သော တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများဘဝမြင့်မားလာစေမည့်အပြင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့ရွာများပါ ဖွံ့ဖြိုးမှုရရှိစေမည် ဖြစ်သည်။




အဆိုပါကိုရီးယား-မြန်မာချစ်ကြည်ရေးတံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅တန် ဖြစ်ကာ စုစုပေါင်းတံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ (၆၁၄၄ ပေ) ဖြစ်ပြီး ပင်မတံတားအရှည်မှာ 590 m(1936') ဖြစ်သည်။ ရန်ကုန်ဘက်ကမ်းမှ ချဉ်းကပ်တံတားအရှည် 617.5m(2016')၊ ချဉ်းကပ်အကျယ် 14.3 m (47') နှင့် ဒလဘက်မှ ချဉ်းကပ်တံတားအရှည် 655 m(2182') ချဉ်းကပ်လမ်းအကျယ် 20.9m (68') ရှိပြီး ပင်မတံတားအကျယ် 26.5m (87') ဖြစ်၍ လေးလမ်းသွားဖြစ်သည်။ ဆင်ခြေလျှောတံတား 7.1 m (23') တစ်လမ်းသွားဖြစ်ပြီး ရေယာဉ်များအတွက် အများဆုံးခွင့်ပြုတန်ချိန် (DWT) 1500 တန်၊ ရေလမ်းကင်းလွတ် 49m (160') ရေလမ်းကင်းလွတ်အကျယ် 251m (824') ဖြစ်ကြောင်း သိရသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေးကြိုးတံတား ဆောက်လုပ်မှုအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၆၈ ဒသမ ၁၇၄ ဖြစ်ပြီး ကိုရီးယားပြည်သူ့ သမ္မတနိုင်ငံ၏ ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ နှင့် ညီမျှသည့် ကိုရီးယားဝမ်ငွေဖြစ်ပြီး ပြည်တွင်းလိုအပ်ရန်ပုံ ငွေမှာ အမေရိကန်ဒေါ်လာသန်း ၃၀ ဒသမ ၃၄၁ သန်းဖြစ်သည်။ ချေးငွေအတွက် အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေပြန်ဆပ် ရမည့်ကာလမှာ ဆိုင်းငံ့ကာလ ၁၅ နှစ်အပါအဝင် နှစ် ၄၀ ဖြစ်သည်။ ချေးငွေအား တစ်နှစ်လျှင်နှစ်ကြိမ် ပြန်လည်ပေးဆပ်ရမည့်ဖြစ်ပြီး ပျက်ကွက်မှုစရိတ်ဖြင့်တစ်နှစ်လျှင် ၂ ဒသမ ၀ ရာခိုင်နှုန်းဝန်ဆောင်မှုစရိတ်ဖြင့် ၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း အရင်းကျေကာလမှာ ၁၈ နှစ် ခြောက်လဖြစ်၍ လုပ်ငန်းများ စတင်နိုင်ရန် ခန့်မှန်းကာလမှာ ၂၀၁၇ ဖြစ်ပြီး လုပ်ငန်းပြီးစီးနိုင်မည့် ခန့်မှန်းကာလမှာ ၂၀၂၂ ခုနှစ်ဖြစ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် အသေးစိတ်ဒီဇိုင်းအတွက် အတိုင်ပင်ခံကုမ္ပဏီ ရွေးချယ်ခြင်းအား ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ အသေးစိတ်ဒီဇိုင်းများရေးဆွဲပြီး မြေယာလျော်ကြေးပေးအပ်ခြင်းများအား ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ဆောင်ရွက် ခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ တည်ဆောက်ရေးကုမ္ပဏီ ရွေးချယ်ကာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ် ဇွန်လအထိအား ကိုရီးယား-မြန်မာချစ်ကြည်ရေးကြိုးတံတား တည်ဆောက်ခြင်းနှင့် ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။

ကိုရီးယား-မြန်မာချစ်ကြည်ရေးကြိုးတံတားအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် အဆင့်ဆင့်သော လုပ်ငန်းဆောင်တာများကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း တည်ဆောက်တော့မည်ဖြစ်ရာ ဒလမြို့နယ်နှင့် ဆက်စပ်မြို့နယ်များအပါအဝင် ပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အတွက် ရွှေရောင်အိပ်မက်တံတားကြီးအား ခံ့ညားထည်ဝါစွာ တွေ့မြင်လာရတော့မည်ဖြစ်သည်။

**မောင်ယဉ်ဦး(ဒလ)**

# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများအား အခမဲ့ကူညီမည်

**ကော့သောင်း ဖေဖော်ဝါရီ ၉**

ထိုင်းနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများအား အကူအညီပေးမည့် အစီအစဉ်တစ်ရပ် ထိုင်းအခြေစိုက် NCCM မှစီမံကိန်းအသွင်ဖြင့် အစီအစဉ်များချမှတ်ကာ ဖေဖော်ဝါရီလအတွင်း စတင်အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူညီမှု စီမံကိန်း Aid for Migrant in Thailand (AMT) အား NCCM မှ စီမံခန့်ခွဲပြီး ဗန်ကောက်အခြေစိုက် CBOs အဖွဲ့အစည်းတချို့ဖြင့်ပူးပေါင်းကာ အခက်အခဲရှိရွှေ့ပြောင်းအလုပ်သမားများ၏ နိုင်ငံကူးလက်မှတ် (Passport)၊ အလုပ်လုပ်ခွင့်လက်မှတ်(Workpermit)၊ ပန်းရောင်ကတ်၊ ဗီဇာနှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးပါက ထိုင်းရဲစခန်း အလုပ်သမားရုံးနှင့် မြန်မာသံရုံးစသည်များသို့ လိုက်လံကူညီတိုင်ကြားပေးခြင်း၊ လူမှုဖူလုံရေး (ပကန်စခုံ) အကျိုးခံစားခွင့်နှင့် ရသင့်ရထိုက်သည့် နစ်နာကြေးများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လိုက်လံဆက်သွယ် အကူအညီတောင်းခံပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် ကျန်းမာရေးအာမခံကတ် လျှောက်ထားပေးခြင်း၊ ကလေးမွေးစာရင်းလျှောက်ထားပေးခြင်း၊ နယ်မြေအလိုက် CBOs အဖွဲ့ဝင်များမှ တာဝန်ခွဲဝေ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကူညီမှုလုပ်ငန်းများအား ဖေဖော်ဝါရီလမှ ဇွန်လအထိ ပထမသုတ်အဖြစ် လည်းကောင်း၊ ဒုတိယသုတ်အဖြစ် ဇွန်လမှ ဒီဇင်ဘာလအထိ ကူညီပေးနိုင်ရေး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များဖော်ပြကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားကြောင်း ထိုင်းနိုင်ငံအခြေစိုက် ရွှေ့ပြောင်းအလုပ်သမားများအကူအညီပေးရေးအဖွဲ့အစည်း များ၏ ပြောဆိုချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကျုံပျော်မြို့ ရောဦးပန်းခြံ၌ ဗိုလ်ချုပ်ကြေးရုပ်ထားရှိ

**ကျုံပျော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ရောဦးပန်းခြံတွင် ဖေဖော်ဝါရီ ၇ ရက်က ကျုံပျော်မြို့ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးကော်မတီက ကျုံတနီးမြို့မှစ၍ သယ်ယူရေး ခရီးစဉ်လမ်းတစ်လျှောက်အိုးစည်ဒိုးပတ်ဝိုင်းများ၊ ကရင်ဒုံးယိမ်းအဖွဲ့များ၊ စည်တော်အဖွဲ့များဖြင့် လှည့်လည်ပြသခဲ့ရာ ပြည်သူများက ကျုံပျော်မြို့နယ် ရောဦးပန်းခြံအထိ စည်ကားသိုက်မြိုက်စွာကြိုဆိုခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုသည် ကြေးပိဿာချိန် ၃၀၀ ရှိပြီး အမြင့် ၈ ပေ ရှိကြောင်း သိရသည်။

**မင်းဇော်ဦး**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည်ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် 3D Seismic Survey လုပ်ငန်းများကို M/V RAMFORM SOVEREIGN (Call Sign; 9VBN9)ရေယာဉ်ဖြင့် မတ် ၁ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

3D Marine Seismic Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကိုဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်သည်-

| Location | Latitude | Longitude |
|---|---|---|
| A | 14° 27' 23.878" N | 95° 16' 20.212" E |
| B | 14° 19' 41.283" N | 95° 16' 21.710" E |
| C | 14° 19' 42.771" N | 95° 25' 23.537" E |
| D | 14° 00' 00.306" N | 95° 25' 43.492" E |
| E | 14° 00' 00.000" N | 94° 49' 00.000" E |
| F | 14° 27' 17.223" N | 94° 49' 00.063" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် 3D Seismic Survey လုပ်ငန်းများကို M/V RAMFORM SOVEREIGN (Call Sign; 9 VBN 9)ရေယာဉ်ဖြင့် မတ် ၁ ရက်မှ မေ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ကမ္ဘာ့ ရေဝပ်ဒေသများနေ့အထိမ်းအမှတ် ဆောင်ရွက်

**တနိုင်း ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် တနိုင်းမြို့နယ် သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအနေဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်) (WCF -Myanmar Program) ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖေဖော်ဝါရီ ၂ ရက်က ကျရောက်ခဲ့သော ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်ဓာတ်ပုံပြပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများကို ဖေဖော်ဝါရီပထမအပတ်က တနိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဦးသီဟဇော်က သဘာဝဘေးဒဏ်ကင်းစင်မှ တို့ရဲ့အနာဂတ်လွန်လုပ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ W C S Deputy Project Manager ဒေါ်ခင်ထွေးယဉ်က ရေတိမ်ဒေသ အကျိုးများလှ ခေါင်းစဉ်ဖြင့်လည်းကောင်းဟောပြောဆွေးနွေးခဲ့ကြပြီး အခြေခံ ပညာအဆင့် ကျောင်းသား ကျောင်းသူများကလည်း ရေဝပ်ဒေသထိန်းသိမ်းရေးတို့တွေအားလုံး တုံ့ဆိုင်းမနေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးပြိုင်ပွဲဝင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# မြစ်လယ်ဗော်ယာ၌ ဖလက်တွဲကြီးများ မြောက်မြားစွာရပ်တန့်နေခြင်းကြောင့် ခရီးသွားစက်တပ်ရေယာဉ်များ အန္တရာယ်ရှိနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်၌ ကျေးရွာ ၁၁ ရွာ၊ ရပ်ကွက် (၄)ရပ်ကွက်မှ ဝန်ထမ်း၊ ကျောင်းသား ကျောင်းသူ၊ ဈေးရောင်း ဈေးဝယ် ပြည်သူများသည် နေ့စဉ်နှင့်အမျှ ကြည့်မြင်တိုင်မြို့ပေါ်သို့ ကူးသန်းသွားလာနေကြရကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါ ခရီးသည်များသည် စက်တပ်ရေယာဉ်များကို အသုံးပြုကြရသလို၊ ထိုရေယာဉ်များဖြင့် မြစ်ကို ကူးသန်းသွားလာလျက်ရှိရာ ရေလယ်ဗော်ယာ၌ ကုန်တင်ဖလက်တွဲကြီးများ မြောက်မြားစွာ တွဲချိတ်ချည်နှောင်ရပ်တန့်နေခြင်း၊ ယင်းနှင့် မလှမ်းမကမ်း၌ ကျောက်ချရပ်နားထားသော သင်္ဘောများရှိခြင်းတို့ကြောင့် ကူးသန်းသွားလာမှု အန္တရာယ်နှင့်နီးကပ်ကြောင်း၊ စက်တပ်ရေယာဉ်များ၏ စက်ချွတ်ယွင်းမှုကို ခန့်မှန်း၍ မရနိုင်ခြင်းကြောင့် အချိန်ကြာမြင့်စွာ ကျောက်ချထားသော ဖလက်တွဲရေယာဉ်များကို သက်ဆိုင်ရာမှ တာဝန်ရှိသူတို့က ရှင်းလင်းပေးစေလိုကြောင်းခရီးသွားပြည်သူများထံမှ သိရသည်။



**ရွှေတိုင်လွင်**

# စပါးနဲ့ပွဲမှာ လီဗာပူး နိုင်ပွဲပြန်ရမလား

—— ဝေမိုးဆက် ——

ပရီမီယာလိဂ်ပွဲစဉ် ၂၅ ကိုလာမယ့် ဖေဖော်ဝါရီလ ၁၁ရက်၊ ၁၂ရက်၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ဟားလ်ကို ရှုံးနိမ့်ခဲ့ပြီး ၅ ပွဲဆက်တိုက်အနိုင်မရခဲ့တဲ့ လီဗာပူးက စပါးနဲ့ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလီဗာပူးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါ့အပြင် မန်ယူကလည်းပထမအကျော့မှာရှုံးနိမ့်ခဲ့ရတဲ့ ဝက်ဖို့ဒ်ကိုအိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်တာကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာအပြင် အာဆင်နယ်၊ မန်စီးတီးတို့လည်း နိုင်ပွဲရပါ့မလား စောင့်ကြည့်ရမယ်။



## ဆန်းဒါးလန်း VS ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၁ | ၀ | ဆန်းဒါးလန်း |
|---|---|---|---|---|

ဝက်စ်ဟမ်းကို အိမ်ကွင်းမှာလက်ခံကစားခဲ့ရပြီး သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရတဲ့ ဆောက်သမ်တန်ရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းကဂိုးသွင်းခြေတည်ငြိမ်မရှိပါဘူး။ ဆန်းဒါးလန်းကတော့ တန်းမဆင်းရဖို့အတွက် အိမ်ကွင်းအားနဲ့ခံကစားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်းဒီပွဲမှာ ဆန်းဒါးလန်းတို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

## ဘန်လေ VS ချယ်လ်ဆီး

| ပကျော့ | ချယ်လ်ဆီး | ၃ | ၀ | ဘန်လေ |
|---|---|---|---|---|

ချယ်လ်ဆီးခြေက အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဟာဇက်၊ ကော်စတာတို့ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ပိုင်းကောင်းမွန်နေသလို ကန်တီခြေစွမ်းပြနေတာကြောင့်လည်း ကွင်းလယ်ပိုင်းကစားပုံကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဘန်လေကလည်း အိမ်ကွင်းပွဲတွေမှာ ခံစစ်အားပြုကစားတတ်ပြီး အိမ်ကွင်းကစားအားကောင်းတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအနိုင်ရနိုင်ပေမယ့်ဂိုးပြတ်ဖို့ မသေချာဘူး။

## ဆွမ်ဆီး VS လက်စတာ

| ပကျော့ | လက်စတာ | ၂ | ၁ | ဆွမ်ဆီး |
|---|---|---|---|---|

အခုနောက်ပိုင်းမှာ ဆွမ်ဆီးရဲ့ တိုက်စစ်ကစားပုံကောင်းမွန်လာတာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးရဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ လက်စတာကတော့ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်သလို ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့လည်း မရှိတာကြောင့် ခြေကုန်ထုတ်လာနိုင်ပါတယ်။ ဆွမ်ဆီးအိမ်ကွင်းဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

## အာဆင်နယ် VS ဟားလ်

| ပကျော့ | ဟားလ် | ၁ | ၄ | အာဆင်နယ် |
|---|---|---|---|---|

ချဲလ်ဆီးကိုအရေးနိမ့်ခဲ့ရတာကြောင့် အာဆင်နယ်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်က ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် အဝေးကွင်းပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ပါတယ်။ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အားစိုက်နေတဲ့ဟားလ်ခြေစွမ်းကလည်း ကောင်းမွန်နေတာကြောင့် အာဆင်နယ်တို့အခက်တွေ့နိုင်ပါတယ်။ အာဆင်နယ်အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

## ဝက်စ်ဟမ်း VS ဝက်စ်ဘရွန်း

| ပကျော့ | ဝက်စ်ဘရွန်း | ၄ | ၂ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ဆောက်သမ်တန်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းခြေကောင်းမွန်မှုရှိခဲ့ပါတယ်။ ဝက်စ်ဘရွန်းကတော့ စတုတ်ကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းသိသိသာသာ အသာမရခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ဝက်စ်ဘရွန်းရဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေရှိတတ်တာကြောင့် ဝက်စ်ဟမ်းတို့ အခွင့်အရေးရနိုင်ပါတယ်။ ဝက်စ်ဟမ်းကအိမ်ကွင်းပွဲတွေမှာလည်း ကစားပုံကောင်းမွန်တတ်တာကြောင့် ဝက်စ်ဟမ်းပဲ အနိုင်ရမယ်။

## မစ်ဒယ်ဘရော့ VS အဲဗာတန်

| ပကျော့ | အဲဗာတန် | ၃ | ၁ | မစ်ဒယ်ဘရော့ |
|---|---|---|---|---|

စပါးကို ရှုံးနိမ့်ခဲ့ရတာကြောင့် မစ်ဒယ်ဘရော့က တန်းဆင်းဇုန်နဲ့ ပိုမိုနီးကပ်လာပါတယ်။ ဒါကြောင့်လည်း မစ်ဒယ်ဘရော့အနေနဲ့ အခု အိမ်ကွင်းပွဲမှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မစ်ဒယ်ဘရော့က တိုက်စစ်ပိုင်းအားနည်းမှုတွေ ရှိနေပါတယ်။ ဒါ့အပြင်လက်ရှိအချိန်မှာ အဲဗာတန်ရဲ့ ခြေစွမ်းနဲ့တိုက်စစ်ကစားပုံကလည်း ထက်မြက်မှုရှိနေပါတယ်။ ဒါကြောင့် အဲဗာတန်ကသာအနိုင်ရသွားမှာပါ။

## မန်ယူ VS ဝက်ဖို့ဒ်

| ပကျော့ | ဝက်ဖို့ဒ် | ၃ | ၁ | မန်ယူ |
|---|---|---|---|---|

မန်ယူက နိုင်ပွဲရယူနိုင်ရေး အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ မန်ယူအနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေတာ တွေ့ရပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ကအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းမတည်ငြိမ်တတ်တာကြောင့် မန်ယူတို့အခွင့်အရေးရနိုင်ပါတယ်။ မန်ယူအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ မသေချာပါဘူး။

## စတုတ် VS ပဲလေ့စ်

| ပကျော့ | ပဲလေ့စ် | ၄ | ၁ | စတုတ် |
|---|---|---|---|---|

အိမ်ကွင်းမှာကစားခဲ့ရတာတောင်မှ ဆန်းဒါးလန်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ပဲလေ့စ်ခြေက အားနည်းမှုတွေများခဲ့ပါတယ်။ အခုပွဲမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ စတုတ်ကတော့ ဝက်စ်ဘရွန်းကိုရှုံးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းခြေလည်း ကောင်းမွန်ပါတယ်။ စတုတ်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## လီဗာပူး VS စပါး

| ပကျော့ | စပါး | ၁ | ၁ | လီဗာပူး |
|---|---|---|---|---|

ငါးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် ဒီပွဲစဉ်မှာ လီဗာပူးတို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်ပါတယ်။ စပါးခြေကလည်းကောင်းမွန်နေတယ်ဆိုပေမယ့် လီဗာပူးက အိမ်ကွင်းအားနဲ့ နိုင်ပွဲရအောင်အားစိုက်လာမှာကို သတိပြုရမယ်။ ဒါ့အပြင်လီဗာပူးက ဒီနှစ်မှာ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာလည်း ရလဒ်ပိုင်းရောခြေစွမ်းပိုင်းပါကောင်းမွန်တတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ လီဗာပူးအနိမ့်ဆုံးသရေရမယ်။

## ဘုန်းမောက် VS မန်စီးတီး

| ပကျော့ | မန်စီးတီး | ၄ | ၀ | ဘုန်းမောက် |
|---|---|---|---|---|

ဘုန်းမောက်က အဲဗာတန်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းမှာရလဒ်ကောင်းမွန်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ဘုန်းမောက်ရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကလည်းကောင်းမွန်မှုရှိတတ်ပါတယ်။ လက်ရှိအချိန်မှာလည်း မန်စီးတီးရဲ့ ခြေကလည်း ကောင်းမွန်မှုရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ မရှိသေးတာကြောင့် အားစိုက်လာမှာလည်းဖြစ်လို့ မန်စီးတီးပဲ အနိုင်ရမယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၅)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၁-၂-၁၇)** | | | |
| ည ၇း၀၀ | အာဆင်နယ် | - | ဟားလ်စီးတီး |
| ည ၉း၃၀ | မန်ယူ | - | ဝက်ဖို့ဒ် |
| ည ၉း၃၀ | မစ်ဒယ်ဘရော့ | - | အဲဗာတန် |
| ည ၉း၃၀ | စတုတ်စီးတီး | - | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၉း၃၀ | ဆန်းဒါးလန်း | - | ဆောက်သမ်တန် |
| ည ၉း၃၀ | ဝက်စ်ဟမ်း | - | ဝက်စ်ဘရွန်း |
| နံနက် ၀၀း၀၀ | လီဗာပူး | - | စပါး |
| **တနင်္ဂနွေနေ့ (၁၂-၂-၁၇)** | | | |
| ည ၈း၀၀ | ဘန်လေ | - | ချယ်လ်ဆီး |
| ည ၁၀း၃၀ | ဆွမ်ဆီး | - | လက်စတာ |
| **တနင်္လာနေ့ (၁၃-၂-၁၇)** | | | |
| နံနက် ၂း၃၀ | ဘုန်းမောက် | - | မန်စီးတီး |

## စပိန်လာလီဂါပွဲစဉ်(၂၂)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၂-၁၇)** | | | |
| နံနက် ၂း၁၅ | အက်စ်ပန်ညို | - | ဆိုစီဒက်စ် |
| **စနေနေ့ (၁၁-၂-၁၇)** | | | |
| ည ၆း၃၀ | ဘက်တစ် | - | ဗလန်စီယာ |
| ည ၉း၄၅ | အလာဗက်စ် | - | ဘာစီလိုနာ |
| နံနက် ၀၀း၀၀ | ဘီဘာအို | - | ဒီပိုတီဗို |
| နံနက် ၂း၁၅ | အိုဆာဆူနာ | - | ရီးရဲ |
| **တနင်္ဂနွေနေ့ (၁၂-၂-၁၇)** | | | |
| ည ၅း၃၀ | ဗီလာရီးရဲ | - | မာလာဂါ |
| ည ၉း၄၅ | လီဂါနက်စ် | - | ဂီဂျွန် |
| နံနက် ၀၀း၀၀ | လက်ပဲလ်မက်စ် | - | ဆီဗီးလ် |
| နံနက် ၂း၁၅ | အက်သလက် | - | ဆယ်တာဗီဂို |
| **တနင်္လာနေ့ (၁၃-၂-၁၇)** | | | |
| နံနက် ၂း၁၅ | အီးဘာ | - | ဂရန်နာဒါ |

## စီးရီးအေပွဲစဉ်(၂၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၂-၁၇)** | | | |
| နံနက် ၂း၁၅ | နာပိုလီ | - | ဂျီနိုအာ |
| **စနေနေ့ (၁၁-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဖီယိုရင်တီးနား | - | အူဒီးနိစ် |
| **တနင်္ဂနွေနေ့ (၁၂-၂-၁၇)** | | | |
| ည ၆း၀၀ | ခရိုတိုနီ | - | ရိုးမား |
| ည ၈း၃၀ | ပါလာမို | - | အတ္တလန်တာ |
| ည ၈း၃၀ | ဆက်ဆူအိုလို | - | ချီယေဗို |
| ည ၈း၃၀ | အင်တာမီလန် | - | အမ်ပိုလီ |
| ည ၈း၃၀ | တိုရီနို | - | ပက်စ်ကာရာ |
| ည ၁၁း၃၀ | ဆမ်ဒိုးရီးယား | - | ဘိုလော့ဂ်နာ |
| နံနက် ၂း၁၅ | ကယ်ဂလီယာရီ | - | ဂျူဗင်တပ်စ် |
| **တနင်္လာနေ့ (၁၃-၂-၁၇)** | | | |
| နံနက် ၂း၁၅ | လာဇီယို | - | မီလန် |

## ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပ-ကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၁၄-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဘင်ဖီကာ | - | ဒေါ့မွန် |
| နံနက် ၂း၁၅ | ပီအက်စ်ဂျီ | - | ဘာစီလိုနာ |
| **ဗုဒ္ဓဟူးနေ့ (၁၅-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ရီးရဲ | - | နာပိုလီ |
| နံနက် ၂း၁၅ | ဘိုင်ယန် | - | အာဆင်နယ် |

# ပရီမီယာလိဂ်ဆုဖလားကို သွေဖည်စေတဲ့ အာဆင်နယ်ရဲ့ အကြောင်းတရားများ

အောင်က

**ဘဝမှာတော့ တချို့အရာတွေဟာ မပြောင်းလဲပဲတည်ရှိတတ်တယ်လို့တော့ ဆိုရမှာပါ။ အကောင်းဆုံးဖြစ်လာမယ်လို့ မျှော်လင့်ထားပေမယ့် နောက်ဆုံးမှာတော့ စိတ်ပျက်စရာတွေနဲ့ အဆုံးသတ်ခဲ့တဲ့အခြေအနေတွေလည်း ရှိပါတယ်။ အဲ့ဒီလိုအခြေအနေတွေနဲ့ အမြဲတမ်းကြုံတွေ့နေရတဲ့ ပရီမီယာလိဂ်အသင်းတစ်သင်းတော့ ရှိပါတယ်။ အဲ့ဒါကတော့ အာဆင်နယ်အသင်းပဲ ဖြစ်ပါတယ်။အာဆင်နယ်ဟာ ရာခိုင်နှုန်းတွေနဲ့ ကိန်းဂဏန်းတွေအရ နှစ်စဉ်နှစ်တိုင်း ချန်ပီယံပြေးလမ်းပေါ် မှာရှိနေတဲ့အသင်းပါ။ ဒါပေမယ့်နောက်ဆုံးမှာတော့အဆင့်-၄နေရာနဲ့ပဲ ကျေနပ်ခဲ့ရတာကတော့ ရာသီတိုင်းလို့တောင် ပြောရမှာပါ။ ဒါကြောင့် ပရီမီယာလိဂ် ဆုဖလားနဲ့ ဝေးကွာစေတဲ့ အာဆင်နယ်အသင်းရဲ့အကြောင်းတရားတွေကို ပရိသတ်တွေသိရှိစေဖို့အတွက် တင်ပြလိုက်ပါတယ်။**




### ခံစစ်ပိုင်းတည်ငြိမ်မှုအားနည်းခြင်း

အာဆင်နယ်အသင်းရဲ့ ပရိသတ်တွေကို အသင်းရဲ့အကောင်းဆုံးခံစစ်မှူးက ဘယ်သူဖြစ်မလဲလို့မေးရင်တော့ တော်တော်များများက ကိုလိုချီနီလို့ ပြောကြမယ်ထင်ပါတယ်။ အဲ့ဒါဟာ မှန်ကန်မှုမရှိဘူးလို့တော့ မငြင်းဆိုနိုင်တာ အမှန်ပါပဲ။ ကိုလိုချီနီဟာအာဆင်နယ်အသင်းရဲ့ခံစစ်ပိုင်းကို စိုးမိုးလာခဲ့တာဟာ အချိန်အတော်ကလေးကို ကြာခဲ့ပြီလို့ဆိုရမယ်။ ဒါပေမယ့် ဘောလုံးကစားနည်းမှာတော့ ခံစစ်ပိုင်းဆိုတာဟာ တစ်ဦးတစ်ယောက်ရဲ့ စွမ်းဆောင်မှုနဲ့ အကောင်းဆုံးဖြစ်မလာတာကတော့ အမှန်ပါပဲ။ အသင်းမှာရှိတဲ့ကစားသမားတွေအားလုံးရဲ့ စုပေါင်းအားနဲ့ အကောင်းဆုံးခံစစ်အဖြစ် တည်ဆောက်ရတာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အာဆင်နယ်အသင်းတော့ တောင့်တင်းခိုင်မာတဲ့ ခံစစ်အင်အားပိုင်ဆိုင်ရလောက်အောင် ကံမကောင်းရှာပါဘူး။ ယခုနှစ်ရာသီမှာဆိုရင်လည်း အာဆင်နယ်အသင်းဟာ ပေးဂိုးအနေနဲ့ ၂၈ ဂိုးအထိ ပေးထားရပြီး အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာရှိတဲ့ ချယ်လ်ဆီးအသင်းနဲ့ဆိုရင် ၁၁ မှတ်တောင် ကွာခြားပါတယ်။ ဒါပေမယ့်ခံစစ်ကစားသမားတစ်ဦးခြင်းရဲ့ အရည်အချင်းတွေကို ပြောမယ်ဆိုရင်တော့ အာဆင်နယ်အသင်းမှာတော့ ခံစစ်မှူးကောင်းတွေလို့ ပြောလို့ရတဲ့ ဘယ်လာရင်နဲ့ မူစတာဖီတို့တော့ ရှိပါတယ်။ ဒါပေမယ့် ခံစစ်မှူးကောင်းတိုင်းဟာ အသင်းရဲ့ အကောင်းဆုံးခံစစ်ဖြစ်နိုင်ရဲ့လားဆိုတာကတော့ မေးခွန်းထုတ်စရာပါပဲ။

### ကမ္ဘာ့အဆင့် ကွင်းလယ်ဖန်တီးရှင်ကင်းမဲ့ခြင်း

အာဆင်နယ်အသင်းမှာကမ္ဘာ့အဆင့် ကွင်းလယ် ဖန်တီးရှင်းမရှိဖူးလို့ဆိုတဲ့အချက်ကိုတော့ အနည်းငယ်ရှင်းပြရမယ်ထင်ပါတယ်။ ကျွန်တော်တို့ ဆိုလိုတဲ့ ကွင်းလယ်ဖန်တီးရှင်ဆိုတာဟာ အသင်းရဲ့ခံစစ်ပိုင်းနဲ့ တိုက်စစ်ပိုင်းကို ချိတ်ဆက်ပေးနိုင်တဲ့သူကိုပြောတာပါ။ အိုဇေးလ်ကို ကွင်းလယ်ဖန်တီးရှင်လို့တော့ မဆိုလိုပါဘူး။ သူဟာ တိုက်စစ်ပိုင်းအတွက် အဓိက ကူညီပြီးအသင်းကို အရှိန်အဟုန်မြှင့်ပြီး ကစားစေခဲ့သူလို့ ပြောရမှာပါ။

အာဆင်နယ်အသင်းဟာ ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဇာကာကို ခေါ်ယူပြီးချိန်မှာတော့ အာဆင်နယ်ပရိသတ်တွေအနေနဲ့ အာဆင်နယ်အသင်းဟာ ကွင်းလယ်ဖန်တီးရှင်တစ်ဦးကိုတော့ အကောင်းဆုံးခေါ်ယူနိုင်ခဲ့ပြီလို့သတ်မှတ်လိုက်ကြပါတယ်။ ပရိသတ်တွေ မျှော်လင့်ထားသလိုပဲရှာကာကလည်း အကောင်းဆုံးခြေစွမ်းတွေနဲ့ ပြကစားနိုင်ခဲ့ပါတယ်။ သူဟာ နာမည်ကြီးကွင်းလယ်ကစားသမားအလွန်ဆို လိုပဲ ဘောလုံးလုယူရာမှာ ကောင်းမွန်ကျွမ်းကျင်လွန်းတဲ့ ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

ဒါပေမယ့် ရှာကာဟာအကောင်းဆုံးအချိန် မရောက်ခင်မှာပဲ အနီကတ်အပြခံခဲ့ရတယ်။ စိတ်ပိုင်းဆိုင်ရာမှာ ထိန်းချုပ်ဖို့ခက်ခဲတဲ့ရှာကာဟာ မကြာခဏဆိုသလို အဝါကတ်တွေ၊ အနီကတ်တွေကလည်း သူ့ရဲ့တိုးတက်မှုတွေကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။ ရှာကာရဲ့အနီကတ်ဟာ အာဆင်နယ်အသင်းအတွက်ကြီးမားတဲ့ထိုးနှက်ချက်တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်။ ဒါကြောင့်လည်း ဇာကာဟာ ချယ်လ်ဆီးအသင်းနဲ့ ကစားတဲ့ပွဲမှာတော့ မပါဝင်နိုင်ခဲ့ပဲ အာဆင်နယ် အသင်းဟာ ချယ်လ်ဆီးအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

> **ဇာကာဟာအကောင်းဆုံးအချိန် မရောက်ခင်မှာပဲ အနီကတ် အပြခံခဲ့ရတယ်။ စိတ်ပိုင်းဆိုင်ရာမှာ ထိန်းချုပ်ဖို့ခက်ခဲတဲ့ရှာကာဟာ မကြာခဏ ဆိုသလို အဝါကတ်တွေ၊ အနီကတ်တွေကလည်း သူ့ရဲ့တိုးတက်မှုတွေကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။ ဇာကာရဲ့အနီကတ်ဟာ အာဆင်နယ်အသင်း အတွက် ကြီးမားတဲ့ထိုးနှက်ချက်တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်။**

### ဂိုးသမားပြဿနာ

ဘောလုံးသမိုင်းမှာဆိုရင် ဘင်ဖီကာအသင်းနဲ့ ပတ်သက်ပြီး နည်းပြဂတ်မန်းရဲ့ကျိန်စာဟာထင်ရှားလွန်းပါတယ်။ ဂတ်မန်းဟာ ဘင်ဖီကာအသင်းရဲ့ နည်းပြတစ်ဦးဖြစ်ပြီးအသင်းနဲ့အတူ ဥရောပဆုဖလား နှစ်ကြိမ်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဂတ်မန်းဟာ အသင်းကို လုပ်ခငွေတိုးမြှင့်တောင်းဆိုခြင်းကိုဘင်ဖီကာအသင်းရဲ့ ဘုတ်အဖွဲ့ဝင်တွေက ငြင်းဆိုခဲ့ပါတယ်။ ဒါကြောင့် ဂတ်မန်းကအသင်းကနေ မထွက်ခွာခင် ကျိန်စာတိုက်ခဲ့ပါတယ်။ အဲ့ဒါကတော့ အခုအချိန်ကနေစပြီး နှစ်တစ်ရာအတွင်း ဘင်ဖီကာအသင်းဟာ ဥရောပဆုဖလား မရရှိပါစေနဲ့လို့ ဆိုလိုက်ခြင်းပါပဲ။ အဲ့ဒီအချိန်ကတည်းက ဘင်ဖီကာအသင်းဟာ ချန်ပီယံလိဂ်ဖိုင်နယ် ငါးကြိမ်နဲ့ ယူရိုပါလိဂ်ဖိုင်နယ် သုံးကြိမ်ရောက်ရှိခဲ့ပေမယ့် ပွဲတိုင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

အဲ့ဒီဥပမာလိုပဲ အာဆင်နယ်အသင်းလည်း လေးမန်းကျိန်စာမိနေတယ်လို့ ပြောရမလိုပါပဲ။ တစ်ကယ်တော့ အာဆင်နယ်ဂိုးသမားဟောင်း လေးမန်းအနေနဲ့ အာဆင်နယ်အသင်းပေါ်ကျိန်စာမတိုက်ခဲ့ပါဘူး။ လေးမန်းကျိန်စာမတိုက်ခဲ့ပေမယ့် အာဆင်နယ်အသင်းကတော့ လေးမန်း ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း ဘယ်ဂိုးသမားနဲ့မှ ပရီမီယာလိဂ် ဆုဖလားမရရှိခဲ့သေးပါဘူး။ ဂိုးသမား ပီတာဆက်ချ်ဆိုရင်လည်း ယခုနှစ်ရာသီမှာ သူ့ရဲ့ လက်စွမ်းပိုင်းဟာ တဖြည်းဖြည်းနဲ့ ကျဆင်းလာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ ပွဲတုန်းကဆိုရင်လည်း ဖာဘရီဂက်စ်ကို ဂိုးသွင်းခွင့်ရရှိအောင် အမှားလုပ်ခဲ့ပါတယ်။ ဒါကြောင့်အာဆင်နယ်အသင်းအတွက်တော့ ဂိုးသမားပြဿနာဟာလည်း ဖြေရှင်းရမယ့်အရာအဖြစ် ရှိနေတယ်လို့ ဆိုရမှာပါ။

### အဆင့် - ၄ နေရာနဲ့ ကျေနပ်မှု

အာဆင်နယ်အသင်းအနေနဲ့ အဆင့်-၄ နေရာနဲ့ ကျေနပ်မှုရှိတယ်ဆိုတာကတော့ အမှန်ပါပဲ။ ဘယ်အသင်းကမှ အခုလိုနေရာမျိုးနဲ့ကျေနပ်မယ်လို့တော့မထင်ပါဘူး။ ဒါပေမယ့် အာဆင်ဝင်းဂါးကတော့ အဆင့်- ၄ နေရာဟာ သူ့အတွက် ကျေနပ်စရာနေရာအဖြစ် ရှိနေပါတယ်။ အာဆင်နယ်အသင်းဟာ ရာသီတိုင်းဆုဖလားရရှိနိုင်ဖို့အတွက် မျှော်လင့်ချက်ကြီးကြီးမားမားထားရှိခဲ့ပေမယ့် ဖေဖော်ဝါရီဆိုရင် အသင်းရဲ့ခြေစွမ်းပိုင်းဟာ ပျက်ယွင်းလာခဲ့ပြီး နောက်ဆုံးမှာတော့ ထိပ်ဆုံးလေးသင်းနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒါ့အပြင် အာဆင်နယ်အသင်းအနေနဲ့ ထိပ်ဆုံးလေးသင်း ဝင်ရောက်ခြင်းကပဲ အသင်းအတွက်ကြီးမားတဲ့ အောင်မြင်မှုလို့ ခံစားလာခဲ့ကြပါတယ်။ ။


---

## ဘာစီလိုနာတွင် ပါဝင်ကစားခွင့်ရပါက ကောင်းမွန်သည့် ကိစ္စဖြစ်လာမည်ဟု လာကာဇက်တီ ပြောဆို

ပြင်သစ်ကလပ် လိုင်ယွန်အသင်း တိုက်စစ်မှူး အလက်ဇန်ဒရီလာကာ ဇက်တီက ဘာစီလိုနာအသင်းတွင် ပါဝင်ကစားလိုကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။ ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် လိုင်ယွန်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိကြောင်း ဖွင့်ဟပြောဆိုထားသူ ဖြစ်သည်။

ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ အကောင်းဆုံး တိုက်စစ်မှူးများအနက်မှ တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကာ ဥရောပ အသင်းကြီးအချို့၏ စိတ်ဝင်စားမှုခံနေရသူဖြစ်သည်။ တိုက်စစ်မှူး လာကာဇက်တီသည် ယခုနှစ် ဘောလုံးရာသီတွင် လိုင်ယွန် အသင်းအတွက် စုစုပေါင်း ၂၄ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၂၁ ဂိုးအထိ သွင်းယူပေးထားသူဖြစ်သည်။

လာကာဇက်တီက "ကျွန်တော့် အတွက် အပြောင်းအလဲပြုလုပ်ဖို့ သင့်တော်တဲ့အချိန်ကို ရောက်နေပြီလို့ ထင်ပါတယ်။ ဒါကြောင့် လာမယ့် နွေရာသီဈေးကွက်ကာလအတွင်းမှာ ကစားသမားတစ်ဦးအနေနဲ့ရော လူပုဂ္ဂိုလ်တစ်ဦးအနေနဲ့ပါ နောက်တစ်ဆင့် တိုးတက်နိုင်ဖို့အတွက် အပြောင်းအလဲ ပြုလုပ်ရတော့မှာပါ။ နွေရာသီဈေးကွက်အတွင်းမှာ ကျွန်တော့်အတွက် ကောင်းမွန်တဲ့အခွင့်အရေး အချိန်ရှိနေလိမ့်မယ် လို့ မျှော်လင့်ပါတယ်"ဟု ပြောဆိုခဲ့သည်။ ဆက်လက်၍ တိုက်စစ်မှူး လာကာဇက်တီက ဘာစီလိုနာအသင်းနှင့် ပတ်သက်ပြီး "ဘာစီလိုနာအသင်းဟာ တကယ့်ကို ကောင်းမွန်တဲ့အသင်းကြီး တစ်သင်းပါ။ ဘာစီလိုနာအသင်းမှာ ပါဝင်ကစားရဖို့က အိပ်မက်တစ်ခုဖြစ်ပြီး လက်တွေ့ဖြစ်လာခဲ့ရင်လည်း ကောင်းမွန်တဲ့ကိစ္စဖြစ်လာမှာပါ။ ဒါပေမယ့် ကျွန်တော်က ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ရဲ့ နေရာမှာအစားဝင်မယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ တစ်နေ့နေ့မှာတော့ သူတို့နဲ့အတူ လက်တွဲ ကစားချင်ပါတယ်"ဟု ပြောဆိုခဲ့သည်။



## ဘိုင်ယန်တွင် ဒေါက်ကလပ် ကော်စတာ မပျော်မရွှင်ဖြစ်နေသည့် ဆိုသည့်သတင်းများကို အန်ဆယ်လော့တီ ငြင်းဆို

ဂျာမနီ ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံတိုက်စစ် ကစားသမား ဒေါက်ကလပ်ကော်စတာသည် ဘိုင်ယန်အသင်းတွင် မပျော်မရွှင်ဖြစ်နေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို ဘိုင်ယန်အသင်း နည်းပြ ကားလော့စ်အန်ဆယ်လော့တီက ငြင်းဆိုလိုက်ပြီး ဒေါက်ကလပ်ကော်စတာ၏ အေးဂျင့်ဖြစ်သူကို ပြစ်တင်ပြောဆိုမှု ပြုလုပ်ခဲ့သည်။

ဘရာဇီးကစားသမား ဒေါက်က လပ်ကော်စတာက သူသည် ဘိုင်ယန်မြူးနစ်အသင်းတွင် အခြေမကျဖြစ်နေပြီး ပရီမီယာလိဂ်၊ လာလီဂါ၊ ပြင်သစ်ပထမတန်းပြိုင်ပွဲ၊ တရုတ်စူပါလိဂ် ကလပ်များထံမှ ကနဦး ကမ်းလှမ်းမှုများ ရရှိထားသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောဆိုခဲ့သည်။ "အင်တာဗျူးမှာ ဒေါက်ကလပ် ကော်စတာ ပြောဆိုခဲ့တယ်ဆိုတဲ့ စကားတွေကို ကျွန်တော် မဖတ်ရပါဘူး။ ဒါပေမယ့် ကျွန်တော်နဲ့ သူ့အကြားမှာ ပုံမှန်ပြောဆိုဆက်ဆံမှု ရှိပါတယ်။ ဒေါက်ကလပ်ကော်စတာဟာ ဘိုင်ယန်မှာ ကစားရတာကို ကျေနပ်နှစ်သက်မှု ရှိနေတယ်။ ကစားသမားတစ်ဦး ပျော်ရွှင်ဝမ်းသာနေချိန် ဒါမှမဟုတ် ဝမ်းနည်းနေချိန်မှာ အေးဂျင့်တွေက အသင်းအပေါ် ဖိအားပေးဖို့ ဆန္ဒရှိကြတယ်။ အေးဂျင့်တွေဟာ ကစားသမားနဲ့ ကလပ်ကြားမှာပိုပြီး ပါဝင်ဖို့ ဆန္ဒရှိကြပါတယ်။ ကျွန်တော်တော့ ကစားသမားနဲ့ တိုက်ရိုက်ဆက်သွယ်သူ ဖြစ်ပါတယ်။ အင်တာဗျူးဟာ ဒေါက်ကလပ်ကော်စတာ ပြောခဲ့တဲ့စကားတွေက ဒေါက်ကလပ်ကော်စတာကိုယ်တိုင်ရဲ့ဆန္ဒထက်အေးဂျင့်ရဲ့ဆန္ဒဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်တယ်" ဟု နည်းပြ အန်ဆယ်လော့တီက ပြောသွားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဒေါက်ကလပ်ကော်စတာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်အတွက် စုစုပေါင်း ၁၉ ပွဲ ပါဝင်ကစားထားကာ လေးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်ပေးထားသူဖြစ်သည်။



## အာဆင်ဝင်းဂါးသည် အောင်မြင်ခဲ့သည့် အတွေးအခေါ်မှ လမ်းလွဲနေကြောင်း ဆိုးလ်ကင့်ဘဲလ် မှတ်ချက်ပြု

အာဆင်နယ်အသင်း မန်နေဂျာအာဆင်ဝင်းဂါးသည် လက်ရှိအချိန်တွင် အာဆင်နယ်အသင်း၌ အောင်မြင်မှုရရှိခဲ့သည့် အတွေးအခေါ်မျိုးမှ သွေဖည်လမ်းလွဲနေကြောင်း အာဆင်နယ်အသင်း ဗဟိုခံစစ်မှူးဟောင်း ဆိုးလ်ကင့်ဘဲလ်က မှတ်ချက်ပြု ပြောဆိုလိုက်သည်။

အင်္ဂလန်ခံစစ်မှူးဟောင်း ဆိုးလ်ကင့်ဘဲလ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အာဆင်နယ်တွင် ပထမအကြိမ် ပါဝင်ကစားခဲ့ကာ ၂၀၁၀ ပြည့် နှစ်အတွင်းတွင်လည်း အာဆင်နယ်၌ ခေတ္တပါဝင်ကစားခဲ့သူဖြစ်သည်။

ဆိုးလ်ကင့်ဘဲလ်က "မန်နေဂျာ အာဆင်ဝင်းဂါးဟာ အာဆင်နယ်မှာ သူ့ကို အောင်မြင်စေခဲ့တဲ့ အတွေးအခေါ်ကနေ လမ်းလွဲနေတာကြောင့် အခုလို မအောင်မြင်မှုတွေနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ သူဟာ အရင်တုန်းက အင်္ဂလန်ကစားသမားကောင်းတွေနဲ့ ပြည်ပကစားသမားတွေကို ကောင်းမွန်စွာ ပေါင်းစပ်အသုံးပြုနိုင်ခဲ့သူပါ။ အခြား အသင်းအများအပြားက အာဆင်ဝင်းဂါးရဲ့အတွေးအခေါ်ကို နမူနာယူခဲ့ပြီး ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ခဲ့ကြတယ်။ ဒါပေမယ့် အာစင်ဝင်းဂါးကတော့ ဒီအတွေးအခေါ်ကနေ တဖြည်းဖြည်း လမ်းလွဲလာခဲ့တယ်။ ဒါကြောင့် အခုလို အခြေအနေမျိုး ကြုံတွေ့နေရတာပါ။ ပြည်တွင်းကစားသမားတွေနဲ့ ပြည်ပကစားသမားတွေကို ရောနှောပြီး တောင့်တင်းတဲ့ ကစားသမားအစုအဖွဲ့ကို တည်ဆောက်နိုင်ခဲ့တာက အာဆင်နယ်ရဲ့အောင်မြင်မှုမှာ အရေးပါခဲ့ပါတယ်။ အခုတော့ ဒီအခြေအနေကနေ လမ်းလွဲနေပါပြီ"ဟု ပြောဆိုခဲ့သည်။ ဝင်းဂါးသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး သူ၏ အာဆင် နယ် မန်နေဂျာဘဝ အဆုံးသတ်နိုင်ကြောင်း ထင်ကြေးပေးခံနေရသူဖြစ်သည်။



ထက်အောင်

# တစ်လတိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ဆောင်းပါး - မောင်တင်လှိုင်(ဟိုတယ်/ခရီး)
ဓာတ်ပုံ- မောင်မောင်မြင့်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီး သမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီလ ၁၂ ရက်မှ မတ်လ ၁၂ ရက်(တပို့တွဲလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်နေ့)အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်၌ ဘုရားအနေကဇာတင်ခြင်း၊ ဆရာတော် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာများအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခြင်းများနှင့်အတူ ဇာတ်သဘင်ပွဲများ၊ စင်တင်တေးဂီတများ၊ ဖျော်ဖြေပွဲအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်သည်။ မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂ ၂၃၆၈၉၊ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၂ ၂၅၁၇၇ နှင့် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း- ၀၉-၂၄၀၀၇၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပေသည်။

မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် အံ့ဖွယ် ၁၈ ပါးရှိသည်။

ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံငွေသံ ကြားရခြင်း။

ဒုတိယကမ္ဘာစစ်အတွင်းတွင် အင်္ဂလိပ်များက အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုးရွာသော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း။

လပြည့်လကွယ်တွင် ရောင်ခြည်လွှတ်လေ့ရှိခြင်း။

စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများ မပြတ်ပွင့်ခြင်း။

ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း။

ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း။

ယခုထက်တိုင်ပင် ရံဖန်ရံခါ ဆွမ်းများ ဦးအောင်မတင်နိုင်ခြင်း။

နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားသောဘေးအန္တရာယ် မရှိခြင်း။

နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း။

လပြည့်လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံစသော တူရိယာအမျိုးမျိုးတို့၏ အသံကို အာရုံဦးယံတွင် ကြားရတတ်ခြင်း။

ဘေးအန္တရာယ်များ ကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်မှ ကင်းဝေးခြင်း။

တပေါင်းလ ဘုရားပွဲတော်ကြီး ဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်ကို ရစ်ပတ်ပျံဝဲကြခြင်း။

ဘုရားပွဲတော်ကြီးတွင် လူသိန်းသန်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း။

ဘုရားပွဲတော်တွင် ဆွမ်းတော်တင်များ တောင်ပုံရာပုံ စွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှ လာရောက်စားသောက်မှုမရှိခြင်း။

ဘုရားပွဲတော်တွင် လူပေါင်းသိန်းချီ၍ ရောက်ရှိသော်လည်း တောင်တော်တွင် လူပြည့်သည်ဟု မရှိခြင်း။

စေတီတော်ကြီးရင်ပြင်တော်တွင် ယုံကြည်စွာနှင့် သစ္စာအဓိဋ္ဌာန် ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံကြားရတတ်ခြင်း။

နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော် မကျင်းပနိုင်ပါက တောင်တော်မြည်ဟည်းခြင်း။

စေတီတော်ကို အဝေးမှ မြင်ရလျှင်သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်ဖြင့် ရောက်မိသည်နှင့်လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင်လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါး ချမ်းမြေ့ရခြင်း။

စသည့် အံ့ဖွယ်(၁၈)ပါးနှင့် ပြည့်စုံတော်မူသော စေတီတော်မြတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ သွားရောက်ဖူးမြော်စေချင်ပါသည်။

မြတ်မော်တင်စေတီတော်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ မော်တော်ကားများဖြင့် အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ပေသည်။ လမ်းများမှာ အလွန်ကောင်းမွန်လှသည်။ ထို့ပြင် ရေလမ်းခရီးတွင်လည်း ပုသိမ်မြို့မှ နှစ်ထပ်ရေယာဉ်များဖြင့် စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒထွန်းကားရာ နိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရားပွဲတော်များကို ကျင်းပလျက်ရှိပေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများ ရှိသည့်အနက် ဆံတော်ရှင် မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ဖြစ်သည်။ ဘုရားပွဲတော်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရက ကြီးကြပ်၍ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပသော ပွဲတော်ဖြစ်သည်။

ဘုရားပွဲတော်ကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်၊ မွေတော်များ တည်နေ ကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးခဲ့သော ဆံတော်ရှင် ကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်လေသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက်ရာ ဌာနဖြစ်ကြောင်း သမိုင်းအစဉ်အလာရှိနေသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံ၏ အထင်ကရ စေတီတော်တစ်ဆူဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ကိုရ၍ လင်းလွန်းပင်ရင်း၌ စံပယ်တော်မူစဉ် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား သရဏဂုံတည်စေ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက်တွင် ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူခဲ့သည်။ ညီနောင်တို့ ဆံတော်ပင့်လာသည့် အပြန်ခရီးတွင် အဇ္ဈတ္တနာဂရမြို့သို့ ဆိုက်ရောက်ရာ ဘုရင်က ဆံတော်နှစ်ဆူကို ပင့်ယူထားလိုက်သည်။ ထိုမှ ခရီးဆက်ခဲ့ရာ ကုသိမနာဂရ(ပုသိမ်) တောင်ပိုင်း၊ နာဂရစ်မှော်(ခ) သရနတောင်စွန်း(ဝါ) မော်တင်စွန်းအရောက်တွင် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကိုရယူ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်လယ်တွင်းမှ ရရှိသည့်မြသားဖြင့် စိုင်တမော့အရွယ် စေတီကို တည်ထားကိုးကွယ်ခဲ့သည်။

ကောဇာသက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် အမြင့်သံတောင် ၂၅ ရှိ စေတီတော်အဖြစ် အလောင်းစည်သူမင်းကြီးက မွမ်းမံတည်ထားခဲ့သည်။ ယခုအမြင့် သံတောင် ၈၈ နှင့် အဝန်း သံတောင် ၁၃၆ ရှိသည်။ မဟာမကုဋရုံသီဟူသည်မှာ ကြီးမြတ်တော်မူသော မော်တင်အစွန်း၌ တောက်ပသောရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသောစေတီဟု ဘွဲ့တော်ရှိသည်။

ဘုရားဖူးလာသူများအနေဖြင့် ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို ဖူးမြော်ပြီးပါက ဟိုင်းကြီးကျွန်းမြို့ကို ဝင်ရောက်လေ့လာနိုင်သည်။ ကျောက်ကလပ်သို့ စက်လှေများဖြင့်လည်းကောင်း၊ ငွေတောင်(မြွေတောင်)သို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း သွားရောက်လေ့လာနိုင်သည်။ ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးရသည်များမှာ အလွန် ပျော်စရာကောင်းလှပေသည်။ ပင်လယ်ရေတွင် အားပါးတရ ကူးနိုင်သည်။ အပန်းဖြေနိုင်သည်။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်အစားအစာများကို စားသောက်နိုင်သည်။

ရန်ကုန်မြို့မှ ၂၅၈ မိုင် ကွာဝေးသော ခမောက်မော်သို့ စက်တပ်ရေယာဉ်ကြီးများဖြင့်လည်းကောင်း၊ ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ ၁၀၁ မိုင် ၃ ဖာလုံကို မော်တော်ကားများဖြင့်လည်းကောင်း အလွယ်တကူသွားလာနိုင်ပြီး ပုသိမ်မြို့မှ ၈၆ မိုင် ကွာဝေးသော ခမောက်မော်သို့ ရေယာဉ်ကြီးများဖြင့်သွားလာနိုင်သည်။ တစ်ညအိပ် ဘုရားဖူး၍ ပြန်လာနိုင်သည်ဖြစ်ရာ သွားရေးလာရေး အလွန်လွယ်ကူလှပေသည်။

ဘုရားပွဲတော်သို့သွားရောက်မည့် သဘော်များ၏ ခေါင်မိုးများပေါ်၌ သာသနာ့အလံများ၊ ပလတ်စတစ်ပူဖောင်းများကို ဝါးခက်များဖြင့် တင့်တယ်လှပစွာ ပန်းပွားဆင်ထားတတ်ပါသည်။ ကျေးရွာဓလေ့ တေးသံသာများဖြင့်လည်း လွှင့်ထုတ်ပေးနေသည်မှာ ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလာလိုစိတ်များ ဖြစ်ပေါ်လာစေပါသည်။ ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို ဖူးမြော်ပြီး အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်ဘုရားဖူးနိုင်သည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ မြန်မာနိုင်ငံ အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့်ဘုရားဖူးများ စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရန်အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားပါသည်။ ခရီးသွားလာရေး၊ တည်းခိုနေနိုင်ရေး၊ စားသောက်ရေးကအစ ဆောင်ရွက်ပေးထားသည်။

တည်းခိုခန်းများမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေပြင်၏ အလှ၊ သဘာဝနှင့် ပနာရ တင့်တယ်လျက်ရှိသည်။ ပျော်ပွဲရွှင်ပွဲများ၊ ဗွီဒီယိုဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကာ ကျန်းမာရေးနှင့် လုံခြုံရေးအတွက်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးထားသည်။

ဒေသခံများ၏ ယုံကြည်မှုအရ ဆံတော်ရှင် မြတ်မော်တင်စေတီတော်သည် လူများ၊ နတ်များ သာမက နတ်နဂါးတို့ အလွန်ကြည်ညိုကြသော စေတီဖြစ်ကြောင်းနှင့် ဆင်ဖြူတော်များ၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များလည်း ကြည်ညိုသဒ္ဓါထက်သန်စွာ ဖူးမြော်နေသော စေတီဖြစ်ကြောင်း သိရသည်။

မြတ်မော်တင်စေတီကို ဖူးမြော်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့်စိုက်ခင်းများ၏ သဘာဝရှုခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် သမိုင်းဝင် ဟိုင်းကြီးကျွန်းမြို့နှင့် စံပြရွာ၊ အဏ္ဏဝါ၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကံချိုင်ရွာ၊ ဆီးချိုင့်ရွာတို့၏ သဘာဝအလှအပများကို တွေ့မြင်ရမည့်အပြင် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပျူငှာနွေးထွေးစွာ ဆက်ဆံမှုများကိုလည်း ထိတွေ့ခံစားရမည်ဖြစ်ရာ ဒေသန္တရဗဟုသုတ များစွာရရှိစေမည်ဖြစ်ပါသည်။

စိတ်ရွှင်လန်းမှုကို ဖြစ်စေခြင်း၊ ကျန်းမာရေးကို အထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်ကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ ပင်လယ်ရေနှင့် သဘာဝရေကိုချိုး၍ အုန်းရည်ချိုချိုလေးများ သောက်သုံးရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ ဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှု တို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်အား ရွှေစင်ရွှေသားများ လုံးတော်ပြည့်ကပ်လှူထားပြီး အရံစေတီ ၁၆ ဆူတို့အား ထီးတော်သစ်များ တင်လှူထားသည်။ သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည် ပြုပြင်ထားသည့်အတွက် ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို အလွန် သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပါသည်။

ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို သွားရောက်ဖူးမြော်ကြစေကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။



ယခင်နှစ်ကကျင်းပသော ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ

# သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲများကို ကျေးရွာများတွင် အဆက်မပြတ် ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ခပေါင်းကုန်းကျေးရွာအုပ်စု ခပေါင်းကုန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မိုးကြည်၊ ဒုတိယဦးစီးမှူးနှင့် ရှေ့တန်းစခန်းတာဝန်ခံများက ဒေသခံတောင်သူများအား သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ နွေသီးနှံ စိုက်ပျိုးထုတ်လုပ်မည့် အစီအမံများ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲရေးနှင့် ပတ်သက်သည့်အချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူပညာပေးဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၃ ရက်က အိမ်အိုကျေးရွာတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်က ဒေါင်းလည်ကျေးရွာတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်က မကျီးတိုင်းကျေးရွာတွင်လည်းကောင်း ကွင်းဆင်းပြုလုပ်ခဲ့ပြီးဖြစ်ကာ တောင်သူများအား ဒေသရာသီဥတုနှင့် ကိုက်ညီကာ အကျိုးအမြတ်များ ပိုမိုရရှိစေနိုင်မည့် သီးနှံများအကြောင်း၊ ဒေသ၏ ရေမြေအနေအထားနှင့် စိုက်ပျိုးသည့်သီးနှံ၏ အခြေအနေအရ သုံးစွဲသင့်သည့် မြေဩဇာနှင့် ပိုးသတ်ဆေးများအကြောင်း စသည်တို့ကို ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**



# သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း ပညာပေးဟောပြောပြီး အားဆေးများတိုက်ကျွေး

**ဘုရားသုံးဆူ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများအား သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဘုရားသုံးဆူမြို့ ကျန်းမာရေးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဘုရားသုံးဆူမြို့ ကျန်းမာရေးမှူး ဒေါ်စောယုမာက အပျိုဖော်ဝင်စမိန်းကလေးငယ်များ သိသင့်သည့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်းကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်ခက်ခက်ဝင်းက အနာဂတ်တွင် မိခင်လောင်းများဖြစ်လာကြမည့် အမျိုးသမီးငယ်များအနေဖြင့် သိရှိထားသင့်သော အမျိုးသမီးများတွင်ဖြစ်ပေါ်တတ်သည့် ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်သော ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသူ ၅၀၀ ဦးအား သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါ မဖြစ်ပွားစေရန်အတွက် Furamin BC အားဆေးများကို ကျန်းမာရေးဝန်ထမ်းများက တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **အောင်သူဟိန်း(ပြန်/ဆက်)**



# တရားမဝင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချမှုများကို အရေးယူမည်

**ရေး ဖေဖော်ဝါရီ ၉**



မွန်ပြည်နယ်အတွင်း တရားမဝင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အတုအပများ ရောင်းချခြင်းကိုလည်းကောင်း၊ လိုင်စင်မရှိဘဲ ရောင်းချသည့်ဆိုင်များကိုလည်းကောင်း ဥပဒေအရ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တရားမဝင်ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာအတုအပများ ဈေးကွက်ထဲဝင်လာသည့်အခါ သုံးစွဲမိလျှင် လူများအနေဖြင့် ကျန်းမာရေးဆိုးကျိုးများ ခံစားရမည်ဖြစ်သည့်အတွက် ငွေကုန်ပြီး အကျိုးလည်းမရှိ ဖြစ်နိုင်၍ မရောင်းချရန်နှင့် စိုက်ပျိုးရေးသုံးဆေးများကို လိုင်စင်မရှိဘဲ ရောင်းချနေသည့် အရောင်းဆိုင်များကိုလည်း ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သန်းသန်းလွင်က ပြောကြားသည်။

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အယ်ဗင်တိုင်းမ်လီမိတက် (အာမို)တို့ ကြီးမှူးကျင်းပပြီး GRO Myanmar မှ ကူညီပံ့ပိုးမှုဖြင့် မွန်ပြည်နယ် ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အရောင်းကိုယ်စားလှယ်များအား ပြဋ္ဌာန်းထားသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဥပဒေများနှင့် အသုံးချနည်းပညာများ ဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဈေးကွက်တွေမှာ မြန်မာစာတန်း အညွှန်းပါသော ပိုးသတ်ဆေးများကိုသာ တရားဝင် ရောင်းချခွင့်ပြုထားပြီး ပိုးသတ်ဆေး၊ မြေဩဇာ ရောင်းချရာမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ရောင်းချရန်လိုအပ်ပါတယ်"ဟု ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံက ဆိုသည်။

ရေးမြို့နယ်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် ပိုးသတ်ဆေးအမျိုးမျိုးကို အသုံးပြုနေကြသလို ရော်ဘာ၊ ကွမ်းသီး၊ သံပရာ စသည့် အပင်များအတွက် လိုအပ်သော ဓာတ်မြေဩဇာများကိုလည်း အများဆုံးရောင်းချနေရကြောင်း ရေးမြို့မှ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးအောင်သူက ပြောသည်။

ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာများကိုအသုံးပြုရာတွင် သတ်မှတ်အညွှန်းအတိုင်း သီးနှံပင်များပေါ်တွင် အသုံးပြုပါက စားသုံးသူများကို ထိခိုက်မှု နည်းပါးစေနိုင်သော်လည်း ယနေ့အချိန်တွင် တောင်သူများအနေဖြင့် သီးနှံပင်များ စိုက်ပျိုးကြရာ၌ ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာများကို အလွန်အကျွံသုံးလာကြ၍ လူတို့၏ ကျန်းမာရေးတွင် ဆိုးကျိုးများဖြစ်စေနိုင်သဖြင့် သတ်မှတ်အညွှန်းထက်လည်း ပိုမို၍ မသုံးစွဲသင့်ကြောင်း အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားချက်များအရ သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဗန်းမော်မြို့ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲ စာနယ်ဇင်းမိတ်ဆက်

**ဗန်းမော် ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ယူနေကြသည့် ကျောင်းသူ အလှမယ်များ ပါဝင်ယှဉ်ပြိုင်မည့် ဗန်းမော်မြို့ ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲဖြစ်သော Miss Bhamo Beauty Queen Beauty Contest 2017 နှင့် ပတ်သက်၍ စာနယ်ဇင်းမိတ်ဆက်ပွဲကို ဗန်းမော်မြို့ ပါရာဒိုက်စ်ဟိုတယ်၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

စာနယ်ဇင်းမိတ်ဆက်ပွဲတွင် Miss Bhamo Beauty Queen Organization မှ ကိုကောင်းမြတ်အောင် (K Entertainment)က Miss Bhamo Beauty Queen Beauty Contest 2017 ပြိုင်ပွဲ ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဗန်းမော်တက္ကသိုလ်၊ ဗန်းမော် နည်းပညာတက္ကသိုလ်နှင့် ဗန်းမော် ကွန်ပျူတာတက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အလှမယ် ၁၆ ဦးအား မိတ်ဆက်ကာ အလှမယ်များက ကိုယ်ဟန်ပြပြီး မြို့ခံသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်မည့် အလှမယ်လေးများက ဗန်းမော်သီရိရတနာဈေး အနီးတဝိုက်တွင် လမ်းလျှောက်လှည့်ပတ် အလှပြကာ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြသည်။



Miss Bhamo Beauty Queen Beauty Contest 2017 ပြိုင်ပွဲကို Miss Bhamo Beauty Queen Organization နှင့် K Entertainment တို့က ဦးစီးကျင်းပပြီး အလှမယ်များ စိစစ်ရွေးချယ်ပြီးစီးပါက ဗန်းမော်မြို့ကိုယ်စားပြု အလှမယ် ရွေးချယ်ပွဲကြီးကို ဗန်းမော်မြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် အောင်ပွဲရအားကစားမောင်မယ်များအား ဂုဏ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၉**

၂၀၁၆ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ကမ္ဘာ့အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်ပွဲများ ရရှိခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အောင်ပွဲရ အားကစားသမားများအနေဖြင့် မိမိတို့ရရှိသည့် အောင်မြင်မှုအပေါ်တွင် ရပ်တန့်မနေဘဲ ယခုထက်ပိုမိုပြီး အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားကာ အောင်ပွဲရ အားကစားအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများက ရရှိခဲ့သော ပထမ တံခွန်စိုက်ဆု ၁၈ ဆုကို ဝန်ကြီးချုပ်ထံ ပြန်လည်အပ်နှံကြပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ပွဲရ အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အောင်ပွဲရ ဝူရှူး၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ခြင်းလုံးအားကစား အဖွဲ့များက သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းများအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၈ ခု၊ ငွေ ၁၄ ခုနှင့် ကြေး ရှစ်ဆု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၉၄ ခု၊ ငွေ ၁၉၈ ခုနှင့် ကြေး ၁၉၁ ဆု အပါအဝင် အခြားအားကစားထူးချွန်ဆုများစွာ ရရှိခဲ့ကြောင်းနှင့် ဂုဏ်ပြုပွဲတွင် ပြိုင်ပွဲများအားလုံးမှ ဆုရကစားသမားများအတွက် ငွေကျပ် ၇၇၁ သိန်းကျော်ကို တိုင်းဒေသကြီးအစိုးရက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# အင်ကြင်းကျောက်ဥယျာဉ်သို့ နိုင်ငံခြားသားများအဖွဲ့ လာရောက်လေ့လာ

**နွားထိုးကြီး ဖေဖော်ဝါရီ ၉**

နွားထိုးကြီးမြို့ရှိ ထရီးဂျိတ် အင်ကြင်းကျောက်အလှဥယျာဉ်တွင် ပြသထားသော အင်ကြင်းကျောက်များကို ပုဂံမှပြန်လာပြီး မန္တလေးသို့သွားကြမည့် ဂျာမဏီနှင့် ဒတ်ချ် နိုင်ငံသား ၃၀ ဦးပါ နိုင်ငံခြားသားအဖွဲ့က ဖေဖော်ဝါရီ ၇ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ပုဂံ-မန္တလေးလမ်းတွင် အလယ်ဗဟိုကျသော နွားထိုးကြီးမြို့ရှိ အင်ကြင်းကျောက် အလှဥယျာဉ်ကို ဝင်ရောက်လေ့လာရင်း နံနက်စာစားသုံးခြင်းဖြစ်ကြောင်း၊ အင်ကြင်းကျောက်များအပြင် ဒေသခံပြည်သူများ၏ မြန်မာ့ရိုးရာ ရပ်ရွာဓလေ့များကိုလည်း နိုင်ငံခြားသားအဖွဲ့များက လေ့လာခဲ့ကြောင်း နိုင်ငံခြားသားအဖွဲ့နှင့်အတူပါသည့် မြန်မာည့်လမ်းညွှန်ကပြောသည်။ အင်ကြင်းကျောက်များကို သဘာဝ အရင်းအမြစ် အနေအထားများအတိုင်း အလှဆင်ပြသထားသော နွားထိုးကြီးမြို့ရှိ ထရီးဂျိတ် အင်ကြင်းကျောက်အလှဥယျာဉ်သည် ပုဂံ-မန္တလေး ခရီးစဉ်ကို သွားလာသော နိုင်ငံခြားသားခရီးသည်များ ခရီးတစ်ထောက်နားကာ ဝင်ရောက်လေ့လာလေ့ရှိသည့် နေရာဖြစ်ကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

# (၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် စတစ်ကာကပ်ပိန်းပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၉**
ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကျုံးဘေး၌ စတစ်ကာကမ်ပိန်းပြုလုပ်ခြင်းနှင့် ငြိမ်းချမ်းရေးအလံထောင်ခြင်းများကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုလာမယ့် ဒုတိယအကြိမ် ပင်လုံညီလာခံကို ကြိုဆိုထောက်ခံတဲ့အနေနဲ့ ငြိမ်းချမ်းရေးအလံကို ကျုံးဘေးမှာ စိုက်ထူတာပါ။ ပြည်သူတွေအနေနဲ့လည်း ငြိမ်းချမ်းရေးအတွက် တစ်ဖက်တစ်လမ်းက အားပေးတဲ့သဘောပါ။ အကျီတွေမှာ ငြိမ်းချမ်းရေး ဂျိုးဖြူငှက်ပုံကို တံဆိပ်ရိုက်နှိပ်ပေးဖို့လည်း ရှိပါတယ်"ဟု ဦးဆောင်သူ ကိုမြင့်ချိုက ပြောသည်။

(၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံသော လှုပ်ရှားမှုများအဖြစ် ကျုံးဘေးပတ်လည်တွင် ငြိမ်းချမ်းရေးအလံပေါင်း ၃၈၀ စိုက်ထူခြင်း၊ စတစ်ကာကမ်ပိန်း ပြုလုပ်ခြင်းနှင့် အမှတ်တရအဖြစ် အကျီတွင် ငြိမ်းချမ်းရေး ဂျိုးဖြူငှက်ပုံ တံဆိပ်ရိုက်နှိပ်ပေးခြင်းများကို ပြုလုပ်ခဲ့ကြပြီး ငြိမ်းချမ်းရေးမြတ်နိုးသူများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံသည့် လှုပ်ရှားမှုများ ပြုလုပ်ရန်အတွက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်က အောင်မြေသာစံမြို့နယ်ရှိ ပဒုမ္မာခန်းမတွင် ပြုလုပ်ခဲ့ပြီးနောက် အစည်းအဝေးမှ အစီအစဉ်များကို ဖေဖော်ဝါရီ ၇ ရက်တွင် ကျုံးဘေး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# စက်ချုပ်နည်းပညာ အခြေခံနှင့် အဆင့်မြင့်သင်တန်း ဖွင့်လှစ်



**မန္တလေး ဖေဖော်ဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အောက်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စက်ချုပ်နည်းပညာ အခြေခံနှင့် အဆင့်မြင့် နှစ်လသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က အမရပူရမြို့နယ်ရှိ အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်အလုပ်သမားများ လိုအပ်ကြောင်း၊ ကျွမ်းကျင်အလုပ်သမားများကို မွေးထုတ်ပေးနိုင်သည်မှာ အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြောင်း၊ အသက်မွေးပညာသင်ကျောင်းများသည် အဆင့်မြင့်ပညာရေးဖြစ်သည့် တက္ကသိုလ်များသို့မသွားရောက်နိုင်သူများအတွက် အထောက်အကူပေးနိုင်သည့်ကျောင်းများ ဖြစ်ကြောင်း၊ အသက်မွေးပညာသင် ကျောင်းများကို မြန်မာနိုင်ငံပညာရေး၏ အဓိက အစိတ်အပိုင်း ဖြစ်လာစေရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကျောင်းများရှိခြင်းဖြင့် အလုပ်အကိုင်ကို ဖန်တီးပေးနိုင်ရုံမက အလုပ်ခွင်ထဲအထိ ရောက်ရှိစေရန် သင်တန်းသားများကို ဆောင်ရွက်ပေးနေကြောင်း၊ ယနေ့ ဖွင့်လှစ်သော စက်ချုပ်နည်းပညာ အခြေခံနှင့် အဆင့်မြင့် နှစ်လသင်တန်းသည် အမျိုးသမီးများအတွက် အလွန်ကောင်းမွန်သည့် သင်တန်းဖြစ်ပြီး သင်တန်းဆင်းပြီးပါက ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ကာ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင် ဦးတင်မိုး မိသားစုက ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ဦးရဲမြင့် (ဖွံ့ဖြိုးသစ်ကုမ္ပဏီ)မိသားစုက ထရန်စဖော်မာ တပ်ဆင်နိုင်ရန် လိုအပ်သော ဆက်စပ်ပစ္စည်းများအတွက် ကုန်ကျငွေ ကျပ်သိန်း ၁၆၀၊ ဦးစောငြိမ်း (အောင်မြင်သူကုမ္ပဏီလီမိတက်)မိသားစုက ဆက်လက်ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများ အတွက် ကုန်ကျငွေ ကျပ် သိန်း ၁၀၀ တို့အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာနနှင့် ကျောင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအနေဖြင့် အသက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားအသက်မွေးဝမ်းကျောင်း သင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်း ပူးပေါင်းဖွင့်လှစ်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သင်တန်းပေါင်း ၂၆၉ ခု ဖွင့်လှစ်ပေးရန် စီစဉ်ထားရာတွင် ယခုအချိန်အထိ ၂၅၉ ခုကို ဖွင့်လှစ်ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ယနေ့အထိ သင်တန်းသား ၅၀၀၀ ကျော် မွေးထုတ်နိုင်ခဲ့ကာ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သော စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး တစ်ဦးလျှင် သင်တန်းစရိတ် ရက် ၆၀ စာ အတွက် ငွေကျပ် ၉၀၀၀၀ကို ထောက်ပံ့စီစဉ်ပေးထားသည့်အပြင် သင်တန်းပြီးစီးပါက လုပ်ငန်းထူထောင်နိုင်ရန်အတွက် မော်တာအပ်ချုပ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ခေါင်းတင်ခုံနှင့် ထိုင်ခုံများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ပုံမှန် ရက်ကန်းသင်တန်းများအဖြစ် ချည်မျှင်နှင့် အထည်အလိပ်အတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်း၊ ရိုးရာလွန်းအချိတ် ခြောက်လသင်တန်း၊ ရွှေချည်ထိုး ငွေချည်ထိုး သုံးလ သင်တန်းနှင့် လက်ရက်ကန်းပညာ ခြောက်လ သင်တန်းများကို ဖွင့်လှစ်ထားပြီး ပုံမှန်သင်တန်းများအားလုံးတွင် သင်တန်းသား သင်တန်းသူများအား ပညာသင်ထောက်ပံ့ကြေး တစ်လလျှင် ကျပ်သုံးသောင်းစီ ပေးအပ်ကာ နေထိုင်ရန် အဆောင်များလည်း စီစဉ်ပေး၍ သင်ကြားပေးနေကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုနေ့အကြို နယ်လှည့်ဟောပြောပွဲနှင့် နံရံကပ်စာတတ်ပုံပြပွဲ ကျင်းပ

**ဝေါ ဖေဖော်ဝါရီ ၉**
နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ်အဖြစ် နယ်လှည့်ဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယပညာရေးမှူး ဆရာဦးရွှေဘက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးမြင့်ဆွေက 'ပြည်ထောင်စုဆိုင်ရာ သိမှတ်စရာ' ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။ ထို့နောက် အလက(ခွဲ)ညောင်ခါးရှည်မှ အဌမတန်းကျောင်းသား မောင်စောနောင်က 'ပင်လုံသက်သေ ပြည်ထောင်စုအမွေ'ခေါင်းစဉ်ဖြင့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမှတ်တရစာတမ်းကို ဖတ်ကြားပြီး ဝေါမြို့နယ် စာပေစေတမန် ပရဟိတအဖွဲ့ဥက္ကဌ ဘုန်းဇော်မိုး(ဉသာ)က 'ပြည်ထောင်စုစိတ်ဓာတ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးတင်သိန်းဦးက 'သွေးချင်းပမာ ညီညွတ်စွာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ညောင်ခါးရှည်ရဲစခန်းမှူး ရဲအုပ်တင်ထွန်းအောင်က မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှုများ အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောသည်။

ထို့နောက် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မူးယစ်ဆေးဝါးကြောင့် ဖြစ်ပွားတတ်သည့် ဆိုးကျိုးများအကြောင်း နံရံကပ်ဓာတ်ပုံပြခန်းကို ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။
**အောင်မြတ်လင်း (ပြန်/ဆက်)**



# ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေကန်ဖွင့်

**သဲကုန်း ဖေဖော်ဝါရီ ၉**
နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်ကျေးရွာသောက်သုံးရေကန်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၈ နာရီက သဲကုန်းမြို့နယ် လက်ပံလုံးလှကျေးရွာအုပ်စု တလိုင်းခုံကျေးရွာရှိ အဆိုပါသောက်သုံးရေကန်အနီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်မင်းက သောက်သုံးရေကန် တူးဖော်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသောက်သုံး ရေကန်တူးဖော်ရန်အတွက် မြေနေရာလှူဒါန်းပေးသော တလိုင်းခုံကျေးရွာရှိ ဦးပေါ်ဆန်းအားမြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ဆက်လက်ပြီးသောက်သုံးရေကန်အားမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဌတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါသောက်သုံးရေကန်မှာပေ ၁၀၀ ပတ်လည်မြေသားကန်အမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံ ငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် စုပေါင်းတူးဖော်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လက်ပံတန်းမြို့မဈေးကြီး၌ စားသောက်ကုန်များစစ်ဆေး

**လက်ပံတန်း ဖေဖော်ဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ စားသုံးသူကာကွယ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ဖေဖော်ဝါရီလ ပထမပတ်က စားသုံးသူများ အန္တရာယ်ကင်းရှင်းရေးအတွက် မြို့မဈေးကြီးအတွင်းရှိ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ မုန့်ဟင်းခါးဖတ်ဆိုင်များအား ကြာရှည်ခံဓာတုဆေးများသုံးစွဲထားခြင်းရှိ/မရှိ၊ အေးခဲအသားများရောင်းချခြင်းရှိ/မရှိ နှင့် ကုန်စုံဆိုင်များတွင် ဆေးဆိုးရောင်းချသည့်စားသောက်ကုန်များ ရောင်းချခြင်းနှင့် တားမြစ်စားသောက်ကုန်များရောင်းချမှု ရှိ/မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး ပညာပေးပြောကြားခဲ့ကြောင်းသိရသည်။ **(၁၅၃)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**လက်ပံတန်း ဖေဖော်ဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သစ်ရောင်းပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီလ နောက်ဆုံးပတ်က တိုင်းဒေသကြီးလျှပ်စစ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ လျှပ်စစ်ဓာတ်အားမဖြန့်ဖြူးမီ သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပြီး ဒေသခံများအား လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

# ကျေးရွာသောက်သုံးရေကန်တည်ဆောက်မှု ပြီးစီး

**အင်းတော် ဖေဖော်ဝါရီ ၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နားရခေါင်ကျေးရွာ၌ ပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရန် တည်ဆောက်ခဲ့သော အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်မှုများ ဖေဖော်ဝါရီ ၅ ရက်က ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေကန်ကို ဒုတိယအကြိမ် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ရွှေကြယ်ငွေကြယ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်က ကွဲအက်သွားခဲ့ကြောင်း၊ အောက်ခံမြေနေရာသည် ကုန်းမြင့်ဖြစ်သော မြေနေရာကို ရွေးချယ်ခဲ့၍ မြေသားကျွံပြီး ကွဲအက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နေရာဟောင်းနှင့် ပေ ၂၀ ခန့်အကွာတွင် ရေကန်သစ်ကို ကျေးရွာရှိ ဆရာတော်၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်ကာ ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေက ကြီးကြပ်၍ ရွှေကြယ်ငွေကြယ်ကုမ္ပဏီကပင် ပြန်လည်တည်ဆောက်ပေးခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**လူအောင်(ကသာ)**

# ကျေးရွာမီးလင်းရေးလုပ်ငန်းများ မကြာမီ ပြီးစီးမည်

**ငါ့သရောက် ဖေဖော်ဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာအုပ်စု တမခါးကျေးရွာ၌ ကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့် ရရှိရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီ လုပ်ငန်းများပြီးစီးပြီး မီးရရှိတော့မည်ဖြစ်ကြောင်း ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

"အခုနှစ်မှာ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေနဲ့ ငါ့သရောက်မြို့နယ် တမခါးကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့် ရရှိရေးအတွက် တိုင်းဒေသကြီးဘတ်ဂျက်နဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၆ မိုင်နဲ့ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါတယ်။ ကျေးရွာအတွင်းဆောင်ရွက်မယ့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကိုတော့ ကျေးရွာက တာဝန်ယူဆောင်ရွက်ရမှာဖြစ်လို့ ဒေသခံပြည်သူတွေ ဆောင်ရွက်နေကြပါတယ်။ မကြာမီအချိန်မှာ တမခါးကျေးရွာမှာရှိတဲ့ ဒေသခံ ကျေးလက်နေပြည်သူတွေ လျှပ်စစ်မီးအသုံးပြုခွင့်ရတော့မှာပါ"ဟု ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်က ပြောသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

# လယ်သမားများ၏ ရေအခက်အခဲကို ဖြေရှင်းပေးမည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း



တပ်ကုန်းမြို့နယ်ရှိ တောင်သူများအတွက် ရေများထုတ်လွှတ်ပေးနေသေည့် ဆင်သေဆည် လက်ဝဲမြောင်းမကြီးကို တွေ့ရစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project- ADSP) ကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းဧရိယာများမှာ နေပြည်တော်ရှိ ဆင်သေဆည်ရေသောက်ဧရိယာ၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ယမားရေသောက်ဧရိယာ၊ မန္တလေးတိုင်းဒေသကြီး ပုလဲနတ်တောင်ရေသောက်ဧရိယာနှင့် ပဲခူးတိုင်းဒေသကြီး ဆွာချောင်းဧရိယာတို့ ပါဝင်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စီမံကိန်း၏ ရည်ရွယ်ချက်သည် ရေသောက်ဧရိယာများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၏ အခြေခံဖြစ်သော သွင်းရေအလုံအလောက်ရရှိရေးအတွက် ပထမဆုံးဦးစားပေးဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်သည်။

“ စီမံကိန်းကာလမှာ ငါးနှစ်ဖြစ်ပြီး ယခု ၂၀၁၆-၂၀၁၇ ခုနှစ်မှာ နေပြည်တော်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာစတင်အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ယမားရေသောက်ဧရိယာမှာ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နဲ့ ပုလဲမြို့တို့ပါဝင်ပြီး နေပြည်တော် ဆင်သေဧရိယာမှာ တပ်ကုန်းမြို့နယ်နဲ့ ပုဗ္ဗသီရိမြို့နယ် နှစ်မြို့နယ်ပါဝင်ပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအသုံးချရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

ဆည်ရေကို အဓိကအားကိုးစိုက်ပျိုးနေရသော တောင်သူများသည် စိုက်ပျိုးချိန်တွင် ရေအလုံအလောက်ရရှိသော်လည်း သီးနှံနောက်ပိုင်းချိန်တွင် အောင်ရေပြတ်လပ်သွားပါက ကြီးစွာသော ဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း၊ လယ်ကွက်တို့၏ တည်နေရာအလိုက် မြောင်းအရင်းပိုင်းမှ လယ်ကွက်များတွင် ပြဿနာမဖြစ်စေသော်လည်း မြောင်းအဖျား ပိုင်းကျရောက်သော လယ်သမားတို့တွင် အောင်ရေပြဿနာကို ကြီးစွာကြုံတွေ့ရလေ့ရှိကြောင်း၊ တာဝန်ရှိသူများကလည်း ဆည်တစ်ခုရေရှည်တည်တံ့ရေးအတွက် ထိန်းထားရမည့် ရေပမာဏကို ဖောက်ချပေးမည်မဟုတ်၊ ဖောက်လွှတ်ပေးလိုက်သော ရေများသည် မူလလျာထားသည့် ဧရိယာထဲမရောက်ဘဲ လမ်းတစ်လျှောက်တွင် ဆုံးရှုံးသည်များလည်းရှိကြောင်း၊ အထူးသဖြင့် ရေပေးဝေသောမြောင်းများ ကျိုးပြတ်သွားခြင်း၊ မြေသားမြောင်းများတွင် စိမ့်ဝင်ဆုံးရှုံးသွားခြင်းများရှိသကဲ့သို့ ရေသုံးစွဲသူတောင်သူများဘက်မှလည်း လိုအပ်သည်ထက် ပိုမိုရယူထားခြင်းဖြင့် (ရေတွေပြည့်လျှံနေအောင် မိမိလယ်တွင် ပိတ်လှောင်ထားခြင်း) စသည်များကြောင့် မြောင်းဖျား တောင်သူများရေအခက်အခဲကိုတွေ့စေနိုင်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

လုပ်ငန်းကဏ္ဍအသီးသီးမှ ရေအသုံးပြုမှုတွင် စိုက်ပျိုးရေးသည် ၇၅ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း FAO မှ ထုတ်ပြန်ချက်အရ သိရသည်။

“ရေသောက်ဧရိယာတစ်ခု၏ အကျိုးဖြစ်ထွန်းမှုဆိုသည်မှာ ပေးဝေသူအပိုင်းသာမက သုံးစွဲသူအပိုင်းကပါ လိုက်နာရမယ့် စည်းကမ်း၊ လုပ်ဆောင်ရမယ့် နည်းစနစ်တွေရှိပါတယ်။ ယင်းစီမံကိန်းမှာ infrastructure အခြေခံကောင်းတွေကို သက်ဆိုင်မှ နိုင်ငံဘဏ္ဍာများအသုံးပြုပြီး တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူတွေ အသုံးပြုတဲ့ ရေပေါ်မူတည်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူဝင်ငွေမြင့်မားရေး၊ ဒေသတွင်းနဲ့နိုင်ငံ့စီးပွားတိုးတက်ရေးစသည်တို့မှာ စိုက်ပျိုးရေးကဏ္ဍမှ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်”ဟု၎င်းက ဆက်လက်ပြောပြသည်။

တောင်သူများဝင်ငွေတိုးတက်ရေး၏ အခြေခံသည် သီးနှံအထွက်နှုန်းဟူသည့်ဘောင်အတွင်း ဖြစ်ကြောင်း၊ ထို့နောက်တွင် သွင်းအားစုများစနစ်တကျ အသုံးပြုရေးဖြစ်ကာ စီမံကိန်းဧရိယာများတွင် ရှေ့ဆောင်တောင်သူများရွေးချယ်ဖွဲ့စည်းခြင်း၊ လိုအပ်သောနည်းပညာသင်တန်းများပို့ချပေးခြင်း စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြေကိုအသုံးပြုမည့် တောင်သူများအတွက် အဓိကအခြေခံမြေဆီလွှာသဘောသဘာဝများ၊ ရေစနစ်တကျသုံးစွဲနည်းများ၊ သီးနှံပင်လိုအပ်သော အာဟာရများနှင့် အာဟာရစီမံခန့်ခွဲရေးနည်းစနစ်များ အပြင် လုပ်ငန်းခွင်တွင် သုံးစွဲနေရသော သွင်းအားစုများ စနစ်တကျသုံးစွဲတတ်အောင် အသိပညာပေးမျှဝေခြင်းများလုပ်ဆောင်နေကြောင်း၊ အဆိုပါသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမြေအသုံးချရေးဌာနခွဲ(ရုံးချုပ်) မြေအသုံးချရေးတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**သတင်းဆောင်းပါး - မောင်ကျော်ကြီး**

**ဓာတ်ပုံ - သက်ထက်**

# ဆင်တောင်-တောင်မကြီးပေါ်ရှိ ဘိန်းစိုက်ခင်းများ ရှင်းလင်းဖျက်ဆီး

**သာစည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြင်းဒိုက်ကျေးရွာအုပ်စု လယ်ပြင် ရဲကင်းပိုင် နယ်မြေအတွင်းရှိ ဆင်တောင်၊ တောင်မကြီးပေါ်တွင် (ရမည်းသင်းမြို့နယ်၊ ပင်လောင်းမြို့နယ်စပ်နှင့် သာစည်မြို့နယ်စပ်)တွင် ဘိန်းခင်းများစိုက်ပျိုးထားကြောင်း သတင်းအရ ဖေဖော်ဝါရီ ၅ ရက်က မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့ရဲမှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး ဖြိုးကိုကိုကျော်နှင့် ပူးပေါင်းအဖွဲ့တို့သည် အဆိုပါ ဘိန်းစိုက်ခင်းရှိရာသို့ သွားရောက်ခဲ့ကြပြီး တွေ့ရှိသည့် ဘိန်းခင်း သုံးဧကကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် မြင်းဒိုက်၊ ဆင်တောင်ကျေးရွာတို့မှ ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍



ဘိန်းခင်းစိုက်ပျိုးမှု မပြုလုပ်ရေးနှင့် ဘိန်းစိုက်ပျိုးခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့အစီစဉ်ဖြင့် ပြည်နယ်အတွင်း ယာယီခိုလှုံရေးစခန်းများသို့ ထပ်မံရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများအတွက် ဖေဖော်ဝါရီ ၇ ရက်က ထောက်ပံ့ပစ္စည်းပေးအပ်ခဲ့ကြသည်။

ထိုသို့ ပေးအပ်ရာတွင် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ပြည်နယ်မှူး ဦးမင်းသိန်း ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရေးစခန်း ကိုးခုတွင် ထပ်မံရောက်ရှိလာသည့် စစ်ဘေးရှောင် အိမ်ထောင်စု ၁၅၂ စု ၊ လူဦးရေ ၇၂၉ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အသက် ၁၂ နှစ်အထက်အတွက် အနွေးထည် ၄၆၂ ထည်နှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ စုစုပေါင်းငွေကျပ် ၆၅၆၁၀၀ နှင့် ကယ်ဆယ်ရေး ပစ္စည်းကိုးမျိုးတို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ စစ်ဘေးရှောင်ပြည်သူများက လက်ခံယူကြသည်။

ဝိုင်းမော်မြို့ယာယီခိုလှုံရေးစခန်း ကိုးခုတွင် အိမ်ထောင်စု ၁၅၂ စု လူဦးရေ ၇၂၉ ဦးပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မင်းထွန်းဇော်(မြစ်ကြီးနား)**




# ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့်ထွက်ပြီ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကိုဦးတည်ပရိသတ်အဖြစ်ထားပြီးအသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖေဖော်ဝါရီလထုတ် သုတပဒေသာ စာစောင်တွင် ဆရာမယုဝတီခင်ဦး၊ ဒေါက်တာခင်မောင်ညို၊ စောလူ၊ တင်တင်ဝင်း(စာပေဗိမာန်)၊ ဒေါက်တာခိုင်ခိုင်ဝင်းတို့၏“ကလေးစာပေဖွံ့ဖြိုးရေး” မျက်နှာဖုံးဆောင်းပါးများ၊ Sကျော်ခိုင်၊ ကေကေ(မဟာဝိဇ္ဇာ)တို့၏ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါးများ၊ နန်းညွှန့်ယဉ်ခမ်း၊ အိမ့်မွန်သုန် (မန်းတက္ကသိုလ်)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့၏ ထူးချွန်နှင့် လူငယ်ဆိုင်ရာဆောင်းပါးများ၊ ကြည်မင်း၊ မောင်ပေါ်ထွန်း၊ကိုမျိုး(ပြည်)၊အေးဖြူ၊ ယဉ်မင်းထွေး (စာပေဗိမာန်)တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ သန်းစော (စီပီအေ)၊ ဒေါက်တာလှမ်းမိုးဟန်၊ ပြည်ကြီးတို့၏ စီးပွားရေးနှင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ စည်သူ လှိုင်၊ ရဲထက်ဇော်၊ ကျော်ဦးတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ သာလူရှည်၊ ဒေါက်တာမြင့်သန်း (သန္ဓေသား)၊ဝေဖြိုးသာတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ နွယ်နွယ်မာ၊ ခြယ်မှုန်းသီ၊ စိန်ဝင်းမော်၊ ဆောင်းဝင်းလတ်၊ အောင်မိုး၊ စိန်ဝင်းတို့၏ကဗျာ၊




ပြုံးစရာ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၀၊ စာပဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း- ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာ ယူနိုင်သည်။

**(မြန်မာ့အလင်း)**


SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN MYANMAR
ဒေါက်တာကျော်စော + ဒေါ်မေမျိုးမြတ် B.Sc(Chem:)
ဦး း စီး း တ ည် ထော င် သ ည် . . .
စာပန်းအိမ်
ကိုယ်ပိုင်အထက်တန်းကျောင်း ပြင်ဦးလွင်မြို့
စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း (ရုံးချုပ်)
အမှတ် (၁၄၄)၊ R/A.III၊ မြို့ပတ်လမ်း၊ အ.ထ.က (၄) အနီး၊ ပြင်ဦးလွင်မြို့။
E-mail:office@sarpannaein.com
website:www.sarpannaein.com
Facebook: https://www.facebook.com/SarPannAein
ဖုန်း-၀၈၅-၂၂၃၉၀၊ ၂၃၃၂၈၊ ၂၁၇၂၆၊ ၂၁၇၂၇၊ ၂၁၇၂၈
၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရှင်များ
ဘာသာစုံ ဂုဏ်ထူးရှင် .......... ၁၃ ဦး
၅ ဘာသာဂုဏ်ထူးရှင် .......... ၂၁ ဦး
၄ ဘာသာဂုဏ်ထူးရှင် .......... ၃၃ ဦး
၃ ဘာသာဂုဏ်ထူးရှင် .......... ၂၈ ဦး
၂ ဘာသာဂုဏ်ထူးရှင် .......... ၃၉ ဦး
၁ ဘာသာဂုဏ်ထူးရှင် .......... ၅၃ ဦး
ရိုးရိုးအောင်မြင်သူများ .......... ၂၈၃ ဦး
စုစုပေါင်းအောင်မြင်သူများ .... ၄၇၀ ဦး
၂၀၁၆ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ
မတ်လတန်းခွဲများ ကို
မတ်လ (၆) ရက်နေ့ (တနင်္လာ)
နှင့် မေလတန်းခွဲများ ကို
မေလ (၈) ရက်နေ့ (တနင်္လာ)
တွင် စတင်သင်ကြားပါမည်။


အခမဲ့ Facebook,
Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း
ooredoo
*5050# ကို
ခေါ်ဆိုပြီး
ငွေဖြည့်ပါ။
ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း
၁,၀၀၀ ကျပ် - ၂,၉၉၉ ကျပ် | 500 MB Facebook | ၃ ရက်
၃,၀၀၀ ကျပ် - ၉,၉၉၉ ကျပ် | 100 MB Viber / BeeTalk | ၅ ရက်
၁၀,၀၀၀ ကျပ်နှင့် အထက် | အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၁၅ ရက်
အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့

မြတ်ဂုဏ်ရောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
၇ / ၈ ရက်ခရီးစဉ် - ၉-သိန်း ၇သောင်း (၂၄.၂.၂၀၁၇)
၁၁ / ၁၂ ရက်ခရီးစဉ် - ၁၀-သိန်း ၇သောင်း (၁၄.၃.၂၀၁၇)
၁၄ / ၁၅ ရက်ခရီးစဉ် - ၁၂-သိန်း (၅.၃.၂၀၁၇)
၉ / ၁၀ ရက်ခရီးစဉ် - ၁၀-သိန်း ၅ သောင်း (၁၀.၄.၂၀၁၇)
အသေးစိတ်အချက်အလက်များကိုစုံစမ်းမေးမြန်း၍စာရင်းပေးသွင်းနိုင်ပါပြီ။
(လိုင်စင်ပြည်တွင်း) ခ/၂၈၀၅ ။ (လိုင်စင်ပြည်ပ) ပခ/၀၃၀၅
ရုံးချုပ် – အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၃၃၀၁၆၄၊ ၂၃၃၀၁၆၅၊ ၀၉ ၄၉၇၇၇၀၄၅၊

ဒေါ်အောင်ဆန်းစုကြည်
(သို့မဟုတ်)ငါတို့ဘက်ကကြည့်တော့ ဒီမိုကရေစီသူရဲကောင်း
ဖောင်ဒိုင်ဘန့်(အမျိုးသားစာပေဆု) (ဒုတိယအကြိမ်)
ထွက်ပြီ
ဖြန့်ချိရေး၊ ရန်ကုန်–ကြည်လှမောင်စာပေ၊ ဆင်တောင်ကြီးစာပေ
မန္တလေး– နဂါးစာပေ၊ ထွန်းဦးစာပေ

ODYSSEY
0973070193, 0973187799
မြန်မာတစ်ပြည်လုံးမှ ကျောင်းဆွဲကိုယ်စားလှယ်များ ဖိတ်ခေါ်လျက်ရှိပါသည်။

ကွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(မြောင်)အင်းလေး(၁)လမ်း၊ဝှန်(၂)၊တောင်ဒဂုံ။

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိုစွဲဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် PPTT-4 (အနီးကပ်)/လ၀က
လျှပ်စစ်–ငယ်/ယာ(၂)/ဒု–ဦးစီးမှူး
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်အုန်းကျော် ၉/မကန(နိုင်)၁၁၃၇၃၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။
ဖုန်း–၀၉–၄၄၈၈၀၅၅၁၆







## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A (30) intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း(CEO, Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း(CMO, Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS, Grade-12)တို့၏ချစ်လှစွာသောဖခင်သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၀၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်သီဟမျိုးဇင်(ခ)Peter TTC

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊အောင်သိဒ္ဓိလမ်းမကြီး၊အမှတ် ၅၄နေ [ဦးသန့်တင် (ပညာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး၊ ငြိမ်း)-ဒေါ်သန့်တင်]၊ [ဦးမြဟန်(ရန်ကုန်ရုပ်ရှင်)-ဒေါ်အေးအေးကြီး]တို့၏မြေး၊ ဦးတင်မျိုးဇင်-(ဒေါ်ထိပ်တင်စိန်)တို့၏ ချစ်လှစွာသောသား၊ မခိုင်သဇင်ဦး၏မောင်၊ ဒေါ်အင်ကြင်းမျိုးဇင်၊ ဦးစည်သူမျိုးဇင်တို့၏အစ်ကို၊ မဖူးပွင့်နေခြည်အောင်၊ မလင်းလက်နေခြည်လင်းတို့၏ဦးလေးသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာ ဓမ္မသဘင်ဖိတ်ကြားလွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မင်္ဂလာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် တစ်ဘဝခန္ဓာ လွန်တော်မူသည်ဖြစ်ပါ၍ အန္တိမအဂ္ဂိစျာပန ဓမ္မသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တဉာဏဝရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ) | ၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) ည ၇နာရီ |
| မဟာဂန္ဓာရုံဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ စစ်ကိုင်းတောင်ရိုး | |
| ဘဒ္ဒန္တကုန္ဒကာလင်္ကာရာဘိဝံသ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး | ၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၁၅ရက် ၁၁-၂-၂၀၁၇ရက် (စနေနေ့) ည ၇နာရီ |
| ရွှေကျင်နိကာယဥပဥက္ကဋ္ဌ | ၁၃၇၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက် |
| သီတဂူဆရာတော် | ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ |
| ဒေါက်တာဘဒ္ဒန္တဉာဏိဿရ | ရေစက်ချ အနုမောဒနာတရား |

ရေစက်ချအနုမောဒနာတရားအပြီး ရုပ်ကလာပ်တော်အား အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A (30) intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ဒေါ်နန်းကလျာဝင်း(CEO, Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း (CMO,Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS,Grade-12) တို့၏ချစ်လှစွာသောဖခင်၊ ဦးအောင်ကျော်ဘို-မမိုးမိုးကျော်၊ ဦးနေမျိုးကျော်-ဒေါ်လဲ့လဲ့ခိုင်တို့၏ညီ/မောင်၊ ဗိုလ်မှူးကြီးနိုင်မင်းကျော်-ဗိုလ်မှူးကြီးဒေါက်တာအေးမင်းဦး၊ ဦးဇော်ထွန်းလွင်-ဒေါ်ဝင်းပပကျော်တို့၏အစ်ကိုသည် ၉-၂-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A (30) intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ဒေါ်နန်းကလျာဝင်း (CEO,Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း (CMO,Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS,Grade-12) တို့၏ချစ်လှစွာသောဖခင်၊ ဦးကျော်ကျော်စိန်-ဒေါ်နန်းရတနာဝင်း၊ ဦးအောင်မိုးကျော်-ဒေါ်နန်းရွှေဝါဝင်းတို့၏အစ်ကို၊ မမိုးသက်ထား၊ မောင်စည်သူကျော်ဝင်းတို့၏ဘကြီးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A အပတ်စဉ်(၃၀)**

**ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ဒေါ်နန်းကလျာဝင်း (CEO,Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း (CMO,Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS,Grade-12) တို့၏ချစ်လှစွာသောဖခင်သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ကော်မတီဝင်များ၊**
**ဌာနမှူးများနှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း) အသက်(၅၁)နှစ်**

**ကြည်း-၂၁၃၆၄၊ D.S.A အပတ်စဉ် (၃၀)**

**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း (CEO, Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း(CMO, Asian Fame Media Group)၊မောင်မျိုးသီဟသော်(YIS,Grade-12)တို့၏ချစ်လှစွာသောဖခင် ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိ/ကုဌာန**
**အရာရှိများအားလုံးနှင့်**
**ဝန်ထမ်းများအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကောင်း

**တောင်ပုံရွာ၊ မုံရွာမြို့နယ်**

**အသက်(၁၀၇)နှစ်**

သွား(အထူးကု)ဆရာဝန် ဒေါက်တာဦးငွေလှိုင်(တက္ကသိုလ်များဆေးရုံ၊ ရန်ကုန်)-ဒေါ်အေးအေးသော်တို့၏မိခင် ဒေါ်ကောင်း အသက်(၁၀၇)နှစ်သည် ၉-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်နှင့်ဝန်ထမ်းများအားလုံး**
**တက္ကသိုလ်များဆေးရုံ(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ဌာနမှူး၊ တိ-ကုဌာနနှင့်ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏သား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏ သားသမက်၊ ဒေါ်နန်းကလျာဝင်း၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက်မွန်းလွဲ ၂း၅၀နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဆန်း(ငြိမ်း)-ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## စန္ဒရားဦးကွန်းဇော် (ရန်ကုန်မြို့)

**အသက်(၇၂)နှစ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူ ဒေါ်လဲ့လဲ့ဝင်း (တက္ကသိုလ်လဲ့လဲ့)၏ခင်ပွန်း စန္ဒရားကွန်းဇော် အသက်(၇၂)နှစ်သည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ရန်ကုန်)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဌေး(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)နှင့်ဇနီး ဒေါ်နွဲ့နွဲ့**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## စန္ဒရားဦးကွန်းဇော်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၅၊ အခန်း ၂၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းအိမ်ရာနေ (ဦးကွန်းလုံ-ဒေါ်ညွန့်ရီ)တို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း(တေးသံရှင်တက္ကသိုလ်လဲ့လဲ့) [လက်ထောက်ညွှန်ကြားရေးမှူး၊ ဂီတ(ငြိမ်း)၊ ကျွမ်းကျင်ပညာရှင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား]၏ခင်ပွန်း၊ ဦးဇော်သူလင်း-ဒေါ်နော်ဟယ်လင်၊ ဦးတင်ကိုဝင်း-ဒေါ်နန်းချယ်ရီအေး၊ ဒေါ်ခိုင်သဥ္ဇာ(Sky Net. Up to Date Channel)တို့၏ဖခင်၊ ဖီဘီကွန်းဇော်၊ ရှယ်ရွှန်ကွန်းဇော်၊ ဒင်ပါယ်ကွန်းဇော်တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက် နံနက် ၁၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကမာရွတ်မြို့နယ်၊ပြည်လမ်း၊အမှတ် ၅၊ အခန်း ၂၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## စန္ဒရား ဦးကွန်းဇော်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက် ၅၊ အခန်း ၂၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းအိမ်ရာနေ ဒေါ်လဲ့လဲ့ဝင်း (တေးသံရှင် တက္ကသိုလ်လဲ့လဲ့၊ လ/ထညွှန်ကြားရေးမှူး၊ ဂီတ၊ ငြိမ်း၊ ကျွမ်းကျင်ပညာရှင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား) ပဲနွယ်ကုန်းအသင်းဝင်၏ခင်ပွန်းသည် ၈-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ပဲနွယ်ကုန်းအသင်းဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့(ပဲနွယ်ကုန်းအသင်း)

## ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစောအေး (မာန်အောင်)

**ကျောင်းဆရာ(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၇၈၆(က)နေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်ခင်သိန်း(ခြသေ့်ကိုးကောင်တိုင်းရင်းဆေးထုတ်လုပ်ငန်း)၊ ဦးစိုးနိုင်-ဒေါ်သိန်းရီ(မာန်အောင်-မျှော်တော်ဦး)၊ ဦးသန်းစိန်(ဗိုလ်မှူး၊ ငြိမ်း)-ဒေါ်ခင်စောရီ၊ ဦးစိန်နိုင်(ခေတ္တ-USA)၊ ဦးငွေဝင်း-ဒေါ်မြဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၇ရက် နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလှူလှူသျှင်မြတ်အမိန့်တော်ခံယူခြင်း**

## M အာဒမ်(ခ)ဦးမျိုးဝင်း

**စာရင်းစစ်ချုပ်ရုံး(ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်ရိပ်သာ ၃လမ်း၊ အမှတ် ၁၂နေ (ဦးမာမွတ်-ဒေါ်ဘူဒီ)တို့၏သား၊ ဒေါ်ရှယ်လီ၏ခင်ပွန်း၊ ဒေါ်သီတာဝင်း (စီးပွား/ကူးသန်း)၊ ဦးခင်မောင်ကြည်-ဒေါ်စန္ဒာဝင်း၊ ဦးရဲညွှန့်-ဒေါ်နီလာဝင်း၊ ဦးကျော်လင်း-ဒေါ်သူဇာဝင်း၊ ဦးသန်းလှ-ဒေါ်ကေခိုင်ဦး၊ ဦးစည်သူဖြိုးဝေ-ဒေါ်သူဇာထွန်းတို့၏ဖခင်၊ မလမင်းကဗျာ၊ မောင်ကောင်းဆက်ဟန်တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃း၂၀နာရီတွင် အလ္လာလ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၅နာရီတွင် ရေဝေးစန္ဒီကဗ္ဗစတန်၌ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရန်အောင်(ခ)ဦးနီတွတ်

**(ကျုံပျော်မြို့)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၅၇၊ သဇင်ဂေဟာ၊တိုက် A ၁-၂နေ (ဦးတင့်စိန်-ဒေါ်အေးညွန့်)တို့၏သား၊ (ဦးလှစိန်-ဒေါ်လှရှင်)တို့၏သားသမက်၊(ဦးကျင်တင်)-ဒေါ်ကျင်ရီ၊ (ဦးမြညွန့်)-ဒေါ်အေးသီတာ၊ ဦးဖေဝင်း - ဒေါ်သန်းသန်းတို့၏ညီ/မောင်၊ (ဦးထွန်းတင်-ဒေါ်အေးမေ)၊ ဦးကြီးမောင်-ဒေါ်သန်းတင့်တို့၏အစ်ကို၊ ဒေါ်မာလာရီ၏ခင်ပွန်း၊ ကိုကျော်မျိုးလွင်၊ ကိုနေမျိုးလွင်၊ မမြတ်စုဝင်းလွင်တို့၏ဖခင်၊ မမွန်းမွန်း၏အဘိုးသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်မြခင် (ပုလောမြို့)

**အသင်းဝင်အမှတ်-၂၈၆၃**

**အသက်(၆၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ရှမဝ ၂လမ်းနေ ဒေါ်မြခင်သည် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

သင့်သွေးဖြင့် အသက်ကယ်ပါ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဉာဏ

**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျတ်ထိုးအုပ်စု၊ ကျတ်ထိုးကျေးရွာ ရွှေမြင်းတင်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တဉာဏ အရှင်သူမြတ်သည်(၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

မန္တလေးအောင်ပင်လယ် ဝါဆိုဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တစန္ဒမဟာထေရ် (ကွမ်ဖော်ကျောင်း)

**ကျေးရွာသံဃမဟာနာယက ဥက္ကဋ္ဌ**

**ပိုင်ကျုံမြို့နယ်ခွဲ၊ ကရင်ပြည်နယ်**

**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကွမ်ဖော်ရွာ၌ သီတင်းသုံးနေထိုင်တော်မူသော ကွမ်ဖော်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒမဟာထေရ်သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၀၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) ၁၆-၂-၂၀၁၇ရက်တွင် စံကျောင်းတော်ချဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်၊ သံဃာတော်များအား၊ တပည့်ဒါယကာ၊ ဒါယိကာများ အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဦးလှထွန်း

**သတင်းထောက်ကြီး(ငြိမ်း)၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ**

**မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်**

**အသက်(၈၃)နှစ်**

ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ကြခပ်ရပ်နေ (ဦးမောင်ကျော်-ဒေါ်မြရီ)တို့၏သား၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာသစ်၊ (၁၃)နယ်မြေ၊ ကျောင်းလမ်းသွယ်၊ အမှတ် ၄၀နေ ဒေါ်သန်းအေး၏ခင်ပွန်း၊ ဦးတင်ညွန့်-ဒေါ်တင်နွဲ့၊ ဦးအုန်းမြင့်-ဒေါ်ခင်မြအေးတို့၏အစ်ကို၊ ဦးဝင်းနိုင်ဦး(MAB)-ဒေါ်ချိုချိုဦး၊ ဦးသောင်းဝင်း-ဒေါ်မျိုးသူဇာ၊ ဦးအောင်မြင့်(တောင်ကြီးသဘော်ာစားသောက်ဆိုင်)၊ ဦးမြတ်စံ၊ ဦးဇော်ထွန်း၊ ဦးကြည်ဆန်း-ဒေါ်သန်းသန်းထွန်းတို့၏ဖခင်၊ မမေဇင်ငြိမ်း(MAB)၊ မဇင်မာဝင်း(MAB)၊ မောင်ဥက္ကာ(ပနှစ်၊ Law)၊ မောင်ဝဏ္ဏအောင် (ဒုနှစ်၊ Chem)၊ မောင်ဉာဏ်လင်းအောင်(အထက-၁၊ လသာ)၊ မယဉ်မြတ်နိုးဦး(အထက-၂၊ လသာ)၊ မောင်လပြည့်အောင်(အထက-၁၊ လသာ)တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်မူမူဝေ(ခ) Shirley

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဗဟိုလမ်း၊ အနောက်ကြို့ကုန်းရိပ်သာ၊ တိုက်(၁)၊ အခန်း(၃)နေ (ဦးမင်းစိန်-ဒေါ်သိန်းသွင်)တို့၏သမီး၊ (ဦးလှမောင်- ဒေါ်အေးစိန်)တို့၏ချွေးမ၊ (ဦးလှခင်မောင်-ဒေါ်ခင်မာလာ)၊ (ဦးအောင်ကျော်ဇော)၊ (ဦးမင်းသိန်း)-ဒေါ်နန်းခမ်းမှတ်တို့၏ညီမ၊ ဦးအောင်ကြည်-ဒေါ်လွင်လွင်ဝေ၊ (ဦးဗညားမွန်)-ဒေါ်သွင်သွင်ဝေတို့၏အစ်မ၊ ဦးခင်မောင်သန့် - ဒေါ်ချစ်စနိုး၊ ဦးနေလင်းအောင်-ဒေါ်ဆွေဇင်မွန်တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ ဦးချစ်သိန်း(ခ)Morgan၏ချစ်လှစွာသောဇနီးသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မူမူလေးမောင်

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၃၃၊ လေးလွှာနေ ဒေါက်တာမောင်မောင် [Technical Consultant (RVK-Medi Tech Co.,Ltd. MPF-Pyin Oo Lwin စက်ရုံမှူး(ငြိမ်း)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင်]၏ဇနီး ဒေါ်မူမူလေးမောင်သည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်**
**ဝန်ထမ်းများ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်များ၏ကဏ္ဍသည် အရေးပါ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစီးပွားရေးဇုန်များအတွက် လမ်းညွှန်မှုများ ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်များ၏ကဏ္ဍသည် အရေးပါသည့်အတွက် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ် (သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွက် ပေးအပ်သော လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများ နှစ်ဖက်အဖွဲ့အစည်းထံ မျှမျှတတထောက်ပံ့ပေးအပ်သွားမည်




ရခိုင်ပြည်နယ်အတွက် မလေးရှားနိုင်ငံအစိုးရ၏ လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသည့်သင်္ဘော ဆိပ်ကမ်းသို့ ဆိုက်ကပ်စဉ်

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မလေးရှားနိုင်ငံအစိုးရက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ပေးအပ်သော ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများကို နှစ်ဖက်အဖွဲ့အစည်းထံ မျှမျှတတ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုး အထောက်အကူပြု သင်ခန်းစာ**

အချပ်ပိုစာမျက်နှာ (က၊ ခ၊ ဂ)တွင် ဖော်ပြပါရှိသည်

**ပင်လုံမြေမှာ သက်သေတည်၊ သွေးစည်း ညီညွတ်မည်**

*စာမျက်နှာ-၆*



# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုး အထောက်အကူပြု သင်ခန်းစာ

ဒေါက်တာထွန်းကို၊ ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းတက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီးအပိုင်းကြီး (၅)ပိုင်းပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ဖြစ်တယ်။အဲဒီအထဲမှာအပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများ ရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀)ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ)အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာမေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထိုနည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်း အမှတ် (၆၀)ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း (စ) မေးခွန်း ၁၄ (က)မှာ စကေးနှင့် ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးဖြေရမယ်။ မေးခွန်း ၁၄ (ခ)မှာ ကွန်တိုမြေပုံကိုလေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ်ပေးထားတယ်။ ဓမ္မဓိဋ္ဌာန်လိုပဲမဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကိုမှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဒါ့အပြင်ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာတည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာလူဦးရေ၊ လူမျိုးနှင့်မြို့ကြီးများပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ကုန်သွယ်ရေးလုပ်ငန်းများပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကိုမှား/မှန်၊ ကွက်လပ်ဖြည့်၊အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာစကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကိုတွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှလေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ - ပုံပြစကေးဖြစ်တဲ့စကေးကျဲ၊ စကေးစိပ်များတွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ်လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက် ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကိုအဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာစကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်"ကို သတိပြုရန်လိုအပ်တယ်။

တွက်ချက်တဲ့အခါ ရေးဆွဲရမဲ့မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကိုတိကျမှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများမှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို(၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဆိုပြီး(၂)မျိုး ထပ်မံ ခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ ပတ်သက်ပြီး သင်္ကေတများကို သိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့် အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာအစဉ်အမြဲ "၁"ဖြစ်ရမယ်။ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကိုသုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေး ပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင်စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂)ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃)စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမယ့်ပုံသေနည်း(က)ကတော့

Scale or RF = $\frac{f}{H}$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RFဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ကင်မရာဆုံတာ(focal length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ။ ကင်မရာဆုံတာ ၆လက်မ ဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကိုရှာပါ။

တွက်နည်း

ကင်မရာဆုံတာ(f)=၆လက်မ

ဓာတ်ပုံ၏စကေး(RF) = ၁း၆၀၀၀


ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H)=?

အသုံးပြုသောပုံသေနည်း RF= $\frac{f}{H}$

H = ၆ ×၆၀၀၀

= ၃၆၀၀၀လက်မ / ၁၂ လက်မ

H = ၃၀၀၀ ပေ



အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ၃၀၀၀

ပုံသေနည်း(ခ)ကတော့

Scale or RF = $\frac{f}{(A-h)}$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ကုန်းမြေအမြင့်(Height of theterrain)ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက်ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းတဲ့အမြင့်(A)မှ ကုန်းမြေအမြင့်(h)ကိုနုတ်ပေးခြင်းအားဖြင့်(H)ကိုရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။


တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(A)= ၁၂၀၀၀ ပေ

ကင်မရာဆုံတာ(f)= ၆လက်မ

တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး(RF) = ?



အသုံးပြုသောပုံသေနည်း Scale or RF = $\frac{f}{(A-h)}$

RF = ၆ လက်မ / ၁၂၀၀၀-၁၅၀၀ ပေ

= ၆ လက်မ / ၁၀၅၀၀-၁၂လက်မ

အချပ်ပို (ခ)သို့

အချပ်ပို (ခ)မှ

"က" မှ "ခ"သို့ ဖြတ်ပိုင်းပုံ




အလျားလိုက်စကေး ၁လက်မ ＝ ၁မိုင်

ဒေါင်လိုက်စကေး-၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ ＝ ၁၀၀၀'(အနီးဆုံး)

-ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင်ဇလားပုံ၊ ချောင်းငယ်များရဲ့နေရာမှာ V ပုံသဏ္ဌာန်အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာအလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့်ဖော်ပြနိုင်တယ်၊ ပထမနည်းကသချာ်နည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ကိန်းဂဏန်းအနက် (၉၂°) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီးကျန် (၂၈°) အောက် ၂ ခုဟာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းတွင်ရှိတယ်။


နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့်မြို့ပြ၊ ကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှဖြတ်စီးနေပါက"မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်"အကြမ်းအားဖြင့်ရေးနိုင်တယ်။အကယ်၍ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက"မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့်အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်" ဟုရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ဧရိယာကိုမြေပုံစကေးနဲ့အညီတွက်ချက်ပြီးစတုရန်းမိုင်နဲ့ဖော်ပြရမယ်။ ဥပမာမြေပုံ၏စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မရှိပါက စကေးအရမြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင်အသီးသီးရှိမယ်။ ဒါ့ကြောင့်ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်းဧရိယာဟာ (အလျား၄မိုင်×အနံ ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်းပါဝင်တာကိုဖော်ပြရာမှာမြေပုံမှာပါဝင်တဲ့မြို့ရွာ၊မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင်ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတယ်လို့ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကိုဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

"က" မှ "ခ" သို့ ဖြတ်ပိုင်း



အလျားလိုက်စကေး ၁" ＝ ၁ မိုင်

ဒေါင်လိုက်စကေး ၁" ＝ ၁၀၀၀ပေ

'က'နေရာသည် အမြင့်ပေ(၃၀၀)အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ ဆက်ရာ ဆားပွက်ချောင်းနှင့် ချောင်းငယ်များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ ပေ၃၀၀နှင့် ပေ ၄၀၀ ကွန်တိုမျဉ်းများကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ 'ခ' မှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပ ပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃'အတွင်းနှင့်အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ(၂၀. ၆၂)စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်း တွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ(၄၃၈)ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ(၂၀၀)ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏လေးပုံတစ်ပုံမှာဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီးမြစ်အတွင်းသဲသောင်များ၊ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကိုတွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွက်ချောင်း စီဆင်းပြီး ချောင်းအတွင်းသဲများတွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများ တွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ (၃၀၀)အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့်အပူချိန်များသောဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း ၊မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကို ရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့် ကျေးရွာအများအပြားတွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိရွာများတွင် လူနေသင့်တင့်၍ ဆားပွက်ချောင်းအရှေ့ဘက်ရှိတောင်ကုန်းပိုင်းတွင်လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာမင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီရှိ မီးတောင်ရှိခြင်းတို့ကြောင့်ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ-ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာပိုင်းများ (ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ)ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး** မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း** ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး** ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း** မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့်ရေကြောင်းလမ်းကိုအဓိကအသုံးပြုဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့်ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်းဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် ရေနံချောင်းသို့၊ တောင်ဘက် မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့် သွားလာနိုင်သည်။ ထို့ကြောင့် ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများ တွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်းများစွာလိုအပ်တယ်၊ ဒါကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။

